www.burmeseclassic.com

JOURNALIST PUBLISHING

# အာဏာရှင်ကြီး၏ ဆောင်းရေးများ

ရေးသားပြုစုသူ

ဒုပိုလ်မှူးကြီးကြည်ဆွေ (ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com

14 JUL 2015

# အာကာသရှင်ကြီး၏
# အလည့်ဖြေးပွား

ရေးသားပြုစုသူ

ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | (ပထမအကြိမ်) ဇူလိုင်လ၊ ၂၀၁၅ ခုနှစ် |
| မျက်နှာဖုံးဒီဇိုင်း | - | အောင်မျိုး (Rays) |
| စာအုပ်အပြင်အဆင် | - | အေးဖြူအောင် |
| စာစီ | - | စုစုဝင်း |
| ထုတ်ဝေသူ | - | ဦးစိုင်းမြင့်ဝင်း<br>Journalist Publishing<br>(မြ ၀၀၀၃၅)<br>အမှတ် ၃၅၊ အာသာဝတီလမ်း၊<br>၄၀ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊<br>ရန်ကုန်မြို့။ |
| အတွင်းဖလင် | - | ကိုဦး |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - | ဦးမျိုးမြင့်ကျော် (မြတ်ထက်ဟိန်း)ပုံနှိပ်တိုက်<br>တိုက် (၈)၊ အခန်း (၀၀၄)၊<br>ပုဇွန်တောင်ဥယျာဉ်အိမ်ယာ၊ လိပ်ကန်လမ်း<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | - | မဇ္ဈိမစာပေ<br>၃၉ လမ်း(အပေါ်)၊ ဖုန်း - ၀၁ ၃၉၂၈၃၅ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

"စာအုပ်ကတ်တလောက်အညွှန်း" (CIP)

ဒုဗိုလ်မှူးကြီးကြည်ဆွေ (ငြိမ်း)
အာဏာရှင်ကြီး၏ အတွင်းရေးများ/ရန်ကုန်
ဂျာနယ်လစ်စာပေ၊ ၂၀၁၅။
၂၄၀-စာ၊ ၁၃ စင်တီ × ၂၁ စင်တီ။
(၁) အာဏာရှင်ကြီး၏အတွင်းရေးများ
ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)


www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနိုင်ငံတွင် တစ်ကြိမ်တစ်ခါမှ တရားဝင်ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးသည့် "အာဏာရှင်ကြီး၏ အတွင်းရေးများ"

သူ့လိုလူစာအုပ်သည် တပ်မတော်အရာရှိဟောင်း ဒုဗိုလ်မှူးကြီး ကြည်ဆွေ(ငြိမ်း) ၏ဘဝနှင့်ရင်း၍ ရေးသားခဲ့သည့်စာအုပ်ဟု ဆိုလျှင်မှားမည် မထင်ပါ။ ၁၉၈၈ ခုနှစ် လူထုအရေးအခင်းဖြစ်လုဖြစ်ခင်အချိန်၌ ဗိုလ်ချုပ်ကြီး နေဝင်းနှင့်ပတ်သက်သည့် အတွင်းရေးသတင်းများ၊ တပ်မတော်အတွင်း ထောက်လှမ်းရေးအဖွဲ့ကြီးအား ဗိုလ်ချုပ်ကြီးနေဝင်းကိုင်တွယ်ဖြေရှင်းခဲ့ပုံများ၊ စီးပွားရေးနှင့်ပတ်သက်၍လည်း ဗိုလ်ချုပ်ကြီးနေဝင်း၏ တလွဲအသုံးချမှုများနှင့် ကမ္ဘာ့စီးပွားရေးကိုမဆိုလင့် အခြေခံမြန်မာ့စီးပွားရေးကိုပင် နားမလည်ခဲ့ခြင်းကြောင့် မြန်မာပြည်သည် ဆင်းရဲမွဲတေမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟု တပ်မတော်အရာရှိဟောင်း ဒုဗိုလ်မှူးကြီးကြည်ဆွေ (ငြိမ်း) က လွန်ခဲ့သည့် နှစ်ပေါင်း ၂၈ နှစ် က သုံးသပ်ရေးသားခဲ့သည့် စာအုပ်ဖြစ်ပါသည်။ ဒုဗိုလ်မှူးကြီးကြည်ဆွေ (ငြိမ်း) က ထိုအချိန်က ခေတ်အခြေအနေနှင့် မြန်မာပြည်နိုင်ငံရေး ရေစီးကြောင်းအား ထင်သာမြင်သာရှိစေရန် မီးမောင်းထိုးရေးသားဖွင့်ချခဲ့ခြင်းဖြစ်ပါသည်။ ယနေ့အချိန်ကာလထိပင် စာအုပ်ပါအချက်အလက်များက သမိုင်းကိုသက်သေခံနေမည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ဒုဗိုလ်မှူးကြီးကြည်ဆွေ (ငြိမ်း) သည် စစ်ကြောရေးတွင် စစ်ဆေးခံရသည့် ထောင်တွင်းရောဂါဝေဒနာများကြောင့် ၁၉၉၉ ခုနှစ် မေလတွင် ကွယ်လွန်သွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ သူ့လိုလူစာအုပ်ကို ဒုဗိုလ်မှူးကြီးကြည်ဆွေ (ငြိမ်း) ၏သား ဖြစ်သူ (ဦး)တိုးကြည်ဆွေက အာဏာရှင်ကြီး၏အတွင်းရေးများ အမည်ဖြင့် ဂျပန်နိုင်ငံ၌ပြန်လည်ထုတ်ဝေခဲ့ဖူးပါသည်။

မိသားစုဘဝနှင့် မိမိအသက်ကိုပင် မငဲ့ညှာမထောက်ထားဘဲ ရေးသား ဖြန့်ချိခဲ့သူ ဒုဗိုလ်မှူးကြီး ကြည်ဆွေ(ငြိမ်း) ကွယ်လွန်ခြင်း ၁၈ နှစ်ပြည့်အတွက် မှတ်မှတ်ရရ လိုလိုလားလားထုတ်ဝေခွင့်ပေးသူ ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း) (ငြိမ်း) ၏ သားများဖြစ်ကြသည့် ဦးတိုးကြည်ဆွေ၊ ကိုသတိုးကြည်ဆွေ တို့က စာမူအား ပြန်လည်ထုတ်ဝေခွင့်ပေးသည့်အတွက် ဂျာနယ်လစ်စာပေမှ အထူး ကျေးဇူးတင်ရှိပါသည်။

ဂျာနယ်လစ်စာပေ



www.burmeseclassic.com

www.burmeseclassic.com

## ကိုသတိုးကြည်ဆွေနှင့် ဂျာနယ်လစ်စာပေအင်တာဗျူး

**ဂျာနယ်လစ်စာပေ** - အစ်ကိုအဖေဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)တပ်မတော်က အနားယူလိုက်တဲ့အကြောင်း ပြောပြပေးပါ။ ဘယ်လိုကြောင့် အနားယူလိုက်ရတာလဲ။

**ကိုသတိုးကြည်ဆွေ** - မျက်မှန်ကြီးလို့ခေါ်ကြတဲ့ ဗိုလ်မှူးချုပ်တင်ဦးကို ဖမ်းလိုက်တော့ သူ့ရဲ့တပည့်ဆိုပြီးတော့ အဖေ့ကိုပါ တပ်မတော်က ထုတ်ပစ်လိုက်တာပေါ့။ အဲဒီမှာ ထောက်လှမ်းရေးကလူတွေ အကုန်ထွက်ရတယ်။ အငြိမ်းစားလစာမရတဲ့သူတွေလည်း မရှားဘူး။ ဖေဖေ့ကိုကျတော့ အငြိမ်းစားလစာတော့ပေးတာပေါ့။ အတင်းလက်မှတ်ထိုးခိုင်းတာပေါ့။ ကျွန်တော့်အား အငြိမ်းစားယူခွင့်ပြုပါရန် တင်ပြပါသည်ဆိုပြီး ကိုယ်ကပဲ ထွက်တဲ့ပုံစံမျိုးနဲ့ပေါ့။

**ဂျာနယ်လစ်စာပေ** - သူ့လိုလူစာအုပ်ကို ဘယ်အချိန်လောက်ကတည်းက ရေးသားခဲ့တာလဲ။ ဘယ်လိုအချိန်မှာ လူထုကြားထဲရောက်အောင် ဖြန့်လိုက်တာလဲ။

**ကိုသတိုးကြည်ဆွေ** - သူ့လိုလူစာအုပ်ကိုဖေဖေကရေးတာတော့ ရှစ်လေးလုံးလူထုအရေးတော်ပုံကြီးမဖြစ်ခင် … ဟုတ်တယ် ဩဂုတ်လမတိုင်ခင်မှာ ရေးတာပဲ။ ရေးပြီးတော့ ပုံနှိပ်ဖို့ဖမ်းမှာဆီးမှာကြောက်ရတော့ မေမေ့တပည့်တစ်ယောက်က ပုံနှိပ်ပေးတယ်။ ပုံနှိပ်နေတုန်းပဲ နဝတ ကအာဏာသိမ်းတယ်ဆိုတော့ ဖေဖေက ထုတ်ရင်ကောင်းမလား မထုတ်ရင်ကောင်းမလား စဉ်းစားသေးတယ်။ နောက်တော့ ပြည်သူလူထုသိသင့်တယ်၊ တိုင်းပြည်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ငါရေးသင့်တယ်၊ ငါ့ကိုဖမ်းချင်ဖမ်းပလေ့စေ၊ သတ်ရင်လည်းငါခံမယ်ဆိုပြီး အဲဒီစိတ်နဲ့ဖြန့်လိုက်တာပါ။

**ဂျာနယ်လစ်စာပေ** - စစ်အစိုးရအုပ်ချုပ်တဲ့အချိန်မှာဒီလိုလုပ်ရင် ဒီလိုဖြစ်မယ်ဆိုတာ သိလျက်နဲ့ ရေးခဲ့ဖြန့်ခဲ့တာဆိုတော့ မိသားစုဝင်တွေက မတားကြဘူးလား။

**ကိုသတိုးကြည်ဆွေ** - အဲဒီတုန်းက မိသားစုဝင်တွေကလည်း မတားဘူးဗျ။ မေမေကလည်းဘာမှမပြောဘူး။ အဲဒီစာအုပ်ကိုဖြန့်လိုက်တော့ စက်တင်ဘာ ၁၈ အာဏာသိမ်းပြီး ဘယ်သူဖြန့်မှန်းမသိသေးဘူး။ အဲဒီမှာ ထောက်လှမ်းရေးက ထွက်ထားတဲ့ လူဟောင်းတွေကို လိုက်ဖမ်းသေးတယ်ပြောတယ်။ ဖေဖေက နာမည်မခံဘဲ တပ်မတော်အရာရှိဟောင်းတစ်ဦးဆိုပြီး ရေးလိုက်တာ။ နောက်တော့မှ ဖေဖေ့ဆီ ရောက်လာတာ။

**ဂျာနယ်လစ်စာပေ** - ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)ပေါ့။ အစ်ကို့အဖေကို လာဖမ်းတုန်းက အခြေအနေ ဘယ်လိုပုံစံမျိုးနဲ့ ဘယ်လိုသိပြီး လာဖမ်းသွားတာလဲ။

**ကိုသတိုးကြည်ဆွေ** - လာဖမ်းတော့ ကျွန်တော်တို့က ပြည်ထောင်စုရိပ်သာမှာနေကြတာ။ အမှန်ကဖေဖေက အငြိမ်းစားယူပြီးပြီဆိုတော့ အဲဒီ ပြည်ထောင်စုရိပ်သာကနေပြောင်းပေးရမှာ။ လောလောဆယ် အငြိမ်းစားယူပြီး အိမ်မရှိလို့ ခဏနေနေသေးတာပေါ့။ ဖေဖေ့ကိုလာဖမ်းတဲ့အဲဒီနေ့က လပြည့်နေ့ကြီးပဲဗျ။ တီဗီမှာ လမင်းတစ်ရာအငြိမ့်ဆိုပြီးတော့ ပြနေသေးတယ်။ သူတို့က တီဗီပြီးတော့မှ အိမ်ပေါ်တက်လာတာ။ စစ်ထောက်လှမ်းရေးကရိုးရိုး အရပ်ဝတ်နဲ့ပါတယ်။ ဗိုလ်ကြီးအပွင့်နဲ့သုံးယောက်လောက်ပါတယ်။ နောက် လက်နက်အပြည့်အစုံနဲ့ သူပုန်ကိုလာဖမ်းတာကျနေတာပဲ။ ကျွန်တော်တို့ ဧည့်စာရင်းစစ်ပါရစေတဲ့။ ပြီးတော့ အိမ်ထဲကို ကျွန်တော်တို့ ရှာပါရစေတဲ့။ အဲဒီတုန်းက အိမ်မှာဖေဖေ ရေးတဲ့ သူ့လိုလူဆိုတဲ့ အဲဒီစာအုပ်တစ်အုပ်ရှိသေးတယ်။ အဲဒီစာအုပ်ကို သူတို့က တွေ့သွားတယ်။ အဲဒါကိုတွေ့တော့ သူတို့က ဖေဖေ့ကိုလိုက်ခဲ့ပါဆိုပြီး ခေါ်သွားတာပဲ။ ဖေဖေကနောက်ပိုင်းပြန်လွတ်လာပြီးတော့မှ ပြောပြတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းခေါ်သွားတုန်းက တီအီးအယ်လဗင်းကားကြီးပေါ်မှာ ဆောင့်ဆောင့်ကြီးထိုင်ပြီးတော့ လက်မနှစ်ခုကိုလက်ထိပ်ခတ်ပြီး လိုက်သွားရတယ်တဲ့။ သေနတ်တွေနဲ့လည်း ဝိုင်းချိန်ထားတာတဲ့။ ဖေဖေက သူတို့ထောက်လှမ်းရေးလုပ်တုန်းက ဗိုလ်မှူးအဆင့်ကိုတောင်မှ ဆလွန်းကားနဲ့ ခေါ်တာတဲ့။ ဖေဖေ့ကိုလာဖမ်းတဲ့ညက အောက်ထပ်လိုင်းခန်းက လူတွေကပြန်ပြောပြတာ တိုက်ကြီးကို ဝိုင်းထားတာတဲ့။ နောက်ပြီး ပြည်ထောင်စုရိပ်သာကြီးတစ်ခုလုံးကိုလည်း ဝိုင်းထားသေးတယ်တဲ့။ ရောမရာဇဝင်လူဆိုးကြီးကို လာဖမ်းတာကျနေတာပဲ။

ဂျာနယ်လစ်စာပေ - ဖမ်းသွားပြီးတော့ ဘယ်အချိန်မှာ ပြန်လွတ်လာလဲ။ ထောင်ထဲမှာနေရတဲ့ အခြေအနေလေးတွေပါ သိသလောက် ပြန်ပြောပြပေးပါဦးဗျ။

ကိုသတိုးကြည်ဆွေ - ဖေဖေက ဗိုလ်ချုပ်မှူးကြီးစောမောင်လက်ထက် ၁၉၉၂ ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာတာပေါ့။ ဗိုလ်ချုပ်ခင်ညွန့်ကလည်း သူ့လူတွေ ကို ထောင်ထဲလွှတ်ပြီးတော့ ဖေဖေ့ကို ဘာလိုလဲဆိုပြီး မေးခိုင်းတယ်တဲ့။ ဗိုလ်ချုပ်ခင်ညွန့်က ဗိုလ်မှူးကြီးရဲ့တပည့် ဖြစ်ခဲ့ဖူးပါတယ်တဲ့။ ဗိုလ်မှူးကြီးက မမှတ်မိပေမယ့် ဗိုလ်ချုပ်ခင်ညွန့်က မှတ်မိပါတယ်တဲ့။ ထောင်ထဲမှာ ဖေဖေ့ကို တစ်ယောက်တည်း တစ်ခန်းသပ်သပ်ထားတယ်။ သူများတွေကိုတော့ လေးယောက်တစ်ခန်းထားတာတွေရှိတယ်။ အဲဒီတုန်းက ထောက်လှမ်းရေးကပဲ ထောင်ကို လွှမ်းမိုးထားတာကိုး။ ထောင်က အကျဉ်းဦးစီးဌာန ဒုညွှန်ချုပ် ဒုဗိုလ်မှူးကြီးအုန်းဟန် ကလည်း ဖေဖေ့သူငယ်ချင်းပဲ။ ဒါပေမယ့် ခြင်ထောင်တွေ စောင်တွေဘာတွေ ဘာမှပေးခွင့်မရဘူး။ ကွပ်ပျစ်လေးနဲ့ပဲ ထားတယ်တဲ့။

ဂျာနယ်လစ်စာပေ - ထောင်ကလွတ်လာပြီးတော့ ဘာရောဂါနဲ့ ဘယ်နှခုနှစ်မှာ ဆုံးသွားတာလဲ။

ကိုသတိုးကြည်ဆွေ - ဖေဖေထောင်ကလွတ်လာပြီးတော့ နည်းနည်း ကျန်းမာရေးကောင်းနေသေးတယ်။ နောက်ပိုင်းဆီးသွားလို့မရဘူး။ ဆီးကျိတ်ရောဂါ စဖြစ်တာပေါ့။ ဖေဖေဆုံးတော့ ဆီးကျိတ်ရောဂါတင်မကဘူး အရိုးကင်ဆာပါဖြစ်


www.burmeseclassic.com

www.burmeseclassic.com



သွားသေးတယ်။ ၁၉၉၇ ခုနှစ် မေလမှာဆုံးသွားတာပါ။

ဂျာနယ်လစ်စာပေ - အစ်ကို့အဖေ ထောင်ကျအဖမ်းခံထားရတဲ့အချိန်မှာ မိသားစုဝင်တွေကရော ဘယ်လိုဖိအားပေးခံခဲ့ရလဲ။

ကိုသတိုးကြည်ဆွေ - ဖေဖေ့ကို ဖမ်းသွားပြီးတော့ မေမေကနိုင်ငံခြား ဘာသာသိပ္ပံ။ ကထိကဌာနမှူးပေါ့။ မြန်မာစာဌာနက။ အဲဒီကနေမှ စစ်တွေတက္ကသိုလ် ဌာနမှူးဆိုပြီးတော့ ပြောင်းလိုက်တယ်။ မေမေကအဲဒီတုန်းက စစ်တွေကနေ ရန်ကုန်ကို ခဏခဏပြန်လာရတာပေါ့။ အိမ်ကိုလည်း စိတ်မချလို့ဆိုတော့ လေယာဉ်ခတွေလည်း ကုန်တာပေါ့။ ဖေဖေထောင်ကျနေတဲ့အချိန် ထောက်လှမ်းရေးက သူတွေက ဖေဖေ့ကို လာလာတွေ့တယ်။ ဗိုလ်မှူးကြီး ဘာလိုလဲပေါ့။ ဖေဖေက ဘာမှမလိုဘူးပဲပြောတာပေါ့။ တခါကျတော့ ဖေဖေက ငါ့မိန်းမကိုတော့ စစ်တွေကနေ ရန်ကုန်ကိုပြန်ရွှေ့ပေးရင်ကောင်းမယ်လို့ ပြောလိုက်တယ်။ အဲဒီနောက်ပိုင်း သူတို့ရေးမှတ်သွားပြီး မေမေ့ကိုရန်ကုန်တက္ကသိုလ်ကို ပြန်ပြောင်းပေးလိုက်တယ်။ မေမေကက တွဲဘက်ပါမောက္ခ(ဌာနမှူး)နဲ့ နိုင်ငံခြားဘာသာသိပ္ပံ (ယခု နိုင်ငံခြားဘာသာတက္ကသိုလ်) ကနေ အသက် ၆၀ ပြည့်လို့ အငြိမ်းစားယူလိုက်ရတာပေါ့။ ဖေဖေ့ကို ဖမ်းသွားတုန်းက ကိုမိုးကြည်ဆွေကိုလည်း ဖမ်းသွားတယ်။ နှစ်ပတ်လောက်စစ်ဆေးပြီးမှ ပြန်လွှတ်လိုက်တယ်။ ဖေဖေ ထောင်ကျနေတဲ့အချိန်မှာပဲ ကျွန်တော့်အစ်ကို ကိုမိုးကြည်ဆွေက နိုင်ငံခြားမှာ အလုပ်သွားလုပ်ဖို့ လုပ်သေးတယ်။ ပတ်စ်ပို့စ်မပေးဘူးဗျ။ ဖေဖေမလွှတ်ခင်ထိကတော့ ကျွန်တော်တို့ အိမ်ကို ထောက်လှမ်းရေးက စောင့်စောင့်ကြည့်နေတာပဲ။ တစ်ချို့ မိတ်ဆွေတွေကတော့ ဖေဖေ့ကို ဖမ်းထားလို့ အိမ်ကိုမလာရဲတော့ဘူး။ ကိုတိုးကြည်ဆွေကတော့ ဂျပန်ကို ဖေဖေဆုံးပြီးမှထွက်သွားတာပေါ့။

ဂျာနယ်လစ်စာပေ - ဒီသူ့လိုလူဆိုတဲ့စာအုပ်က အဲဒီအချိန်တုန်းက ဘယ်လောက်ထိ ပျံ့နှံ့သွားခဲ့လဲ။ အစ်ကို့အဖေရဲ့ရည်ရွယ်ချက်အတိုင်း စာအုပ်က အထမြောက်ခဲ့တယ်လို့ ပြောလို့ရမလား။

ကိုသတိုးကြည်ဆွေ - ဒီဖေဖေရေးခဲ့တဲ့ သူ့လိုလူစာအုပ်က အဲဒီတုန်းက



www.burmeseclassic.com

www.burmeseclassic.com



တော်တော်တော့ ပျံ့သွားတယ်။ ဖေဖေ၊ မေမေတို့နဲ့ ခင်မင်သူတွေ၊ ကျွန်တော့် သူငယ်ချင်းတွေ တော်တော်များများက အဲဒီစာအုပ်ကို ဖြန့်ပေးကြပါတယ်။ တချို့နေရာတွေမှာဆို စာအုပ်မရတော့လို့ အသံသွင်းပြီးတော့ တိတ်ခွေနဲ့ပြန် ဖြန့်တာတွေရှိခဲ့တယ်လို့ သိရပါတယ်။ နောက် ဘီဘီစီသတင်းဌာနကိုလည်း ရောက်သွားတယ်ပြောတယ်။ ဘီဘီစီကနေမှ အခန်းဆက် ဆောင်းပါးအနေနဲ့ ပြန်လွှင့်သေးတယ်ပြောတယ်။ ဒီစာအုပ်နဲ့ပတ်သက်ပြီး ဖေဖေကသူ့ရည်ရွယ်ချက် အထမြောက်အောင်မြင်တယ်လို့ ပြောရမှာပဲ။

ဂျာနယ်လစ်စာပေ - ဒီနေ့လိုလွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်ရတဲ့အချိန်မှာ အစ်ကို့ရင်ထဲကဆန္ဒ၊ တပ်မတော်အရာရှိဟောင်း၊ ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)ရဲ့ သားတစ်ယောက်အနေနဲ့ အစ်ကိုဘာပြောချင်လဲ။ ဒီစာအုပ်နဲ့ပတ်သက်ပြီး။

ကိုသတိုးကြည်ဆွေ - အမှန်ကတော့ ဖေဖေကဒီစာအုပ်ရေးလို့ ထောင်ကျတာပေါ့လေ။ ရေးတာကတော့ ဦးနေဝင်းအကြောင်းရေးတာပေါ့။ အမှန်တော့ နဝတခေတ်မှာ ဦးနေဝင်းနဲ့ သူတို့မဆိုင်ဘူးဆိုပြီးတော့ ကြေညာတယ်လေ။ ဦးနေဝင်းက နဝတကို ကြိုးကိုင်နေတယ်ပေါ့။ နဝတကလည်း ဦးနေဝင်းနဲ့ ဘာမှမဆိုင်ဘူးပေါ့ ကြေညာတယ်။ တကယ်သာ မဆိုင်ဘူးဆိုရင် ဦးနေဝင်း အကြောင်း ရေးလို့ ဖမ်းစရာအကြောင်းမရှိဘူးလေ။ မဖမ်းသင့်ဘူး။ အခုဟာက ဦးနေဝင်းက နောက်က ကြိုးကိုင်နေတာသိသာထင်ရှားတယ်ပေါ့။ ဘာပဲဖြစ်ဖြစ် ဒီစာအုပ်ရေးလို့ ဖေဖေလည်း အသက်တိုရတာပေါ့လေ။ ထောင်ကျလို့ပေါ့။ ထောင်သာမကျရင် ဖေဖေလည်းအခုချိန်ထိရှိနေဦးမှာပါ။ ဒီထောင်ကျသွားလို့သာ ရောဂါဖြစ်ရတာ။ အာဏာရှင်စနစ်ကြောင့် ဖြစ်သွားရတာပေါ့လေ။ ဒီစာအုပ်ပေါ်လာရတာလည်း အာဏာရှင်စနစ်ကြောင့်ပဲပေါ့။ ဖြစ်စေချင်တာ ကတော့စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံဖြစ်စေချင်တယ်။ အာဏာရှင်စနစ်နဲ့ ဆက်သွား နေသမျှ ဒီတိုင်းပြည်ကဖွံ့ဖြိုးတိုးတက်မှာမဟုတ်ပါဘူးလို့ပဲ ပြောချင်ပါတယ်။

၃၀-၃-၂၀၁၅



www.burmeseclassic.com

www.burmeseclassic.com

## "အာဏာရှင်ကြီး၏အတွင်းရေးများ"
## စာအုပ်ပေါ်ပေါက်လာသည့် အကြောင်း

၁၉၈၈ခုနှစ် ဖွန်လ၌ကျင်းပသော မဆလပါတီညီလာခံ၌ ပါတီဥက္ကဋ္ဌ ဖြစ်သူ ဦးနေဝင်းက ပြည်သူများမှ စီးပွားရေး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို "စစ်တပ်ဆိုတာ မိုးပေါ်ထောင်မပစ်ဘူး" ဟု ကြေညာခဲ့သည့်အတိုင်း၊ ပြည်သူ များအား စစ်တပ်ကိုအသုံးပြု၍ ရက်စက်စွာသတ်ခဲ့သည်။ ဦးနေဝင်းသည် အာဏာရှင်ဖြစ်ကြောင်း ကမ္ဘာအားကြော်ငြာလိုက်သည်။ သို့သော်လည်းမြန်မာ နိုင်ငံ၌ အာဏာရှင်ကြီး၏ အုပ်ချုပ်ရေးနှင့် ၄င်း၏အတွင်းရေးကို အသေးစိတ်အား ပြည်သူများ လေ့လာနိုင်ရန် ရေးသားသည့် စာအုပ်စာတမ်းရှားပါးသည်။ ၄င်း အကြောင်းနှင့်ပတ်သက်၍ရေးသားသည့် စာတမ်းများမှာလည်း ဒေါက်တာ မောင်မောင်မှအစ ဘုန်းတော်ဘွဲ့များကိုသာ ရေးသားကြသည်။ ထို့အပြင် ဦးနေဝင်းနှင့် ပတ်သက်လျှင် အရာရာကို စစ်ထောက်လှမ်းရေးမှ ချုပ်ကိုင်ထား သည်။ ထို့ကြောင့် ဦးနေဝင်း၏ နိုင်ငံရေးပုဂ္ဂိုလ်ရေးရာ စသည်တို့သည် ပဟေဠိပမာ ဖြစ်ရတော့သည်။

မြန်မာနိုင်ငံ၌ ရှစ်လေးလုံးစသည်နှင့် ဂျပန်နိုင်ငံ၌လည်း ဒီမိုကရေစီ လှုပ်ရှားမှုပေါ်ပေါက်လာသည်။ မြန်မာနိုင်ငံသားများအသင်း၊ ဂျပန် ပေါ်ပေါက် လာသည်။ ထိုအချိန်၌ ယိုးဒယားနိုင်ငံမှတစ်ဆင့် စာမူကော်ပီတစ်စောင် မြန်မာ နိုင်ငံသားများအသင်း၊ ဂျပန်ပြည်သို့ရောက်လာသည်။ တပ်မတော်အရာရှိဟောင်း၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးမှ ရေးသည်ဟုဖော်ပြထားသည်။ မည်သူမည်ဝါမသိကြ ဖတ်ကြည့်ကြသည်အခါ မြန်မာနိုင်ငံ၏စစ်အာဏာရှင်စနစ်ကို ပိုမိုသဘောပေါက်သည်။ ထို့အပြင် မြန်မာ့နိုင်ငံရေးသမိုင်းအတွက် အရေးကြီးသော စာတမ်းတစ်စောင်ဟု တာဝန်ယူသူများက သဘောပေါက်ကြသည်။ ထို့ကြောင့် ထိုစာတမ်းအား ကော်ပီပွား၍ နိုင်ငံတကာသို့ ဖြန့်ခဲ့ကြသည်။ 'သူလိုလူ'ဟု ခေါင်းစဉ်သာပါလာသဖြင့် စာအုပ်နာမည် 'သူလိုသူ' ဖြင့် ထုတ်ဝေခဲ့သည်။ ပထမခေါင်းစဉ်မှာ "အာဏာရှင်ကြီး၏ အတွင်းရေးများ" ဖြစ်ကြောင်း ဤစာအုပ်ထုတ်ဝေမှ သိရသည်။

ကျွန်တော်သည် နိုင်ငံရေးသိပ္ပံပညာကို ဆည်းပူးနေသူဖြစ်သဖြင့် ထိုစာတမ်းအား ဂရုစိုက်၍ သိမ်းဆည်းထားခဲ့သည်။ နဝတမှ အာဏာသိမ်း၍ စာရေးသူအားဖမ်းဆီးသွားကြောင်းနှင့် စာရေးသူမှာ ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း) ဖြစ်ကြောင်း သိခဲ့ရသည်။

ဤစာတမ်းအား ပြည်သူအများ ဖတ်သင့်သည်ဟုထင်သည်။ သို့သော် ထုတ်ပိုင်ခွင့်မရှိ၍ မထုတ်နိုင်ခဲ့၊ နှစ်တွေသာကုန်ဆုံးသွားသည် စာတမ်းကကိုအတိုင်းအတူ ကော်ပီကူး၍ ဖြန့်ခဲ့ကြသော အခြားခေါင်းဆောင်သုံးဦးမှ နအဖဘက် ကူးသွားသည်။ စစ်အာဏာရှင်များ၏ ဘုန်းတော်ဘွဲ့ကို ရေးသားကြပြန်သည်။

ကျွန်တော်တို့နိုင်ငံရေး၌ ပတ်သက်ခဲ့ကြသည်မှာ ပုဂ္ဂိုလ်ရေးနာကျည်း၍ ပါခဲ့ကြသည်မဟုတ်၊ အာဏာရှင်စနစ်အား ပြောင်းလဲရန်အတွက်ဖြစ်သည်။ ပြောင်းလဲစေနိုင်သည်မှာလည်း ဒီမိုကရေစီ နည်းသာရှိပေသည်။ မြန်မာနိုင်ငံ၏ စစ်အာဏာရှင်စနစ် တစ်နည်းဆိုရလျှင် ထောက်လှမ်းရေးအာဏာအခြေခံသည့် နိုင်ငံရေးအား နားမလည်သော်၊ နိုင်ငံရေးမှားယွင်းမှုကို ကျူးလွန်နိုင်ရန် များပေသည်။ ထိုစနစ်အား ဝေဖန်ပိုင်းခြားရန် ဤစာတမ်းသည် တစ်စိတ်တစ်ဒေသအားဖြင့် လွန်စွာလိုအပ်ပေသည်။ ထုတ်ဝေရန် ရည်မှန်းချက်အား အကောင်အထည်ပေါ်လာရသည်မှာ တိုကျို၌ ဒု-ဗိုလ်မှူးကြီးကြည်ဆွေ၏သားနှင့် အမှတ်မထင်တွေ့ခဲ့ခြင်းကြောင့်ဖြစ်သည်။ ၄င်းကလည်း ကွယ်လွန်သွားသူ သူ့ဖခင်အတွက်ရည်စူး၍ ထုတ်ဝေချင်နေသည်။ သို့သော် စာမူကမရှိဖြစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုနည်းအားဖြင့် ဤစာတမ်းသည် ပေါ်ပေါက်လာရပေသည်။

အကြောင်းအမျိုးမျိုးကြောင့် ထုတ်ဝေရာ၌ ကြန့်ကြာနေမှုအတွက် စာဖတ်သူများအား အထူးတောင်းပန်အပ်ပါသည်။

ဒေါက်တာမင်းညို


www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးတည်းသော အကိုးကွယ်ခံ စစ်အာဏာရှင်ကြီးဘဝရောက်အောင် ဦးနေဝင်းအနေဖြင့် ဘယ်လိုညာဏ်နီညာဏ်နက်တွေထုတ်ပြီး စက်ပုန်းခုတ်သွားတယ်ဆိုတာ ဒီစာအုပ်ငယ်က ဖွင့်ချထားပါတယ်။

ဒီစာအုပ်ငယ်ရေးသားထုတ်ဝေခဲ့သူဒု-ဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း) ဟာ ဒီစာအုပ်ငယ်ကြောင့် ထောင်ဒဏ်ဆယ်နှစ် အပြစ်ပေးခံခဲ့ရပြီး ထောင်ကရရှိခံစားခဲ့ရတဲ့ ရောဂါဝေဒနာနဲ့ပဲ ကွယ်လွန်သွားရရှာပါတယ်။ သူ့ရဲ့မိသားစုဝင်များလည်း မကြာခဏခေါ်ယူ စစ်မေးခြင်းခံခဲ့ရပါတယ်။

"ဆိုရှယ်လစ်စနစ်ကို အမှန်ယုံကြည်မှုမရှိခဲ့သော ဦးနေဝင်းနှင့် အပေါင်းအပါတို့သည် အာဏာတည်မြဲရေးကိုသာ လုပ်ခဲ့ကြသဖြင့် ဘိန်းစားများက မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ရန် ကြွေးကြော်ခဲ့ကြသလိုသာဖြစ်ခဲ့ရပါသည်"

"ဦးနေဝင်းသည် ခွင့်လွှတ်နိုင်ဖွယ်မရှိသော အမှားကြီးများကို အကြိမ်ကြိမ် ကျူးလွန်ခဲ့ပြီး ဖြစ်ပါသည်။

ဆိုတဲ့ ဒု-ဗိုလ်မှူးကြီးကြည်ဆွေရဲ့ နိဂုံးချုပ်သတ္တုချချက်ဟာ အမှန်တရားကို ရှင်းရှင်းလင်းလင်း ထင်ဟပ်ပြလိုက်တာဖြစ်ပါတယ်။

ဝင်းခက်

အတွင်းရေးမှူး(ဟောင်း)

ဗဟိုတတ်သိပညာရှင်များအဖွဲ့(ယခင်)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရက်စွဲ-၂၀၀၃ စက်တင်ဘာလ



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ဤစာအုပ်ကို ထုတ်ဝေခဲ့စဉ်က ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း) ၏ သားကြီးဖြစ်သူ (ဦး)တိုးကြည်ဆွေ ရေးသားသည့်အမှာစာ

ဤကမ္ဘာတွင် စစ်အာဏာရှင်ကြီးများ၊ စစ်အစိုးရအဖွဲ့ဝင်များနှင့် အာဏာရှင်ကြီးများ၏ အာဏာတည်မြဲရေးကို အဓိကဆောင်ရွက်ရသော ထောက်လှမ်းရေးခေါင်းဆောင် အကြီးအကဲတို့၏ လုပ်ရပ်များသည်ပုံစံ အတူတူပင်ဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် ၁၉၆၂ခုနှစ် ဗိုလ်ချုပ်နေဝင်း စစ်အာဏာရှင်အဖြစ်၊ စစ်အာဏာသိမ်း၍ အုပ်ချုပ်နေစဉ်က ၁၉၈၃ ခုနှစ်အထိ စစ်ထောက်လှမ်းရေးအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသော ဗိုလ်မှူးချုပ်တင်ဦးနှင့်အတူ ဤစာရေးသူ ဒုဗိုလ်မှူးကြီးကြည်ဆွေ(တပ်မတော်အရာရှိဟောင်းတစ်ဦး) သည် စစ်ထောက်လှမ်းရေး ထိပ်တန်းပုဂ္ဂိုလ်တစ်ဦးအဖြစ် ၁၉၈၃ခုနှစ် ဩဂုလ်လ ၂၃ ရက်အထိ လက်တွဲတာဝန်ထမ်းဆောင်ခဲ့ရပါသည်။

အာဏာရှင်ကြီး ဗိုလ်ချုပ်ကြီးနေဝင်းက မြန်မာပြည်သားအပေါ် ရက်စက်စွာ နှိပ်ကွပ်သတ်ဖြတ်၊ တရားမဲ့ထောင်ချ၊ ကိုယ်တစ်ဦး ကောင်းစားရေး၊ ကိုယ်ကျိုးရှာ၍ ပြည်သူ့စည်းစိမ် ဥစ္စာများကိုခားပြတိုက်၊ ပြန်ပေးဆွဲ၊ ခိုးယူသည့် လုပ်ရပ်များကို ဖီးလ်မာရှယ် ဒုဗိုလ်မှူးကြီးကြည်ဆွေ (တပ်မတော်အရာရှိဟောင်းတစ်ဦး)သည် စစ်ထောက်လှမ်းရေး ထိပ်တန်းပုဂ္ဂိုလ်တစ်ဦးအဖြစ် ၁၉၈၃ ခုနှစ် ဩဂုတ်လ ၂၃ ရက်အထိ လက်တွဲတာဝန်ထမ်းဆောင်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အာဏာရှင်ကြီး ဗိုလ်ချုပ်ကြီးနေဝင်းက မြန်မာပြည်သားအပေါ် ရက်စက်စွာ နှိပ်ကွပ်သတ်ဖြတ်၊ တရားမဲ့ထောင်ချ၊ ကိုယ်တစ်ဦး ကောင်းစားရေး၊ ကိုယ်ကျိုးရှာ၍ ပြည်သူ့စည်းစိမ်ဥစ္စာများကိုစားပြတိုက်၊ ပြန်ပေးဆွဲ၊ ခိုးယူသည့် လုပ်ရပ်များကို ဖီးလ်မာရှယ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပုံတူလိုက်လုပ်နေသကဲ့သို့ ဗိုလ်ချုပ်ကြီးနေဝင်း အာဏာတည်မြဲရေးဆောင်ရွက်ခဲ့ရသူ ဗိုလ်မှူးချုပ်တင်ဦး၏ လုပ်ရပ်များသည် ယခုစစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လုပ်ရပ်များနှင့်အတူတူပင်ဖြစ်ကြောင်း၊ မြန်မာပြည်သူလူထုနှင့် ကမ္ဘာသားများ သိစေနိုင်ရန်အတွက် ဤစာအုပ်ကို ကျွန်တော်မှထပ်မံထုတ်ဝေလိုက်ရခြင်း ဖြစ်ပါသည်။ ဤစာအုပ်သည် မြန်မာပြည်သူများနှင့် ကမ္ဘာ့သူ ကမ္ဘာ့သားများက စစ်အာဏာရှင် ကြီးများကို ချုပ်ငြိမ်းစေပြီး၊ မြန်မာ့စစ်မှန်သော ဒီမိုကရေစီ အစိုးရ၊ ဒီမိုကရေစီနိုင်ငံ အောင်မြင်စွာတည်ထောင်နိုင်ရေးအတွက် စစ်အာဏာရှင် ကြီးများ၏ တကယ့်လုပ်ရပ်မှန်များကို အတွင်းကျကျ သိမြင်စေရန် ထိုးပြသော မီးမောင်းသမိုင်းကြီးဖြစ်ပါသည်။ ထို့ကြောင့် အာဏာရှင်စနစ်ဖျက်သိမ်းရေး အတွက် လွန်စွာ အရေးပါလှပါသည်။

ဤစာအုပ်ကိုရေးခဲ့သူ ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း) (တပ်မတော်အရာရှိ ဟောင်းတစ်ဦး) ၏ သားသမီး၄-ယောက်အနက် အကြီးဆုံးဖြစ်သည့် ယခု စာအုပ်ကိုထုတ်ဝေသူ ကျွန်တော်တိုးကြည်ဆွေသည် ၁၉၈၈ အရေးအခင်းပြီး အာဏာသိမ်းပြီးကာစ မြန်မာပြည်ရန်ကုန်မြို့တွင် စစ်ထောက်လှမ်းရေးများက စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းရန် ကြိုးစားသူ မြန်မာ့ဒီမိုကရေစီရရှိရေး ဆောင်ရွက်သူများကို လိုက်ရှာဖမ်းဆီးသတ်ဖြတ်နေစဉ် ဤစာအုပ်ကို အသက် စွန့်ကြိုးပမ်း၍ လူရင်းများလက်ဝယ်သို့ ရောက်နိုင်သမျှ ဖြန့်ဝေခဲ့ပါသည်။ စစ် အာဏာရှင်ကြီး၏ လက်ကိုင်တုတ်များက အသည်းအသန် လိုက်ရှာဖမ်းဆီး နေချိန်ဖြစ်၍ မဖတ်လိုက်ရသူက များပါသည်။ အချို့သာ ဖတ်လိုက်ကြ ရပါ သည်။စာအုပ်ဖြန့်ဝေပြီး မကြာမီမှာပင် ရေးသားထုတ်ဝေသူ ကျွန်တော်၏ဖခင် ဒုဗိုလ်မှူး ကြီးကြည်ဆွေအား စစ်ကား၊ တင့်ကားများဖြင့် ဝိုင်းဝန်း၍ အိမ်ပေါ် တက်ဖမ်းဆီးခံရပြီး စစ်ခုံရုံးမှ ပုဒ်မ၁၀(က)ဖြင့် ထောင်ဒဏ်(၁၀)နှစ်ချခံခဲ့ရ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တိုးကြည်ဆွေသည်လည်း ထိုစဉ်က လူဝင်မှုကြီးကြပ်ရေး အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေစဉ်ဖြစ်၍ ကျွန်တော်တို့ မိသားစုကို ဆွမ်ပရာဘွမ်၊ မောင်းတောနှင့် အခက်ခဲဆုံး အဆိုးဝါးဆုံးနေရာများသို့လည်း ကောင်း၊ ကျွန်တော်၏မိခင်ကို စစ်တွေ ဒီဂရီကောလိပ်သို့လည်းကောင်းပို့ခဲ့ပါသည်။ ကျွန်တော်လည်း ထိုအကြောင်းများကြောင့် လူဝင်မှုကြီးကြပ်ရေးအရာရှိ အဖြစ်မှ ၁၉၉၈ ခုနှစ်တွင် နုတ်ထွက်စာတင်၍ နိုင်ငံခြားသို့ ထွက်လာခဲ့ရပါသည်။

ကျွန်တော်သည် ၁၉၈၈ အရေးအခင်းတွင် ယူနီဖောင်းကို ဘေးဖယ်ထားပြီး၊ တိုက်ပုံဝတ်၍ ကျွန်တော်အထက်တန်းအောင်ခဲ့သည့် ကျောင်းဟောင်း အထက(၂) ဒဂုံတွင်ကျောင်းသားခေါင်းဆောင်၊ အထွေထွေသပိတ်ခေါင်းဆောင် အဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ယခု ဂျပန်တွင် မြန်မာဒီမိုကရေစီရရှိရေး လုပ်ငန်းများ၊ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (ဂျပန်)၏ လုပ်ငန်းများ၊ အာဏာ ရှင်စနစ်ဖျက်သိမ်းရေး၊ ရှစ်လေးလုံးမှတ်တမ်းပြုစုရေး၊ ဒေါ်အောင်ဆန်းစုကြည် အား ထောက်ခံရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၁၉၈၈ အရေးအခင်းပြီးစ မြန်မာပြည်တွင်း၌ ဖြစ်ပွဲခဲ့စဉ် အန္တရာယ် အမျိုးမျိုးပေးလာနိုင်သဖြင့်၊ လူရင်းအချို့မှအပ မဖတ်ရှုလိုက်ရသဖြင့် ယခု ဂျပန်ပြည်တွင် ဤစာအုပ်ကို ထပ်မံထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။

ဤစာအုပ်ကိုရေးသူ ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)သည် ၁၉၃၃ ခုနှစ်တွင် လယ်ဝေးမြို့နယ်၌ ဖခင်ဦးသာဒင်နှင့် အမိဒေါ်ကျင်တို့မှ မွေးဖွားခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝတွင် ကျောင်းသားနိုင်ငံရေးခေါင်းဆောင် အဖြစ်ဆောင်ရွက်ခဲ့ပြီး၊ ၁၉၅၇ ခုနှစ်တွင် သိပ္ပံ(ရူပဗေဒ) ဘွဲ့ရရှိခဲ့ပါသည်။ ဘွဲ့ရပြီးမှ တပ်ထဲဝင်ရောက်၍ ခမရ-၁၀၆ တွင် တပ်ကြပ်မှဗိုလ်အဆင့်တိုးမြှင့် ခံရပါသည်။ ၁၉၆၁ ခုနှစ်တွင် ဗဟိုထောက်လှမ်းရေးတပ်သို့ ရောက်ရှိတာဝန် ကျခဲ့ပါသည်။ ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ဝန်ကြီးချုပ် ဦးနု၏ ညီမ တစ်ဝမ်းကွဲ စာရေးဆရာမကြီး ဒေါ်ခင်နှင်းယု၏ညီမအရင်းဖြစ်သော ကျွန်တော်၏မိခင် (ထိုစဉ်ကနည်းပြဖြစ်၍ တွဲဖက်ပါမောက္ခအဆင့်အထိ တာဝန်ထမ်း ခဲ့သူ) ဒေါ်နုနုဆွေနှင့် အိမ်ထောင်ကျခဲ့ပါသည်။ ထို့နောက် အကောက်ခွန်၊ အကောက်ခွန်မှ ဘဏ်လုံခြုံရေးဌာနတွင် ဗိုလ်မှူးအဆင့်အထိ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ထမ်းဆောင်ခဲ့ပြီး၊ အကောက်ခွန်ဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာဝန်ကို ထမ်းဆောင်နေစဉ် ဒုဗိုလ်မှူးကြီး အဆင့်သို့ တိုးမြှင့်ခြင်းခံရပါသည်။ ထို့နောက် ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးချုပ်တင်ဦး (မျက်မှန်ကြီး) အရေးယူခံရ၍ လက်ထောက်ဖြစ်သူ ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)အား အငြိမ်းစားပေးခဲ့ပါသည်။

၁၉၈၈ ခုနှစ် နိုဝင်ဘာလတွင် ဤအာဏာရှင်ကြီး၏အတွင်းရေးများ စာအုပ် ရေးသားထုတ်ဝေမှုဖြင့် ထောင်ချခံခဲ့ရပါသည်။ ၁၉၉၂ ခုနှစ်ဧပြီလတွင် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဖြင့် ပြန်လွှတ်ပေးခဲ့ပါသည်။ ဆီးကျိတ်ရောဂါ နာတာရှည်ခံစားရပြီး၊ ဆီးကျိတ်ကင်ဆာ၊ အရိုးကင်ဆာရောဂါဖြင့် ၁၉၉၉ ခုနှစ် မေလ၌ ကွယ်လွန်ခဲ့ရပါသည်။

ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း) မကွယ်လွန်မီ ထောင်မှလွတ်လာပြီး အလုပ်လုပ်ခဲ့သော ကြံ့ယွမ်ကုမ္ပဏီနှင့် ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)နှင့် ကျွန်တော် တိုးကြည်ဆွေ ညီအစ်ကိုမောင်နှမများ ချွေးနည်းစာဖြင့် ဝယ်ထားသော အိမ်ကို ရောင်းချပြီး၊ ရင်းနှီးမြှုပ်နှံထည့်ဝင်ထားသော ရွှေမြန်မာကုမ္ပဏီတို့ကို စစ်တပ်မှ ဖျက်သိမ်း၊ သိမ်းယူခြင်းခံခဲ့ရပါသည်။

ဤစာအုပ်ရေးသူ ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)သည် ၁၉၅၇ခုနှစ်ဘွဲ့ ရပြီးနောက် မြန်မာစစ်တပ်တွင်းသို့ ၁၀တန်းမအောင်သူဟု လိမ်လည်ကာ မြန်မာပြည်တွင် စစ်အတိုက်ရဆုံး၊ ၁၀၇(၁၀၆)၊ အသေခံကွန်မန်ဒို အထူးတပ်တွင် တပ်သားအဖြစ် စစ်ထဲဝင်၍ တိုက်ပွဲများတွင် ရှေ့တန်းမှတိုက်ခိုက်ခဲ့ပါသည်။ ထောက်လှမ်းရေးတွင် တာဝန်ထမ်းဆောင်စဉ် အမေရိကန်အီလီနွိုက်စ်တက္ကသိုလ်မှ Diploma in Scientific Crime Detection ဒီပလိုမာဘွဲ့ ရရှိခဲ့ပါသည်။

နအဖခေတ် တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး တာဝန် ထမ်းဆောင်ခဲ့သော ဗိုလ်ချုပ်ကြီးခင်ညွှန့် (ဟောင်း) နေရာအဆင့်တွင် ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)တို့ လက်ထက် ထိုခေတ်က ဗိုလ်မှူးကြီးအဆင့်က တာဝန်ယူရပါသည်။ ထိုခေတ်က ဒုဗိုလ်မှူးကြီး(ထောက်လှမ်းရေး)အဆင့်သည် ယခုခေတ် ဗိုလ်ချုပ်အဆင့်ထက် မသေးသောအဆင့် စစ်တပ်တွင်အဆင့်ရှိပါသည်။ ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)သည်လည်း ကိုယ်ပိုင်နံပါတ် (ကြည်း ၈၂၆၃)



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သဖြင့် နအဖခေတ် ဗိုလ်ချုပ် ကျော်ဝင်းထက်မနည်း စစ်တပ်တွင်အဆင့်ရှိခဲ့ပါသည်။

ယခု ဤစာအုပ်ကို ထုတ်ဝေသူ တိုးကြည်ဆွေသည် ကိုယ်ပိုင်အမှတ် လဝက-၂၈၁၉ ဖြင့် လူဝင်မှုကြီးကြပ်ရေးအရာရှိအဖြစ် ၁၉၈၅ ခုနှစ်မှ ၁၉၉၈ ခုနှစ် အထိ တာဝန်ထမ်းဆောင်နေစဉ်၊ နိုင်ငံခြားသားများ မတရားဝင်ရောက်မှု ကာကွယ်ရေးအဖွဲ့ သတင်းထောက်လှမ်းရေးအရာရှိ အဖြစ်သော်လည်းကောင်း၊ အမျိုးသားထောက်လှမ်းရေးအထူးအဖွဲ့ဝင် တပ်မတော်ထောက်လှမ်းရေး တွဲဖက်အရာရှိအဖြစ်သော်လည်းကောင်း၊ နစက-စခန်းမှူးအရာရှိအဖြစ်သော်၎င်း၊ ကြာရှည်တာဝန်များထမ်းဆောင်ခဲ့ရ၍ အာဏာရှင်ကြီးများ၏ လက်ကိုင်တုတ် ထောက်လှမ်းရေးတပ် အတွင်းရေးများကို အတော်အတန် သိရှိခဲ့ရပါသည်။

ဤစာအုပ်ကို ယခုအခါ အင်္ဂလိပ်/ဂျပန်ဘာသာတို့ဖြင့် ကမ္ဘာသူ ကမ္ဘာသားများဖတ်ရှုနိုင်ရန်နှင့် စစ်အာဏာရှင်စနစ် ဖျက်သိမ်းချေမှုန်းနိုင်ရန်အတွက်၊ အဓိကအရေးကြီးသော အချက်တစ်ခုဖြစ်သည့် စစ်အာဏာရှင်ကြီး ၏ ပုံတူကို ယခုဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဗိုလ်ချုပ်ကြီးခင်ညွန့်တို့မှ လိုက်လုပ် နေရင် ဒီလိုခံရတော့မည်ကို သိရှိနိုင်ရန်အတွက် ထုတ်ဝေလိုက်ရ ခြင်းဖြစ်ပါသည်။ ဤစာအုပ်ရောင်း၍ အကျိုးအမြတ်ရရှိပါက မြန်မာ့ဒီမိုကရေစီအရေးဆောင်ရွက် နေသော/ ဆောင်ရွက်ရန်အတွက် မြန်မာ့ရေးရာရုံးသို့ အားလုံးလှူဒါန်းမည်ဖြစ်ပါသည်။

ကျွန်တော်၏မိခင်နှင့်ညီအကိုမောင်နှမများက နအဖခေတ်တွင် နိုင်ငံရေး မလုပ်ရန် ကျွန်တော့်အား တားမြစ်ထားသည့်ကြားမှ ဤစာအုပ်ကို ထုတ်ဝေနိုင် သဖြင့် ကျွန်တော့်မိသားစုများအစားများစွာ ဂုဏ်ယူမိပါသည်။

ဤစာအုပ် မြန်မာပြည်တွင် ဖြန့်ချိခဲ့စဉ်က အစစ အကူညီပေး ဖြန့်ဝေ ပေးခဲ့သော ပုဂ္ဂိုလ်များအားလည်း ကျေးဇူးတင်ရှိပါသည်။

အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ မြန်မာ့ဒီမိုကရေစီရရှိရေး ဆောင်ရွက်သူ များ အောင်မြင်ကြပါစေရန် မဆောင်ရွက်ချင်သေးသူများကိုလည်း၊ တတ်နိုင် သည့် နည်းလမ်းဖြင့် လက်တွဲပါဝင်ဆောင်ရွက်ကြပါစေရန်၊ တိုက်တွန်းနှိုးဆော် အပ်ပါသည်ခင်ဗျာ။

တိုးကြည်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

# သူ့လိုလူ

ဗိုလ်ချုပ်အောင်ဆန်းလက်ထက်က ရေးဆွဲခဲ့သော အခြေခံဥပဒေအရ ရွေးကောက် တင်မြှောက်ခြင်း ခံခဲ့ရသော ဝန်ကြီးချုပ်ဟောင်းဦးနု ခေါင်းဆောင်သည့် အစိုးရအားဖြုတ်ချ၍ အာဏာသိမ်းခဲ့ပြီးနောက် ဆိုရှယ်လစ်စနစ် ထူထောင်ရန် အကြောင်းပြပြီး တစ်ပါတီအာဏာရှင်စနစ်ကြီးကို တည်ထောင်ခဲ့ပုံ နိုင်ငံ၏ သားကောင်းရတနာများသည် အာဏာရှင်စနစ်၏ သားကောင် ဖြစ်ခဲ့ရပုံ၊ တိုင်းပြည်တွင်အခွင့်ထူးခံ လူတန်းစားလက်တစ်ဆုပ်စာမှအပ ပြည်သူလူထု တစ်ရပ်လုံး ဒုက္ခဆင်းရဲခြင်း ခံစားခဲ့ရပုံ၊ သယံဇာတပေါများကြွယ်ဝ၍ တင့်တယ် ထင်ရှားသော နိုင်ငံအဖြစ်မှ ကမ္ဘာပေါ်တွင် အဆင်းရဲဆုံး နိုင်ငံတစ်ခု ဖြစ်လာခဲ့ ရပုံတို့မှစပြီး၊ ယိုယွင်းဖေါက်ပြန်လာသော အာဏာရှင်စနစ်ဆိုးကြီး ဘာကြောင့် ကျဆုံးခဲ့ရကြောင်းတို့ကိုသမိုင်း ဖြစ်ရပ်များနှင့်တကွ ရှင်းလင်းစွာ ပေါ်ပြထားပါသည်။

ဤစာစောင်တွင် သမိုင်းဝင် တက္ကသိုလ်ကျောင်းသား သမဂ္ဂအဆောက် အဦကို ဘယ်သူဖြိုသလဲ၊ မဆလပါတီကို ဦးစွာဆန့်ကျင်ပြီး တောခိုခဲ့သော ဗိုလ်ကြီးကျော်စွာမြင့်၊ ခေါင်းဆောင်ကြီးကိုလုပ်ကြံရန် ကြိုးစားအားထုတ်မှု ကြောင့် ကွပ်မျက်ခံခဲ့ရသော ဗိုလ်ကြီးအုန်းကျော်မြင့်၊ တပ်မတော်သားများ၏ ကြည်ညိုမှု ခံရသော သူရဲကောင်း ဗိုလ်ချုပ်ကြီးသူရတင်ဦးနှင့် ထောက်လှမ်းရေးမှ ဗိုလ်မှူးချုပ်တင်ဦးတို့အားဖြုတ် ထုတ်ဝိုင်းပယ်ခဲ့ပုံများကို စုံလင်စွာ ဖတ်ရှုနိုင်မည် ဖြစ်ပါသည်။

ပြည်သူအများ ရွှင်လန်းချမ်းမြေ့ကြပါစေ၊
တပ်မတော် အရာရှိဟောင်းတစ်ဦး(သို့မဟုတ်)
ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com

နိဒါန်း

ယနေ့ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ အဆင်းရဲဆုံး နိုင်ငံများစာရင်းတွင် ပါဝင်လျက်ရှိပေပြီ။ လွန်ခဲ့သော ၂၅ နှစ်ခန့်အထိ ကမ္ဘာ့စပါးကျီဟူ၍လည်း ကောင်း နိုင်ငံတကာကသိရှိခဲ့ကြသည်။ ၂၅ နှစ်ကျော်ကာလအတွင်း ဘာကြောင့် ဤမျှအခြေအနေ ဆိုးဝါးလာခဲ့ရပါသနည်း။ အကြောင်းကျိုးဆက်တရားအရ ဤအကျိုးတရားမျိုးဖြစ်ပေါ်ရသည့် အကြောင်းတရားများသည် အများအပြား ရှိမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ယင်းတို့အနက်မှ အဓိကကျသော အကြောင်း တရားများကို သိရှိပါက အနာဂတ် မြန်မာပြည်သစ် ပေါ်ပေါက်လာရေးအတွက် အကျိုးရှိမည်ဟု ယုံကြည်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် အရေးအခင်းအားလုံးတွင် နိုင်ငံရေးသည် အဓိကအကျဆုံးနှင့် အခြေခံအကျဆုံး ဖြစ်ပါသည်။ နိုင်ငံရေး ဦးဆောင်မှုမှန်ကန်သည်နှင့်အမျှ ကျန်အရေးအခင်းများ ၏ အောင်မြင်မှုကိုလည်း မုချရရှိမည်သာဖြစ်ပါသည်။ နိုင်ငံရေးပိုင်းတွင် သဘောတရားနှင့် လက်တွေ့ပေါင်းစပ်နိုင်သော နိုင်ငံရေးမျိုးဖြစ်ရပါမည်။ နိုင်ငံရေးကို ဦးဆောင်မှုပေးမည့် ခေါင်းဆောင်သည်လည်း အမှန်ပင်လိုအပ် ပါသည်။

မြန်မာနိုင်ငံတွင် ၂၅ နှစ်ကျော် ကျင့်သုံးခဲ့သော နိုင်ငံရေးစနစ်ကို မှန်သည်မှားသည်ဟု ဝေဖန်ဆန်းစစ်ကြရန်အတွက် ဆိုင်ရာပညာရှင်များက တာဝန်ယူကြစေလိုပါသည်။ ကျွန်တော့်အနေနှင့်မူ ကျွန်တော် တာဝန်ထမ်းဆောင် စဉ်အတွင်း အတွေ့အကြုံများကိုတင်ပြခြင်းဖြင့် အနာဂတ်မြန်မာပြည်ကို ထူထောင်မည့်သူများအတွက် ဆောင်သင့်သည်များကို ဆောင်ပြီးရှောင်သင့်သည်

www.burmeseclassic.com

www.burmeseclassic.com



များကို ရှောင်ပြီးနိုင်ငံ၏ အကျိုးအတွက် ဆောင်ရွက်ရာတွင် အထောက်အကူပြု နိုင်မည်ဟု ယုံကြည်ပါသည်။

ကျွန်တော်၏ တင်ပြချက်များသည် ပုဂ္ဂုလ်ရေးအရ နစ်နာစေလိုသော ဆန္ဒလုံးဝ မပါဝင်ပါ။ ဖြစ်ရပ်အမှန်များကို ကြား၊ သိ၊ တွေ့မြင်ခဲ့ရသည့်အတိုင်းသာ တင်ပြခြင်းဖြစ်ပါသည်။ ကျွန်တော်၏ တင်ပြချက်များသည် သမိုင်းအထောက် အထားအနေနှင့်သော်လည်းကောင်း၊ အနာဂတ်ခေါင်းဆောင်များအတွက် အထောက်အကူအဖြစ်နှင့်သော်လည်းကောင်း ကူညီနိုင်မည်ဆိုပါက ကျွန်တော် တင်ပြရကျိုးနပ်ပြီဟု ယုံကြည်ယူဆမိပါသည်။

ဆက်စပ်နေသော အကြောင်းတရားအချို့

မြန်မာနိုင်ငံအား ယိုယွင်းပျက်စီးနေသော အခြေအနေများမှ ကယ်တင်ရန် ဟူသော အကြောင်းပြချက်ဖြင့် ယခင်ကတပ်မတော်၏ခေါင်းဆောင် ဗိုလ်ချုပ်ကြီး နေဝင်းက ဦးဆောင်ပြီး ၁၉၆၂ ခုနှစ်မတ်လ ၂ ရက်နေ့တွင် အာဏာသိမ်းခဲ့ပါ သည်။ ဗိုလ်ချုပ်ကြီးနေဝင်းက တော်လှန်ရေးကောင်စီဖွဲ့စည်းပြီး တိုင်းပြည်အား အုပ်ချုပ်ခဲ့ပါသည်။ တော်လှန်ရေးအစိုးရလက်ထက်ကပင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ကြေညာခြင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်ခြင်း၊ လူထုလူတန်းစား အဖွဲ့အစည်းများကိုဖွဲ့စည်းပေးခြင်း၊ ဗဟိုနိုင်ငံရေးသိပ္ပံကျောင်း ကြီးဖွင့်လှစ်၍ နိုင်ငံရေးသဘောတရားများ ဖြန့်ဖြူးပေးခြင်း စသည့် အရေးပါ သောဆောင်ရွက်ချက်များကို လုပ်ဆောင်ခြင်း၊ တိုင်းရင်းသား ညီညွတ်ရေး အတွက်လည်းကောင်း ပြည်တွင်းသောင်းကျန်းမှု ချုပ်ငြိမ်းရေးအတွက်လည်း ကောင်း၊ နိုင်ငံတကာ ဆက်ဆံမှုအတွက်စစ်မှန်သော ဘက်မလိုက်ဝါဒကို ကျင့် သုံးရေးအတွက်လည်းကောင်း အလေးထားဆောင်ရွက်ခဲ့ခြင်းများ ရှိပါသည်။ ၁၉၇၄ ခုနှစ်တွင် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်း၍ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံအဖြစ် ထူထောင်ခဲ့ပါသည်။ အခြေခံဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီအထိ မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး ကိစ္စရပ်များမှာ တည်ငြိမ်မှုရှိခဲ့ပြီး ကမ္ဘာ့အလယ် မျက်နှာမငယ်ရသည့် အခြေ အနေတွင်ရှိပါသည်။ စစ်ရေးအောင်မြင်မှုများမှာ အားရဖွယ်ရာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးရပြီးသည်မှစ၍ သောင်းကျန်းသူများ၏ လက်တွင်း၌ရှိခဲ့သော အရှေ့ရိုး၊ အနောက်ရိုး၊ အလယ်ရိုးတို့၏တလျှောက်မှ အချက်အချာကျသော နေရာတိုင်းကို ပြည်လည်သိမ်းပိုက်နိုင်ခဲ့ပြီး သောင်းကျန်းသူများမှာ နယ်စွန်နယ်ဖျား၌သာ နည်းအမျိုးမျိုးဖြင့် အသက်ဆက်ရန်ကြိုးစားနေရသော ဘဝသို့ ရောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

စီးပွားရေးတွင်လည်း ရွှေနှင့်နိုင်ငံခြားငွေများကို ကျောထောက်နောက်ခံပြု၍ ငွေကြေးလည်ပတ်မှုများ မှန်ကန်မှုရှိသင့်သလောက် ရှိခဲ့သဖြင့် သွင်းကုန်ထုတ်ကုန် အချိုးအစားများ ပုံပျက်ပန်းပျက် မဖြစ်ခဲ့ကြောင်းတွေ့ရပါသည်။ စီးပွားရေးဘက်တွင် အခြေအနေ သင့်တော်ကောင်းမွန်သည်နှင့်အမျှ လူမှုရေးဘက်တွင်လည်း အားရစရာအခြေအနေများ ရှိခဲ့ပါသည်။

ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးမှစ၍ အဘက်ဘက်တွင် ဂုဏ်ယူစရာဖြစ်ခဲ့ပါသည်။ အားကစားဘက်တွင် အာရှချန်ပီယံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ပါသည်။

တော်လှန်ရေးအစိုးရ လက်ထက်တွင် လွပ်လပ်ရေး ကြိုးပမ်းမှုတစ်လျှောက်၌ ဗိုလ်ချုပ်ကြီး နေဝင်းနှင့်အတူ ပါဝင်လုပ်ဆောင်သူ သက်တူရွယ်တူ ပုဂ္ဂိုလ်အများ အပြားပါရှိခဲ့ပါသည်။

ထိုပုဂ္ဂိုလ်တို့သည် နိုင်ငံရေးလုပ်သက်အရလည်းကောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ် ဆန့်ကျင်ရေးမှစ၍ အတွေ့အကြုံများအရလည်းကောင်း ဗိုလ်ချုပ်ကြီးနေဝင်းနှင့်တစ်ပြေးတည်း ရှိခဲ့သူများ ဖြစ်ကြပါသည်။ ဤအချက်မှာ ဗိုလ်ချုပ်နေဝင်း၏ အုပ်စိုးမှုတစ်လျှောက်တွင် အထူးဂရုပြုထိုက်သော အချက်တစ်ချက်ဖြစ်ပါသည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီမှ အာဏာသိမ်းဆည်းပြီးနောက် ယခင်ပထစအဖွဲ့ခေါင်းဆောင် ဝန်ကြီးချုပ်ဟောင်းဦးနုနှင့် အတူ ဝန်ကြီးဟောင်းများ၊ သန့်ရှင်းဖဆပလ၊ တည်မြဲဖဆပလအဖွဲ့တို့မှစ၍ မြေပေါ်ရှိနိုင်ငံရေးအဖွဲ့ဟောင်းများမှ ခေါင်းဆောင်ဟောင်းများမှ ခေါင်းဆောင်ဟောင်းများ၊ ယခင်တပ်မတော်မှ အရေးယူခံခဲ့ရသော တပ်မတော်ခေါင်းဆောင်ဟောင်းများ စသည်တို့အား တော်လှန်ရေးကောင်စီမှ ထိန်းသိမ်းခဲ့ပါသည်။ ဦးနုနှင့် နိုင်ငံရေးသမား


www.burmeseclassic.com

www.burmeseclassic.com



ဟောင်းတော်တော်များများအား မင်္ဂလာဒုံရှိ ယခု ဇဟိုနိုင်ငံရေးတက္ကသိုလ် နေရာတွင်ရှိခဲ့သော လေ့ကျင့်ရေးတပ်တွင် ထိန်းသိမ်းထားခဲ့ပါသည်။

ယင်းသို့ ဦးနုနှင့် နိုင်ငံရေးသမားဟောင်းများ၊ အခြားအရေးကြီးသော ပုဂ္ဂိုလ်များအား လေ့ကျင့်ရေးတပ်တွင် ထိန်းသိမ်းထားစဉ်၊ လေ့ကျင့်ရေးတပ်မှ အရာရှိအချို့နှင့် အခြားအဆင့် အချို့တို့မှ ဦးနုအားကြည်ညိုသဖြင့် ကိုယ်တိုင် သွားရောက်၍ ကန်တော့ခဲ့ကြပါသည်။ ၎င်းကိစ္စကို လေ့ကျင့်ရေးတပ်မှူး ဒုဗိုလ်မှူးကြီးလှမောင်က သိရှိသွားပြီး သက်ဆိုင်ရာသို့ သတင်းပို့သဖြင့်၊ ဦးနုနှင့် အခြား ထိန်းသိမ်းထားသူများအား မင်္ဂလာဒုံရေကြည်အိုင်ရှိ ဇဟိုထောက်လှမ်းရေးတပ်သို့ချက်ချင်းပြောင်းရန် စီစဉ်ပြီးပြောင်းရွှေ့ခဲ့ပါသည်။ အခြားအဆင့်များ၏ အိမ်ထောင်သည်လိုင်းအတွက် ဆောက်ထားသော အဆောက်အဦများကို ချက်ချင်း သံဆူးကြိုးများကာရံပြီး ထားရှိခဲ့ရပါသည်။

ထိုအချိန်က ဇဟိုထောက်လှမ်းရေးတပ်၏တပ်မှူးမှာ ဒုတိယ ဗိုလ်မှူးကြီး ရဲမြင့်ဖြစ်၍ ဒုတပ်မှူးနှင့် နည်းပြအရာရှိချုပ်မှာ ဗိုလ်မှူးချုပ်ဟောင်း ဦးတင်ဦး ဖြစ်ခဲ့ပါသည်။ ဒုဗိုလ်မှူးကြီးရဲမြင့်က အုပ်ချုပ်မှု လိုအပ်ချက်အဝဝ အတွက် တာဝန်ယူပြီး လုံခြုံရေးနှင့် ထောက်လှမ်းရေးသင်တန်းများကို ဗိုလ်မှူး နေဝင်း၏ အုပ်စိုးမှုနှင့်ပတ်သက်၍ အရေးပါသော ကွင်းဆက်များဖြစ်နေခြင်းကြောင့် တင်ပြခြင်းဖြစ်ပါသည်။

## ဗိုလ်မှူးချုပ်ဟောင်းတင်ဦး

ဗိုလ်ချုပ်ကြီးနေဝင်း၏ နိုင်ငံရေးသြဇာအတက်အကျနှင့် အထူး သက်ဆိုင်သူဖြစ်ပါသည်။ မုဒုံမြို့မှဖြစ်၍ ၎င်း၏ညီအစ်ကိုရင်းများမှာ လွတ်လပ် ရေး လှုပ်ရှားမှုတွင် ကျဆုံးခဲ့ရပါသည်။ ဆယ်တန်းအောင်ပြီး ဂျပန်ခေတ် တပ်မတော် တွင် တပ်သားအဖြစ်ဝင်ရောက်ခဲ့ပြီး ဂျပန်ခေတ် ဗိုလ်သင်တန်းကို တက်ခဲ့ရသူ ဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်းတို့ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များ ဂျပန်မှပြန်လာစဉ်က မုဒုံဘက်သို့ ရောက်ရှိစဉ်တွင် ဗိုလ်မှူးချုပ်တင်ဦး၏ မိသားစုနှင့်တွေ့ရှိပြီး၊ ဗိုလ်ချုပ်ကြီးနေဝင်းအား အပ်နှံခဲ့ကြောင်းသိရပါသည်။

ဗိုလ်မှူးချုပ်တင်ဦးသည် ဂျပန်တော်လှန်ရေးပြီး၍ ရန်ကုန်တက္ကသိုလ်သို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်တက်ရောက်ခဲ့ပြီး ပြည်တွင်းသောင်းကျန်းမှုများကြောင့် တပ်မတော် ဗိုလ်သင်တန်းသို့တက်၍ တပ်ထဲသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ၎င်းသည် တက္ကသိုလ်တွင် စီးပွားရေးပညာရပ်ကို သင်ကြားခဲ့ရပြီးမာ့က်စ်ဝါဒကို လေ့လာခဲ့ သူဖြစ်ပါသည်။ ရဲဘော် အေးချမ်းတို့ တောခိုစဉ်က ၎င်းအား လာခေါ်ရာတွင် ၎င်းအနေနှင့်ဆိုရှယ်လစ် ဝါဒကို သဘောကျကြောင်း၊ သို့သော်လည်း လက်နက် ကိုင်လမ်းစဉ်ကို လက်မခံနိုင်သဖြင့် မလိုက်လိုကြောင်း ငြင်းခဲ့သည်ဟု သိရပါသည်။

စာပေကို အလွန်လေ့လာလိုက်စားသူဖြစ်ပြီး ထောက်လှမ်းရေးပညာကို လည်း အလွန်တန်ဖိုးထားသူဖြစ်ပါသည်။ ဒုဗိုလ်ဘဝကပင် ဗိုလ်ချုပ်ကြီးနေဝင်း ၏ ကိုယ်ရေးအရာရှိ အဖြစ်တာဝန် ထမ်းဆောင်ခဲ့ရသဖြင့် ဗိုလ်ချုပ်ကြီးနေဝင်း အား အလွန်ကြည်ညိုပြီး တစ်ဆူတည်းသောဘုရားအဖြစ် ကိုးကွယ်ခဲ့သူဖြစ်ပါ သည်။ ထောက်လှမ်းရေးအရာ ရှိများ၏ ဧည့်ခံပွဲများတွင် ဗိုလ်မှူးချုပ်တင်ဦး ပြောလေ့ရှိသော စကားများမှာ "ခင်ဗျားတို့ ကျွန်တော့်ကို အထင်သေးချင်လည်း သေးကြဗျာ။ ကျွန်တော့်မိဘတွေက ဗုဒ္ဓဘာသာဖြစ်ပေမဲ့ ကျွန်တော်တော့ ဗုဒ္ဓဘာ သာအဖြစ်နဲ့ အလေးအနက် မလုပ်ခဲ့ရသေးပါဘူး။ ကျွန်တော့်အနေနဲ့ ဆိုတဲ့ စကားကို သဘောကျတယ်ဗျ။ ကျွန်တော်က အရက်တော့ သောက်တယ်ဗျာ။ ဒါပေမဲ့ ကျွန်တော်တော့ သိက္ခာကိုတော့ အမြဲထိန်းသိမ်းဖို့ ကြိုးစားခဲ့ပါတယ်။ သူများယုံကြည်ကိုးကွယ်တာကိုလည်း ကျွန်တော်ဘယ်တော့မှ အထင်မသေး ခဲ့ဘူး" ဟူ၍ဖြစ်ပါသည်။

ဗိုလ်မှူးချုပ်တင်ဦးသည် လူကြီးများ၏ဧည့်ခံပွဲများတွင် ပင်တိုင်စကား ပြောခဲ့သူဖြစ်ပါသည်။ စကားစပ်မိသည့်အခါတိုင်း ပြောခဲ့သော စကားတစ်လုံးမှာ "ကျွန်တော့်မှာ ဘုရားတစ်ဆူပဲရှိပါတယ်။ အဲဒီဘုရားကတော့ ဗိုလ်ချုပ်ကြီးနေဝင်း ပါပဲ"ဟူသောစကားပင်ဖြစ်ပါသည်။ ကျွန်တော်က ဗိုလ်ချုပ်ပြောတာတွေ ကိုလည်း တော်တော်ကြားခဲ့ရတယ်။ ကျွန်တော်မသိတာကိုမေးရင်လည်း ဗိုလ်ချုပ်က သေသေချာချာရှင်းပြခဲ့ပါတယ်။ ဒါပေမဲ့ အဆဲခံရတဲ့ အထဲမှာတော့ ကျွန်တော်က ထိပ်ကပါပဲ ဟူ၍လည်း အမြဲဂုဏ်ယူတက်ပါသည်။

ဗမာ့တပ်မတော် ထောက်လှမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရာ၌



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးဗကို (ဒါရိုက်တာမင်းသား)၊ ဗိုလ်မှူးအုန်းမောင် (ယခင်ပြည်တွင်းအခွန်ညွှန်ချုပ်) တို့ထံမှ ထောက်လှမ်းရေးပညာရယူခဲ့ပုံကိုလည်းကောင်း၊ ဗိုလ်မှူးကြီးကိုင်နီနှင့် ထောက်လှမ်းရေးလောက အတွေ့အကြုံများကိုလည်းကောင်း၊ နှုတ်ခမ်းမွှေးအဘလွင်ထံမှ ထောက်လှမ်းရေးပညာ ရရှိခဲ့ပုံကိုလည်းကောင်း၊ မကြာခဏ ထုတ်ဖော်ပြောတတ်ပါသည်။ ထောက်လှမ်းရေးနှင့် ပတ်သက်သော စာအုပ်များကို ကိုယ်တိုင်ဖတ်ရှုရုံမျှမကပဲ အခြားအရာရှိများကိုပါ ဖတ်ခိုင်းပြီး ပြန်လည်ဆွေးနွေးမှုများ ပြုလေ့ရှိပါသည်။

နိုင်ငံရေးသဘောတရားကိုလည်း လွန်စွာလေ့လာသူဖြစ်ပါသည်။၁၉၅၂ ခုနှစ်ခန့်က တပ်မတော်မှပြုစုခဲ့သော သဘောတရား မှတ်စုများမှစပြီး မာ့က်စ် လီနင်ဝါဒများ၊ မော်စီတုံးနှင့် စတာလင်တို့၏ရေးသားချက်များကို အလွတ်လောက်နီးနီးပင်ရသည်ဟု ဆိုနိုင်လောက်အောင် လေ့လာထားသူ ဖြစ်ပါသည်။ ၄င်း၏မိတ်ဆွေများက ဗဟိုနိုင်ငံရေးသိပ္ပံမှ သင်ကြားနေသော သင်တန်းများကို တက်ရောက်ပြီးပြီလားဟု မေးသောအခါတွင် တက်ဖို့အခါအခွင့်မရသေးကြောင်းကို အမြဲပြောခဲ့ပါသည်။

**တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့**

ဗမာ့တပ်မတော်တွင် ထောက်လှမ်းရေးကို စိတ်ဝင်စားမှုအရှိဆုံး ပုဂ္ဂိုလ်မှာ ဗိုလ်ချုပ်ကြီး နေဝင်းဖြစ်ပါသည်။ ၄င်းကိုယ်တိုင် အမြဲကြီးကြပ်ခဲ့ပြီး လေ့ကျင့်သင်ကြားမှုမှစ၍ ၄င်းကိုယ်တိုင် ညွှန်ကြားလေ့ရှိပါသည်။ ၁၉၅၈ ခုနှစ်ခန့်မှစ၍ ထောက်လှမ်းရေးသင်တန်းများကို စနစ်တကျပြန်လည်ပြုလုပ်ရန် ဗိုလ်မှူးတင်ဦးက ကြိုးစားခဲ့ရာတွင် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်မှူးကြီးလွင်တို့က ညွှန်ပြကူညီခဲ့ကြောင်းသိရပါသည်။

ယခင် တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့များကို စစ်မြေပြင် ထောက်လှမ်းရေးသဘောတရားလောက်နှင့် လုံခြုံရေးပညာများကိုသာ မတောက်တစ်ခေါက် သင်ကြားရစေပြီး တာဝန်ပေးခဲ့ရသဖြင့် ထောက်လှမ်းရေးအမှု စပြီးတပ်ဖွဲ့စည်းမှုအထိ ဖြစ်သလိုသာစခန်းသွားခဲ့ကြရပါသည်။ ထောက်လှမ်းရေး တပ်ဖွဲ့များအနေနှင့် တပ်များအားလည်းကောင်း စစ်ဌာနချုပ်များအားလည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ထိထိရောက်ရောက် မကူညီနိုင်ခဲ့ကြပါ။ ထို့ကြောင့် ထိုစဉ်အခါက တပ်မတော် စစ်ဆင်ရေးများသည် "ငါးပွက်ရာငါးစားချ" ဟူသကဲ့သို့ စိတ်မှန်းနှင့်လည်း ကောင်း၊ ရန်သူက လာတိုက်မှသော်လည်းကောင်း၊ စစ်ဆင်တိုက်ခိုက်ကြရပြီး မိမိတပ်များက ထောက်လှမ်းစီမံချက်ဖြင့် စစ်ဆင်တိုက်ခိုက်နိုင်သည့် အခြေအနေမှ မရှိသလောက်ပင် ဖြစ်ခဲ့ရပါသည်။

တပ်မတော်၏အင်အားမှာ တဖြည်းဖြည်းကြီးထွားလာခဲ့သော်လည်း သောင်းကျန်းသူများ၏အင်အားမှာ လျော့နည်းသွားခြင်းမရှိသလောက် ဖြစ်ခဲ့ရပါသည်။ ယင်းကဲ့သို့သော အခြေအနေမျိုးတွင် တပ်မတော်တွင်း၌ ထူးခြားချက်တစ်ရပ်ပေါ်ပေါက်လာခဲ့ရပါသည်။

တစ်ချိန်က ကရင်သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းခံရပြီး ပြန်လည်လွတ် မြောက်ခဲ့သော ဗိုလ်မှူးချုပ်ဟောင်း ဦးမောင်မောင်သည် ဗမာ့တပ်မတော်တွင် အတော်ထင်ရှားသူတစ်ဦးဖြစ်ခဲ့ပါသည်။ အလွန်လေ့လာသူဖြစ်၍ ယခင်က နိုင်ငံရေးသမားဟောင်းကြီးများကပင် လေးစားခြင်းကိုခံရသူဖြစ်ပါသည်။ ဗမာ့တပ်မတော်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု၏ တပ်မတော်ပီပီ 'မှု'ထက် 'လူ' ကို အရေးထားဆုံးအဖြစ် ပြုသွားသည်များ အများအပြားရှိခဲ့ပါသည်။

ဗိုလ်မှူးချုပ်ဟောင်း ဦးမောင်မောင်သည် သောင်းကျန်းမှု မချုပ်ငြိမ်းသမျှ နိုင်ငံ၏တိုးတက်မှုကို အဟန့်အတားပြုနေမည်ဟု ယုံကြည်သူဖြစ်ပါသည်။ သောင်းကျန်းမှုနှိမ်နင်းရေးတွင် တပ်မတော်မှ ထောက်လှမ်းရေးတပ်ဖွဲ့များကို အလွန်အားမရဖြစ်ခဲ့သူဖြစ်ပါသည်။ ဗိုလ်မှူးကြီးလွင်မှာ ဗိုလ်မှူးချုပ် မောင်မောင်အား အလွန်ကြောက်ရကြောင်း မကြာခဏပြောလေ့ ရှိပါသည်။ ဗိုလ်မှူးတင်ဦးနှင့် ဗိုလ်ချုပ်မောင်မောင်မှာ အကြီးအကျယ် ပဋိပက္ခ ဖြစ်ခဲ့ကြပြီး၊ ဗိုလ်မှူးတင်ဦး ကတပ်မတော်မှ နုတ်ထွက်တော့မည်ဆိုတာ ထောက်ကြံ့မြို့နယ်ဘက်တွင် မြေကြီးများဝယ်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးများကို အကြီးအကျယ် လုပ်ခဲ့ပါသည်။ ဗိုလ်မှူးချုပ်မောင်မောင်သည် ထောက်လှမ်းရေးတပ်ဖွဲ့များကို အားမရရာမှ အမေရိကန် စီအိုင်အေနှင့် အဆက်အသွယ်ရခဲ့ပြီး လျှို့ဝှက်ထောက်လှမ်းရေး လုပ်ငန်းများလုပ်ရန် အကြီးအကျယ် စီစဉ်ခဲ့ပါသည်။ ထိုအချိန်မှာပင် ဗိုလ်မှူး တင်ဦးကလည်း ဘောင်ဒရီလမ်းတွင် ထောက်လှမ်းရေးသင်တန်းများကို ဖွင့်၍


www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်လေ့ကျင့်ခဲ့ပါသည်။ ဗိုလ်မှူးတင်ဦးသည် အင်္ဂလန်တွင် တပ်ထိန်း သင်တန်းတက်ခဲ့ရသဖြင့် စစ်သုံ့ပန်းများ ကိုင်တွယ်ထိန်းသိမ်းခြင်းကို ကောင်းစွာ သဘောပေါက် နားလည်ခဲ့သူဖြစ်ပါသည်။ နောက်ပိုင်းတွင် ဗိုလ်မှူးလေးမောင် (ပြည်သူ့တရားသူကြီး အဖွဲ့ဝင်)နှင့်အတူ နိုင်ငံခြားထောက်လှမ်းရေး သင်တန်း များကို လျှို့ဝှက်တက်ရောက်ခဲ့ရသူလည်း ဖြစ်ပါသည်။ ဗိုလ်မှူးချုပ်မောင်မောင် ပြုလုပ်သော ထောက်လှမ်းရေးအဖွဲ့အား ဗိုလ်ချုပ်ကြီးနေဝင်းမှ ဖျက်ဆီးခဲ့ပြီး နောက် ဗိုလ်မှူးတင်ဦးသည် ဗိုလ်မှူးလေးမောင်၏ အကူအညီဖြင့် ထောက်လှမ်း ရေး သင်တန်းများကို အင်တိုက်အားတိုက် ပြုလုပ်ခဲ့ပါသည်။ သူတို့အား အထူး အကူအညီဖြစ်စေခဲ့သူမှာ အင်္ဂလန်ရှက်ဖီးရဲသိပ္ပံသို့ သင်တန်းတက်ခဲ့ပြီးမှ အလုပ် မခန့်သော ဗိုလ်မှူးအေးလွင်အားတွေ့ရှိ၍ တပ်မတော်အရာရှိအဖြစ်ခန့်အပ် ခဲ့ကြပါသည်။

ဗိုလ်မှူးလေးမောင်မှာ ဗိုလ်မှူးတင်ဦးအား ပုဂ္ဂိုလ်အရအလွန် လေးစားပြီး အထူးအကူအညီ ပေးခဲ့သူဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်တွင်ရှိစဉ်က မောင်ကျ ဘမ်းဘွဲ့ရသည်အထိ စကားပြောရာတွင် အောင်မြင်ခဲ့သူဖြစ်ပါသည်။ စာအလွန် ဖတ်ပြီး ဗဟုသုတအလွန်ကြွယ်ဝသူဖြစ်၍ သူ၏သင်တန်းကို တက်ရသူများမှာ ဗုဒ္ဓတရားကို အလွန်ကြည်ညိုပြီး လူကောင်းများဖြစ်သွားကြသကဲ့သို့ ဗိုလ်ချုပ် ကြီးနေဝင်းနှင့် ဗိုလ်မှူးတင်ဦးတို့အားလည်း အထူးကြည်ညိုလေးစားမှုကို ဖြစ် စေခဲ့သူဖြစ်ပါသည်။

ဗိုလ်မှူးအေးလွင်မှာ တက္ကသိုလ်တွင် ဓာတုဗေဒဆရာလုပ်ခဲ့သူဖြစ်ပြီး အင်္ဂလန်ရဲသိပ္ပံမှ ဆင်းလာခဲ့သူ ဖြစ်ရုံမျှမက အမေရိကန် အီလီနွိုင်းရှိ အသုံးချ သိပ္ပံကျောင်းမှ မှုခင်းစုံစမ်းရေးသိပ္ပံပညာဘွဲ့ကိုလည်း ရရှိသူဖြစ်ပါသည်။ ထောက်လှမ်းရေးသင်တန်းများတွင် အလွန်အရေးပါသော သိပ္ပံပညာရပ်များအား သင်ပေးနိုင်ခဲ့သူဖြစ်ပါ သည်။ ၎င်းတို့သုံးဦး၏ကြိုးစားမှုကြောင့် လေ့ကျင့်ပေးပြီးသူ တပ်မတော်အရာရှိ အကြပ်တပ်သားများအများအပြားရရှိခဲ့ပါသည်။ တော်လှန် ရေးအစိုးရ တက်ပြီးနောက် ဗိုလ်မှူးတင်ဦးသည် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်မှူးကြီးလွင်တို့၏ သဘောတူညီချက်ကိုရယူ၍ ထောက်လှမ်းရေးဌာနသစ် များ ဖွင့်ရန်ကြိုးစားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးသင်တန်းတက်ပြီး၍ တပ်အတွေ့အကြုံရရှိပြီး သော်၊ တပ်မတော်မှ အရာရှိများ၊ အကြပ်၊ တပ်သားများအား သက်ဆိုင်ရာတိုင်း၊ တပ်မ၊ တပ်ရင်းများ၏ ထောက်ခံချက်ရယူ၍ အသစ်ဖွဲ့သော ထောက်လှမ်းရေး တပ်များတွင် တာဝန်ပေးခဲ့ပါသည်။ တပ်များနှင့် နီးစပ်ဝင်ဆန့်မှုရှိပြီး ထောက်လှမ်းရေးပညာ တတ်မြောက်ပြီးသူများကို အသုံးချလာခြင်းဖြစ်၍ တပ်များ၏ အကူအညီရရှိခြင်း၊ ပြည်သူလူထုကြားတွင် ပီပြင်စွာ နေထိုင်တတ်ခြင်း စသည်တို့ကြောင့် ထောက်လှမ်းရေးလုပ်ငန်းများ သိသိသာသာ အောင်မြင်လာခဲ့ပါသည်။

**ထိန်းသိမ်းထားသူများလုံခြုံရေး**

ယခင် ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့်တကွ ထိန်းသိမ်းထားသူများအား ထားရှိရာတွင် လောလောဆယ်အဖြစ်သာစီစဉ်ဆောင်ရွက်ရသဖြင့် လုံခြုံရေး အတွက် အလွန်အန္တရာယ် ရှိပါသည်။ လုံခြုံရေးသဘောတရားကို နားလည်သော ဗိုလ်မှူးတင်ဦးအတွက် အထူးဦးနှောက်ခြောက်စရာဖြစ်သည်။

ရန်ကုန်နယ်နိမိတ်အတွင်းရှိ သေနတ်ကိုင်တပ်ရင်း(၄)နှင့်တကွ အခြား သေနတ်ကိုင် တပ်ရင်းများမှရသမျှအင်အားကို ရယူခြင်း၊ လက်နက်ကြီးများမှစ၍ လက်နက်ခဲယမ်းမီးကျောက် ဖြည့်ဆည်းခြင်း၊ သံချပ်ကာကားတပ်မှ ဘရင်း ကယ်ရီယာကားများ တွဲဖက်ထားရှိခြင်း စသည်များကို ပြုလုပ်ခဲ့ပါသည်။ ဗိုလ်မှူးတင်ဦးမှာ ဗဟုသုတရှိသူဖြစ်၍ ထိန်းသိမ်းထားသူများအား အခြားနိုင်ငံ တစ်ခုခုမှ စစ်သင်္ဘောဖြင့်ပင်လယ်ဝအထိလာရောက်ပြီး ရုတ်တရက် 'ဟယ်လီ ဘွန်း' စစ်ဆင်ရေးမျိုးပြုလုပ်ပြီး ကယ်တင်ရန် ကြိုးစားမှုများ ရှိနိုင်သောကြောင့် -အရေးပေါ် တန်ပြန်တိုက်ခိုက်ရန်များကိုပါ လေ့ကျင့်ပြင်ဆင်ခဲ့ပါသည်။

လုံခြုံရေးကို အတွင်းစည်းလုံခြုံရေး၊အပြင်လုံခြုံရေးအဖြစ်ခွဲခြားပြီး ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အတွင်းအပြင်အားလုံး၌ အင် ကာဘာ ခေါ် ထောက်လှမ်းရေးစနစ်အရ ထောက်လှမ်းရေးအမှုထမ်းများ ပစ္စည်းကိရိယာများ သုံးလျက်လည်ကောင်း အသေးစိတ်ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ လုံခြုံရေးစနစ်ကို တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း


www.burmeseclassic.com

www.burmeseclassic.com



ကပင် ဗိုလ်မှူးတင်ဦးအား အထွတ်အထိပ်ရာထူးရသည်အထိ ပို့ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

ယာယီအကျဉ်းစခန်းတွင် ဖြစ်သလိုထားရှိခဲ့ရသော်လည်း နိုင်ငံတကာ စစ်သုံ့ပန်းဥပဒေစည်းမျဉ်းများကို နားလည်သော ဗိုလ်မှူးတင်ဦးအနေနှင့် ထိန်းသိမ်းထားသူကို တတ်နိုင်သမျှ အကောင်းဆုံး ဖြစ်အောင် စီစဉ်ပေးနိုင်ခဲ့ပါသည်။ ထိန်းသိမ်းရေးစခန်းတွင် တာဝန်ကျသော ဝန်ထမ်းများနှင့် အရာရှိများအား တော်လှန်ရေးအစိုးရ၏ သဘောထားကို နားလည်အောင် အကြိမ်ကြိမ်ရှင်းပြခဲ့ပြီး လိုက်နာအောင်လည်း ကြီးကြပ်နိုင်ခဲ့ပါသည်။ အရာရှိများကိုလည်းကောင်းစွာ ညွှန်ကြားပြီး တာဝန်ပေးခဲ့သဖြင့် ထိန်းသိမ်းခံရသူများမှာ စိတ်သက်သာရာ ရသင့်သလောက်ရရှိပြီး လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုများ မရှိသလောက် ဖြစ်ခဲ့ပါသည်။

ထိန်းသိမ်းရေးစခန်းတွင် တာဝန်ထမ်းဆောင်သူများသည် ထိန်းသိမ်းထားသူများအား လေးစားစွာဖြင့် တာဝန်ရှိရှိဆက်ဆံခဲ့ကြပါသည်။ ထိန်းသိမ်းထားသူများအား လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ပါဝင်ခဲ့သူများအဖြစ်နှင့်လည်းကောင်း၊ နိုင်ငံအတွက် တာဝန်ထမ်းဆောင်ခဲ့သူများအဖြစ်လည်းကောင်း တော်လှန်ရေးကောင်စီမှ သဘောထားကြောင်း နားလည်ကြသဖြင့် ဆက်ဆံမှုများ ချောမောအဆင်ပြေခဲ့ကြပါသည်။ ဗိုလ်မှူးတင်ဦးသည် ၎င်းကိုယ်တိုင်ဖြစ်စေ၊ ဗိုလ်မှူးအေးလွင်၊ ဗိုလ်မှူးကြည်ဆွေ(အကောက်ခွန်)၊ ဗိုလ်မှူးစိုးညွန့် (သွင်းကုန်ထုတ်ကုန်) တို့ကိုဖြစ်စေ၊ ထိန်းသိမ်းထားသူများထံသို့ သွားရောက်တွေ့ဆုံခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထိန်းသိမ်းထားသူများမှ ပြင်ပမှပုဂ္ဂိုလ်များနှင့် စကားပြောရသည်ကို အလွန်သဘောကျကြပြီး ဘဝအတွေ့အကြုံများ ဆန္ဒသဘောထားများကို ပွင့်ပွင့်လင်းလင်း ပြောခဲ့ကြပါသည်။ သမိုင်းလေ့လာမှုကို အထူးနှစ်သက်သော ဗိုလ်မှူးတင်ဦးအတွက် အထူးအကျိုးရှိစေခဲ့ပါသည်။ ထိန်းသိမ်းထားသူများထံမှ ကြားသိရချက်များကို ဗိုလ်ချုပ်ကြီးနေဝင်းထံသို့ တင်ပြရာတွင် ဗိုလ်ချုပ်ကြီးက ဝေဖန်ချက်များပေးခဲ့သဖြင့် ၎င်းအတွက် အထူးအကျိုးဖြစ်စေခဲ့ပါသည်။ ဗိုလ်မှူးတင်ဦးမှာ လွတ်လပ်ရေးကျိုးပမ်းမှုတွင် ကိုယ်တိုင်ပါဝင်ခဲ့ခြင်း၊ ဗိုလ်ချုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နေဝင်း၏ ရှင်းလင်းသင်ကြားချက်များကို ကြားနာရခြင်း၊ ထိန်းသိမ်းထားသူ နိုင်ငံရေးသမားကြီးများ တပ်မတော်အရာရှိကြီးများတို့ထံမှ အတွေ့အကြုံများကို သိရှိရခြင်းတို့ကြောင့် လွန်စွာအကျိုးထူး ရရှိခဲ့ပါသည်။

လုံခြုံရေးအတွက် အပြင်စည်းလုံခြုံရေးကို ဆောင်ရွက်ရင်း မြန်မာနိုင်ငံတစ်ခုလုံး၏အခြေအနေကို ဆုတ်ကိုင်နိုင်သည့်အခြေအနေသို့ ကျရောက်ခဲ့ခြင်းဖြစ်ပါသည်။ တပ်ပြင်လုံခြုံရေးကို တဖြေးဖြေးတိုးချဲ့ဆောင်ရွက်ရင်း၊ တပ်၏ပတ်ဝန်းကျင်ရှိ ဆင်ဖုံ၊ ဘားလား၊ လှည်းကူး၊ မှော်ဘီ၊ ထန်းတပင်၊ သန်လျင်စသည်တို့ဘက်မှ သောင်းကျန်းသူများ၏အဆက်အသွယ်များကို သာမကပဲ တိုင်းပြည်တွင် သောင်းကျန်းနေသော ဓားပြ၊ သူခိုးစသည်တို့ကိုပါ ဖော်ထုတ်အရေးယူနိုင်သည်အထိ ရရှိခဲ့ပါသည်။

တပ်ပြင်လုံခြုံရေးကို တိုးချဲ့ဆောင်ရွက်ရန်အတွက် ထောက်လှမ်းရေးပိုက်ကွန်များကို တဖြေးဖြေး တိုးချဲ့ချထားခဲ့ရာတွင် သောင်းကျန်းသူသတင်းမှစ၍ နယ်မြေသတင်းများ၊ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး စသည့်သတင်းများအထိ ရရှိခဲ့ပါသည်။ စစ်ရေးသတင်းများကို တပ်မတော်ထောက်လှမ်းရေးညွှန်မှူးရုံးမှတစ်ဆင့် သက်ဆိုင်ရာတပ်များသို့ ဖြန့်ချိနိုင်ခဲ့သဖြင့် စစ်ဆင်ရေးအထူးအောင်မြင်ခဲ့ပါသည်။

## ဗိုလ်ကြီးကျော်စွာမြင့်

တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံးမှ စစ်ဆင်ရေး အရာရှိတစ်ဦးဖြစ်သော ဗိုလ်ကြီးကျော်စွာမြင့်မှာ ဗိုလ်ချုပ်ကြီးနေဝင်း၏ ပြည်တွင်းပြည်ပခရီးစဉ်များတွင် အမြဲလိုလို လိုက်ခဲ့ရသူဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီးကလည်းသဘောကျသူဖြစ်ပါသည်။ သို့သော်လည်း အခြေအနေမှာ တစ်မျိုးတစ်ဖုံဖြစ်ခဲ့ရပါသည်။ ဗိုလ်ကြီးကျော်စွာမြင့်သည်ခရစ်ယာန်ဘာသာ ရိုမင်ကက်သလစ်ဂိုဏ်းဝင်ဖြစ်ပြီး ဘာသာရေးအယူသည်းသူတစ်ဦးဖြစ်သဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို မကျေနပ်ဖြစ်ကာ တောခိုသွားခဲ့ပါသည်။

ဤအဖြစ်မျိုးမှာ ဖြစ်တောင့်ဖြစ်ခဲဖြစ်သဖြင့် တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံးမှ ဗိုလ်မှူးကြီးလွင်နှင့် ဂျီတူး ဗိုလ်မှူး ချာလီတို့မှာ ဘားပိုဝ်



www.burmeseclassic.com

www.burmeseclassic.com



ရမှန်းမသိ ဖြစ်ခဲ့ပုံရပါသည်။ ၄င်းအနေနှင့် ကြိုက်၍ ရှာဖွေကြပုံရပါသည်။ ထိုအချိန်မှာပင် ပဲခူးရိုးမတစ်နေရာတွင် ထားရှိသော ဗိုလ်မှူးတင်ဦး၏ ထောက်လှမ်းရေးပိုက်ကွန်နှင့် ဗိုလ်မှူးကျော်စွာမြင့်ဆုံတွေ့ရပြီး သတင်းတက်လာခဲ့ပါသည်။ ဗိုလ်မှူးတင်ဦးက စစ်ရုံးသို့ ဗိုလ်မှူးကျော်စွာမြင့် ဘာဖြစ်လို့ ပဲခူးရိုးမဘက်သွားတာလဲဟုမေးရာ ထိုအချိန်က ဗိုလ်မှူးတင်ဦးအနေနှင့် စစ်ရုံးတွင် ဝင်ဆန့်ခြင်းမရှိခဲ့ သေးသဖြင့် ခပ်ပေါ့ပေါ့ပင် ပြန်ဖြေခဲ့ပုံရပါသည်။ ယင်းအဖြစ်အပျက်နှင့် ဆက်စပ်၍ ဗိုလ်မှူးကြီးလွင်နှင့် ဗိုလ်မှူးချာလီသိန်းရွှေတို့အား ဗိုလ်ချုပ်ကြီးက အထင်မှားခံခဲ့ရပါသည်။ ဗိုလ်မှူးချာလီအား စစ်သံမှူးနှင့်ယိုးဒယားသို့ပို့ပြီး အဘလွင်အားလည်း တာဝန်မပေးဘဲ ထားခဲ့ပုံရပါသည်။ ထိုအချိန်က အဘလွင်သည် ဗဟိုထောက်လှမ်းရေးတပ်၌သာ အနေများခဲ့ပါသည်။ တပ်မှ အရာရှိများနှင့် ရင်းနှီးမှုပို၍ရခဲ့ပြီး ဗိုလ်ချုပ်ကြီး၏ အကြောင်းများကိုလည်း အခွင့်သင့်တိုင်း ပြောပြခဲ့သဖြင့် အရာရှိများမှ ပို၍ကြည်ညိုမှု ဖြစ်ပေါ်ခဲ့ပါသည်။

ဗိုလ်ကြီးကျော်စွာမြင့်နှင့် ပတ်သက်ပြီး ဗိုလ်ချုပ်ကြီးနေဝင်းက ထောက်လှမ်းရေးအရာရှိများကို ခေါ်ယူတွေ့ဆုံ၍ ရှင်းလင်းပြောပြခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်ကြီးက ထောက်လှမ်းရေးဆိုတာ လူကြီးတွေရဲ့ နားမျက်စိဖြစ်ကြောင်း၊ ဘာသတင်းမဆို အရေးကြီးမကြီးကို ဆုံးဖြတ်တာမျိုး မလုပ်ဘဲ အထက် လူကြီးများထံသို့ အမြန်ဆုံးရောက်ရှိအောင် တင်ပြဖို့လိုကြောင်း ထောက်လှမ်း ရေးအရာရှိများသည် အရေးပါသောတာဝန်ကို ထမ်းဆောင်ကြရသဖြင့် အကြောင်းတစ်ခုခုကြောင့် အကျပ်ကိုင်ခံရခြင်းမျိုးဖြစ်တတ်ကြောင်း၊ ထိုသို့ခံရ လျှင်ဖြစ်စေ၊ ကိုယ်ရေးကိုယ်တာအခက်အခဲရှိလျှင်ဖြစ်စေ ဖုံးထားခြင်း မရှိဘဲ လူကြီးများထံသို့ အမြန်ဆုံးတင်ပြကြစေလိုကြောင်း ယင်းသို့တင်ပြခဲ့သဖြင့် လူကြီးများက ဖြေရှင်းပေးခဲ့သည့် အစဉ်အလာများရှိခဲ့ကြောင်းများကို အတွေ့အကြုံများနှင့်တကွ ရှင်းပြခဲ့ပါသည်။ ထိုစဉ်က ဗိုလ်ချုပ်ကြီးနေဝင်းနှင့်အတူ တော်လှန်ရေး ကောင်စီဝင်များအားလုံး ပါဝင်ကြပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းအနေနှင့် လုပ်ဖော်ကိုင်ဖက်များဖြစ်သော ကောင်စီဝင်များအား အရေးကြီးကိစ္စများကို လုပ်ဆောင်ရာတွင် အသိပေးသည့်အနေမျိုးနှင့် ဖြစ်စေ လေ့ကျင့်ပေးသည့်အနေနှင့်ဖြစ်စေ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ထောက်လှမ်းရေး အရာရှိများအား တွေ့ဆုံရာတွင် သင်ခန်းစာယူစရာများစွာရှိခဲ့ပါသည်။ ဗိုလ်ကြီးကျော်စွာမြင့်နှင့်ပတ်သက်၍ ရှင်းပြရာတွင် ဗိုလ်ကြီးကျော်စွာမြင့်အား သားသမီးကဲ့သို့လည်းကောင်း၊ ညီအစ်ကိုကဲ့သို့ လည်းကောင်း သဘောထားခဲ့ကြောင်း၊ ကရင်အမျိုးသားဖြစ်ပြီး သွက်လက်ဖြတ်လတ်သူဖြစ်သဖြင့် တော်တော်သဘောကျခဲ့ကြောင်း၊ အခု ကိစ္စတွင် ၄င်းမှာလည်း တာဝန်ရှိတယ်လို့ ဆိုနိုင်ကြောင်း ရှင်းလင်းတင်ပြသင့်တာကို ရှင်းမပြတာဟာ မလိုလားအပ်တာတွေဖြစ်ဖို့ အကြောင်းဆိုတာကို သင်ခန်းစာယူရမည်ဖြစ်ကြောင်း ရှေ့ကိုဘာကိစ္စပဲဖြစ်ဖြစ် ပြောသင့်တာကို ပြောကြစေလိုကြောင်း အခုကိစ္စမှာ သူ့ကဏ်ဒါနဲ့အမြဲလိုလိုအနီးကပ်နေတာဆိုတော့ ငါသိသလို သိမှာပဲလို့ ထင်ခဲ့တာလည်း တစ်ကြောင်းဖြစ်ကြောင်းများကို ရှင်းပြခဲ့ပါသည်။

ဗိုလ်ကြီးကျော်စွာမြင့် ကိစ္စကိုအကြောင်းပြု၍ ဗိုလ်မှူးတင်ဦးအား တပ်မတော် ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံးကိုပါ တာဝန်ယူလုပ်ဆောင်ရန်အတွက် ဗိုလ်ချုပ်ကြီးကတာဝန်ပေးခဲ့ပါသည်။ ဗိုလ်မှူးတင်ဦးမှာ ဘာမဆိုပွင့်ပွင့်လင်းလင်းပြောတတ်ခြင်း၊ မကျေနပ်မှုများရှိလျှင်လည်း မြိုသိပ်မထားတတ်ဘဲ ပွင့်လင်းစွာပြောတတ်ခြင်းတို့ကြောင့် စစ်ရုံးတွင် ဝင်ဆန့်မှုမရှိသလောက်ဖြစ်ခဲ့ရသည်။ ဗိုလ်ချုပ်ကြီးက တာဝန်ပေးခဲ့ရာတွင် အမိန့်စာမထွက်ဘဲ လုပ်နေခဲ့ရသဖြင့် စစ်ရုံးမှအရာရှိအချို့၏ ပညာပြမှုကို အမျိုးမျိုးခံခဲ့ရပါသည်။ သူ့အားတိုက်ရိုက်မပြောရဲသည်များကို ဗဟိုထောက်လှမ်းရေးတပ်မှ အရာရှိများအားပြောခဲ့ခြင်းများလည်းရှိပါသည်။ ခင်ဗျားတို့ဆရာကို ဘယ်သူကခန့်လို့ ကကလှမ်းမှာ လာလုပ်နေတာလဲဟူ၍ပင် မေးမြန်းခဲ့ကြပါသည်။

ဗိုလ်မှူးတင်ဦးမှာ အလုပ်ကိုသာ နေ့မအား ညမအား စူးစိုက်လုပ်နေခဲ့သဖြင့် အသေးအဖွဲ့ကိစ္စများမရှိခဲ့ပါ။ အထောက်အကူပစ္စည်းနည်းပါးစွာဖြင့် ၄င်းအတွက် အဓိကလုပ်ပေးကြသော ဗထလမှ အရာရှိများမှာ ဒုက္ခအမျိုးမျိုးနှင့်တွေ့ကြုံခဲ့ကြရပါသည်။ သို့သော်လည်း ထောက်လှမ်းရေးလုပ်ငန်းများမှာ အထူးပင်အောင်မြင်မှုရရှိခဲ့ပါသည်။

**အဓိကပုဂ္ဂိုလ်လုံခြုံရေးတပ်ဖွဲ့**

တော်လှန်ရေးကောင်စီတက်ရောက်လာပြီးနောက် နယ်ချဲ့ဆန့်ကျင်ရေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲများတွင် အသက်မသေဘဲ ကျန်ခဲ့ပြီး အရာရှိမဖြစ်သေးသော တပ်မတော်သားဟောင်းများအား တာဝန်တိုးမြှင့်ပေးသည့် အနေဖြင့်လည်းကောင်း ယုံကြည်စိတ်ချစွာ တာဝန်ပေးရန်အတွက်လည်းကောင်း အစီအစဉ်များ ပြုလုပ်ခဲ့ပါသည်။ ရဲဘော်ဟောင်းများအားလုံးကို မင်္ဂလာ ဗဟိုထောက်လှမ်းရေးတပ်သို့ခေါ်ယူပြီး ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင် တွေ့ဆုံစကားပြောခဲ့ပါသည်။ တပ်မတော်တွင် စစ်သက်ရင့်၍ အရာခံဗိုလ်များ အကြပ်ကြီးများ အကြပ်များ အဖြစ်နှင့် နှစ်ရှည်လများ တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်၍ တပ်မတော်တွင် အထူးအားထားရသူများဖြစ်ကြသည်။ စစ်ကာလတွင် ပညာမသင်ကြားခဲ့ကြရသဖြင့် အဆင့်မြင့်ပညာများကို မတတ်မြောက်သော်လည်း မြန်မာ့သမိုင်းတွင် အရေးပါသောတာဝန်ကြီးများကို ထမ်းဆောင်ရာတွင် ပါဝင်သူများဖြစ်ကြသဖြင့် အထူးလေးစားဂုဏ်ယူထိုက်သူများဖြစ်ကြပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းက ၄င်းတို့အဖွဲ့အား တွေ့ဆုံရန်လာရောက်ရာတွင် သင်္ခန်းစာယူစရာများကို အများအပြားတွေ့ရပါသည်။ ဗိုလ်ချုပ်ကြီး လာမည်ဖြစ်၍ ဗဟိုထောက်လှမ်းရေးတပ်အတွင်းတွင် လိုအပ်သည်များကို ပြင်ဆင်ထားခဲ့ပါသည်။ ဗိုလ်ချုပ်ကြီးအား ဂိတ်ဝမှ အလေးပြုရန်အတွက် ယခင်တပ်ရင်း(၄)တွင် နေခဲ့ဖူးသော တပ်ကြပ်ကြီးထွန်းကြွယ်အား တာဝန်ပေးထားပါသည်။ ဗိုလ်ချုပ်ကြီး၏ ကားဝင်လာ၍ ဆရာထွန်းကြွယ်က "အလေးပြု"ဟု အော်ပြီး အလေးပြုရာတွင် ဗိုလ်ချုပ်ကြီးက ကားကို ရပ်ခိုင်းပြီး "ဟေ့ အခုနအော်တာ ဉာဏ်ပုမဟုတ်လားကွ"ဟု မေးရာ ဆရာထွန်းကြွယ်က ဗိုလ်ချုပ်ကြီးအား အလေးပြုပြီး ကားနားသို့သွားခဲ့ပါသည်။ ဗိုလ်ချုပ်ကြီးက "ဟေ့ကောင် ကွန်မြူနစ်က အာပီဆာဂျင်လုပ်နေတော့ တပ်ပျက်ရောပေါ့ကွာ" ဟု ရယ်စရာပြောရင်း ရင်းရင်းနှီးနှီးဖြင့် အခြားအကြောင်းအရာများကို မေးမြန်းပြောဆိုခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးသည် ဆရာကြီးများအား တွေ့ဆုံရာတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီးမှ စကားပြောပါသည်။ ဆရာကြီးများအား အသက်အရွယ်ကြီး လာကြပြီဖြစ်၍ စစ်ဆင်ရေးတာဝန်များမှ အနားယူနိုင်ရန်အတွက်လည်းကောင်း အခြေအနေအရ အရေးကြီးသော တာဝန်များကို ပေးအပ်နိုင်ရန်အတွက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ရဲဘော်ဟောင်းများ ပြန်လည်ပြီး တစ်စုတစ်စည်းတည်း တာဝန်ထမ်းဆောင်နိုင်ရန်အတွက်လည်းကောင်း ယခုကဲ့သို့ ခေါ်ယူတွေ့ဆုံခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။ တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူရစေရန်အတွက် ထောက်လှမ်းရေးပညာများကို သင်ကြားပေးမည်ဖြစ်ကြောင်း ထို့နောက် ထက်ဝက်ကို ၎င်း၏အနီးတွင် တာဝန်ထမ်းဆောင်စေပြီး ထက်ဝက်ကို ဗိုလ်မှူးတင်ဦးထံတွင်ထား၍ အလုပ်လုပ်ရင်း ထောက်လှမ်းရေးပညာများ ရရှိအောင် လုပ်ပေးသွားမည်ဖြစ်ကြောင်းကိုလည်း ရှင်းပြခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် ဆရာကြီးများအား တော်တော်သံယောဇဉ်ရှိပုံလည်းရပါသည်။ ဆရာကြီးများကဆိုလျှင် တစ်ချိန်က မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်းတို့ကျဆုံးခဲ့ရသည့် ဆုံးရှုံးမှုကြီးမျိုးကို ၎င်းတို့ လက်ထက်တွင် မဖြစ်ပေါ်အောင် တာဝန်ယူပါသည်ဟူ၍လည်းကောင်း ပေးအပ်သောတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်မည်ဟူ၍လည်းကောင်း စိတ်အားထက်သန်စွာ ပြောခဲ့ကြပါသည်။ ဗိုလ်မှူးတင်ဦးက ၎င်းတို့အား အမြဲတမ်းရှင်းပြခဲ့သော စကားတစ်ခုမှာ "ဗိုလ်ချုပ်ကြီး၏ ဆန္ဒအတိုင်းအရေးကြီးတာဝန်များကို ထမ်းဆောင်ရာတွင် လူကြီးများ၏ လုံခြုံရေးကိုသာမကဘဲ လူကြီးများ အလုပ်လုပ်တာကိုလည်း အနီးကပ်မြင်နိုင်အောင်ဖြစ်ကြောင်း အနီးကပ်မြင်နိုင်ခွင့်မရှိတဲ့ တခြားလူတွေက ဘာတွေပဲပြောပြော စိတ်ကူးနဲ့ပြောကြတာဖြစ်၍ ဆရာကြီးတို့က အနီးကပ်မြင်ကြရတာဖြစ်လို့ လူကြီးတွေတကယ် အလုပ် လုပ် မလုပ် တိုင်းပြည်အပေါ်မှာ စိတ်ထားသဘောဘယ်လိုရှိတယ် ဆိုတာတွေကို ပိုပြီး သိရမှာ ဗိုလ်ချုပ်ကြီးအနေနဲ့ ခင်ဗျားတို့မှန်မှန်ကန်ကန် ဆုံးဖြတ်ပြီး အလုပ်လုပ်သွားနိုင်အောင် ထောက်လှမ်းရေးပညာကို လေ့ကျင့်သင်ကြားပေးတာပဲ" ဟူ၍ ဖြစ်ပါသည်။ အဓိကပုဂ္ဂိုလ် လုံခြုံရေးတပ်ခွဲမှူးမှာ ဗိုလ်ကြီးစိန်မြင့်ဖြစ်ပါသည်။ တာဝန်ထမ်းဆောင်ရင်း လက်တစ်ဖက် ဆုံးရှုံးခဲ့ရသူဖြစ်ပြီး ဂျပန်ခေတ်မှစ၍ ဗိုလ်ချုပ်ကြီးနဲ့ နီးကပ်စွာ တာဝန်ထမ်းဆောင်ခဲ့ရသူဖြစ်ပါသည်။ အခြားအဆင့်မှ တက်လာသူဖြစ်၍ အခြေခံပညာကို ကောင်းစွာမသင်ခဲ့ရသော်လည်း စိတ်ကောင်းရှိပြီး ပါးနပ်လိမ္မာသူတစ်ဦး ဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီးအား အလွန်သံယောဇဉ်ရှိပြီး ဗိုလ်ချုပ်ကြီး၏အကြောင်းကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အတော် အတွင်းကျကျသိသူ တစ်ဦးဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီးနှင့် နီးစပ်ရင်းနှီးသူဖြစ်၍ တပ်မတော်မှ လူကြီးများ၏ အရေးပေးခြင်းကို အထူးခံယူခဲ့ရသူလည်း ဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီးက လုပ်ဖော်ကိုင်ဖက်များ၊ ယခင် နိုင်ငံရေးခေါင်းဆောင်များအပေါ် မည်သည့် သဘောထားမျိုးရှိသည်ကိုပင် ခန့်မှန်းနိုင်သူတစ်ဦးဖြစ်ပါသည်။

အမိကပုဂ္ဂိုလ်လုံခြုံရေးအဖွဲ့အား အမိကအဖွဲ့ဟုပင် ခေါ်ကြပါသည်။ အမိကအဖွဲ့အား စတင်တာဝန်ပေးစဉ်က လေ့ကျင့်သင်ကြားပေးထားသည့်အတိုင်း အတိအကျလုပ်ခဲ့ကြသဖြင့် တပ်မတော် ကြည်း၊ ရေ၊ လေမှ အရာရှိကြီးများ တာဝန်ရှိသူများနှင့် ပြဿနာတော်တော် တက်ခဲ့ကြပါသည်။ "ကျုပ်တို့လည်း တပ်မတော်သားတွေပဲ လူကြီးတွေအပေါ်မှာ သစ္စာရှိတာပဲ သူတို့လုပ်ပုံက ကျုပ်တို့ကို မယုံကြည်ရလို့လုပ်နေတဲ့အတိုင်းပဲ" စသည်ဖြင့် ဝေဖန်ပြစ်တင်သည်အထိ ဖြစ်ခဲ့ကြရပါသည်။ အခြေခံပညာကို ကောင်းစွာမသင်ခဲ့ကြရသော်လည်း တာဝန်ကို တိကျစွာ ထမ်းဆောင်နိုင်ကြသူများဖြစ်ကြပါသည်။ ဗိုလ်ချုပ်ကြီး၏ ယုံကြည်အားထားမှုကို ခံရသူများလည်း ဖြစ်ကြပါသည်။ ထိုသို့ ယုံကြည်အားထားသည်နှင့်အမျှ တပ်မတော်က လူကြီးများ၏ အရေးပေးခြင်းကိုလည်း ခံယူခဲ့ကြရပါသည်။

ဆရာကြီးများသည် လူဟောင်းကြီးများဖြစ်ကြသဖြင့် တပ်မတော်မှ လူကြီးများ အကြီးအကဲဟောင်းများနှင့် ရင်းနှီး နီးစပ်ဝင်ဆန့်မှုရှိကြသဖြင့် လုပ်ငန်းအောင်မြင်မှု ပို၍ရခဲ့ကြသည်။ အမိကအဖွဲ့ကိုကြည့်၍ ဗိုလ်ချုပ်ကြီးအနေနှင့် လက်အောက်ငယ်သားများ အထူးသဖြင့် အရာရှိမဟုတ်သော အခြားအဆင့်များ၏ လေးစားကြည်ညိုမှုအား ရယူနိုင်ခဲ့ပုံကို ခန့်မှန်းနိုင်သည်။

အမိကတပ်ခွဲမှူးဗိုလ်ကြီးစိန်မြင့်နှင့် စကားစပ်မိသောအခါများတွင် "ကျွန်တော်အရာရှိဖြစ်လာတော့ ပြောဆိုနေထိုင်တာတွေကို တော်တော် ဆင်ခြင်ရတယ်ဗျ။ မှားလို့မရဘူး။ အခြားအဆင့်ဆိုရင် ဗိုလ်ချုပ်က ဆဲလိုက် ဆူလိုက်ရုံထက်ပိုပြီး အရေးယူခဲတယ်။ အရာရှိဆိုရင်တော့ဗျာ မှားတာနဲ့ချတာပဲ။ ရှေ့ကိုပိုကြီးလာလေ ကြောက်စရာကောင်းလေပဲဗျ" ဟု မကြာခဏ ပြောတတ်ပါသည်။ ဗိုလ်မှူးကြီးလွင်နှင့် ဗိုလ်မှူးချုပ်တင်ဦးတို့နှင့်ပတ်သက်၍လည်း စကား



www.burmeseclassic.com

www.burmeseclassic.com



စပ်မိသည့်အခါများ၌ "ဒီလူကြီးတွေကလည်း ဗိုလ်ချုပ်နဲ့ကြာကြာနေလာရတော့ ဗိုလ်ချုပ်နဲ့တစ်ပုံစံတည်းပဲဖြစ်ဖြစ်လာတယ်လို့ ထင်တာပဲဗျာ" ဟု ပြောတတ်ပါသည်။

ဗိုလ်မှူးကြီးလွင်သည် လွန်စွာသဘောကောင်း၍ လက်အောက်ငယ်သားများကိုလည်း အထူးကြည့်ရှုတတ်သူဟု နာမည်ရသူဖြစ်ပါသည်။ သို့သော် ထောက်လှမ်းရေးလောကအရာရှိများထံမှ စကားစထွက်လာသည်များရှိပါသည်။ "သူ့ကို တစ်ဆူတည်းသောဘုရားအနေနှင့်ကိုးကွယ်သူများက ဘာတွေ ဖြစ်လာဖြစ်လာ ပြန်ကြည့်တတ်တယ်။ တခြားတစ်ဦးဦးကို ဆရာတင်တယ်လို့များ ထင်သွားရင်တော့ အဲဒီလူဟာ မလွယ်တော့ဘူး မှတ်ပေရော့"ဟူ၍ ဖြစ်ပါသည်။

ဗိုလ်မှူးချုပ်တင်ဦးသည် ဗဟိုထောက်လှမ်းရေးတပ်တွင်ရှိစဉ်က ၄င်းအား ပြန်လည်ဆွေးနွေးခြင်း၊ ပြန်လည်တင်ပြခြင်းများကို လွန်စွာနှစ်သက်သူဟူ၍ နာမည်ရခဲ့သူဖြစ်ပါသည်။ အလယ်ရိုးမကို သိမ်းပိုက်ရေးအတွက် ထောက်လှမ်းရေးစစ်ဆင်မှုများ ပြုလုပ်နေစဉ်က အဖြစ်အပျက်တစ်ခုကို ဖော်ပြပါမည်။ ဒိုက်ဦးစီးနင်းရှာဖွေရေးအတွက် ဗထလတွင်ပြုလုပ်ရာ၌ ဗထလမှ အရာရှိအရာထမ်းများ၊ အမှုထမ်းများသာမကဘဲ အခြားထောက်လှမ်းရေးတပ်ဖွဲ့များ၊ အထူးစုစမ်းစစ်ဆေးရေးအဖွဲ့၊ အထူးသတင်းတပ်ဖွဲ့စသည်တို့မှ အရာထမ်း အမှုထမ်းများလည်းပါရှိပါသည်။ ရှာဖွေစီးနင်းရေးအတွက် စီမံချက်ကို ဗိုလ်မှူးချုပ်တင်ဦးက အသေးစိတ်ရှင်းပြပြီး ဘာမေးစရာရှိသလဲဟု မေးရာ အခြားသူများက မေးရန်မရှိကြောင်းပြောကြပါသည်။ ဗိုလ်မှူးအေးလွင်က "ကိုတင်ဦး ကျွန်တော် တစ်ခုလောက် တင်ပြချင်တယ်။ အခုစစ်ဆင်ရေးမှာ ပါတဲ့သူတွေဟာ စီးနင်းမယ့်နေရာနဲ့ ပတ်ဝန်းကျင်ကို သွားရောက်လေ့လာသိရှိပြီးသူတွေ မဟုတ်ဘူး။ အခုသွားမယ့်အထဲမှာ ဖင်းဂါးမင်း (တိတိကျကျညွှန်ပြနိုင်သူ) လည်း မပါဘူး။ ပစ်မှတ်ရဲ့ နေအိမ်ဟာလည်း ထင်ရှားပေါ်လွင်တဲ့ အဆောက်အဦမျိုးမဟုတ်ဘူး။ စီးနင်းခြင်းနဲ့ ဖမ်းဆီးခြင်းဟာ စုံစမ်းရေးရဲ့ နောက်ဆုံးအဆင့်ဆိုတော့ မှားရင် ပြင်ချိန် မရှိတော့ဘူး။ ဒီတော့ အချိန်ထပ်ပြီး ယူနိုင်ရင်တော့ ကောင်းမယ်လို့ ထင်ပါတယ်" ဟု တင် ပြခဲ့ပါသည်။

ဗိုလ်မှူးချုပ်တင်ဦးသည် အစတွင် တော်တော်ဒေါပွသွားပုံရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း တင်ပြချက်ခိုင်လုံနေသဖြင့် စစ်ဆင်ရေးကို အချိန်ပြောင်းခဲ့ပါသည်။ ဗိုလ်မှူးချုပ်တင်ဦးသည် တော်လှန်ရေးကောင်စီတက်စက ဗိုလ်ကြီး အဆင့်နှင့်ပင် ဒုတပ်မှူးနှင့် နည်းပြအရာရှိချုပ်လုပ်နေဆဲ ဖြစ်ခဲ့ပါသည်။ တော်လှန်ရေးကောင်စီမှ မြန်မာ့ဆို ရှယ်လစ်လမ်းစဉ် ကြေညာစာတမ်းထွက်ပြီး သည်နှင့် ဗထလတွင် တပ်တွင်းပညာပေးရေးအဖွဲ့ ဖွဲ့စည်းခဲ့ပြီး ၄င်းက ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ ဗိုလ်ကြည်ဆွေက အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ တပ်တွင်းမှ အရာရှိနှင့်အခြားအဆင့်များကို ညစဉ် ဆွေးနွေးပွဲများပြုလုပ်ပြီး ပညာပေးခဲ့ပါသည်။ ယင်းဆွေးနွေးပွဲများတွင် အရာရှိ များနှင့် စစ်သည်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးရန် မရှင်းလင်းသည်များကို ပြန်လည်မေးမြန်းရန် ခွင့်ပြုခဲ့ပါသည်။ ထိုစဉ်က အများစုသည် ဆိုရှယ်လစ် သဘောတရားကို နားလည်သဘောပေါက်သူ တော်တော်ပင် ရှားပါးခဲ့သော အချိန်ဖြစ်ပါသည်။ အရာရှိများနှင့် စစ်သည်များထဲမှ တော်တော်ပြင်းပြင်း ထန်ထန်ပင် ပြန်လည်ငြင်းခုံ ဆွေးနွေးခြင်းများ ရှိခဲ့ပါသည်။ ထိုသို့ ပြန်လည် ဆွေးနွေးခြင်းကို ဗိုလ်မှူးချုပ်တင်ဦးသည် အလွန်ပင်ကျေနပ် သဘောကျခဲ့ပါ သည်။

ဗဟိုထောက်လှမ်းရေးတပ်တွင် လေ့ကျင့်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ တစ်ပတ်လျှင်တစ်ကြိမ်ပုံမှန် အစည်းအဝေးပြုလုပ်ခဲ့ ပြီး ဘာသာရပ်ဆိုင်ရာများ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ကြပါသည်။ ထောက်လှမ်းရေး ဝေါဟာရသတ်မှတ်ရန်အတွက် ဆွေးနွေးရာတွင် ငြင်းခုံမှုများအကြိမ်ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အဓိက ငြင်းခုံဆွေးနွေးကြသူများမှာ ဗိုလ်ကြီးတင်ဦး၊ ဗိုလ်လေးမောင်၊ ဗိုလ်ကြီးအေးလွင်တို့ ဖြစ်ကြပါသည်။ အလွန်ဗဟုသုတကြွယ်ဝ သူများဖြစ်၍ တော်ရုံဖြင့် လျှော့ပေးခြင်းများမရှိခဲ့ပါ။ ထိုသို့ ဆွေးနွေးခြင်းများ ကို ထိုစဉ်က ဗိုလ်ကြီးတင်ဦးသည် အလွန်သဘောကျခဲ့ကြောင်း တွေ့ရပါသည်။

တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူး ကကလှမ်းရုံးသို့ တာဝန်များ တိုးတက်ထမ်းဆောင်ရန် ရောက်သွားပြီးနောက်ပိုင်းတွင် အခြေအနေ များ ပြောင်းလဲလာကြောင်း တွေ့ခဲ့ရပါသည်။ ကကလှမ်းမှ အရာရှိတော်တော် များများသည် ဗိုလ်မှူးကြီးလွင်နှင့် ဗိုလ်မှူးကြီး ချစ်ခင်တို့က ဗိုလ်မှူးတင်ဦး



www.burmeseclassic.com

www.burmeseclassic.com


အပေါ်တွင် ခပ်မှန်မှန်ဆက်ဆံခဲ့ကြခြင်းကို အတုယူပြီး သူတို့ကပါ ခပ်တန်းတန်း နေခဲ့ကြရာမှ ကကလှမ်းရုံးသို့ ရောက်ရှိတာဝန်ယူရသောအခါတွင်ကား တော်တော် စိုးရွံ့စွာ ဆက်ဆံခဲ့ကြပါသည်။ ဗိုလ်မှူးတင်ဦး၏ အထာကိုလည်း မသိရှိခဲ့ကြ သဖြင့် အလွန်တိကျလှသော ဗိုလ်မှူးတင်ဦး၏ လိုအပ်ချက်ကို ရုတ်တရက် မဖြည့်စွမ်း နိုင်ဖြစ်ခဲ့ကြပါသည်။ လွဲမှားသည့်တင်ပြချက်များကို ချက်ချင်း ဆုငေါက်ပြီး ပြုပြင်စေခြင်း၊ အသေးစိတ်ပြန်လည် တင်ပြစေခြင်း၊ လူသစ်တစ်ဦး အား သင်ပြသကဲ့သို့ လုပ်ငန်းသဘောများကို ရှင်းလင်းပြခြင်း စသည်များကို ပြုလုပ်ခဲ့ပါ သည်။ "ကကလှမ်း" မှ အရာရှိ အများစုမှာလည်း အခြားနိုင်ငံများတွင် ထောက်လှမ်းရေးပညာ သင်ခဲ့ကြသူများဖြစ်၍ တပည့်မခံလိုသည့် သဘောထား များရှိခဲ့ကြပါသည်။ သို့သော်လည်း နောက်ပိုင်းတွင် ဗိုလ်မှူးကြီးလွင်နှင့် ဗိုလ်မှူးချစ်ခင်တို့ မရှိတော့သောအခါ၌ အလွန်ကျိုးနွံလာကြပါသည်။

"ကကလှမ်း" တွင် အလွန်တော်သော ဂျီတူးမှာ ဗိုလ်မှူးဘိုနီ ဖြစ်ပါ သည်။ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးအဆက်ဆက်မှ ယုံကြည် အားထားခဲ့ရသူဖြစ်ပါသည်။ နောက်ဆုံးတွင် ဗိုလ်ချုပ်တင်ဦး၏ ယုံကြည်မှုကို လုံးဝရရှိသူဖြစ်ပါသည်။ ၎င်းနှင့်တစ်ချိန်တည်းလိုလို ဂျီတူးဖြစ်ခဲ့သူများ၊ ၎င်း၏ ရှေ့နောက်ကပ်လျက်ဖြစ်ခဲ့သူများကို ကကလှမ်းမှဝေးကွာသွားအောင် လိမ္မာ ပါးနပ်စွာဆောင်ရွက်နိုင်ခဲ့သူဟူ၍ နာမည်ရရှိခဲ့ပါသည်။ ဗထလမှ ဗိုလ်ချုပ်တင်ဦး နှင့် နီးစပ်စွာ လုပ်ကိုင်သူများကိုလည်း ဗိုလ်ချုပ်တင်ဦး၏ အနီးအနားသို့ မရောက်အောင် စွမ်းဆောင်နိုင်ခဲ့သူလည်းဖြစ်ပါသည်။ အဖြစ်အပျက်တစ်ခုမှာ ဗထလမှ ဗိုလ်မှူးကြည်ဆွေအား အကောက်ခွန်ဦးစီးဌာနသို့ ပြောင်းရွှေ့ပြီး နောက် ၎င်းအား အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ ယာယီဌာနချုပ်ရှိသော (၇)မိုင်ခွဲထောက်လှမ်းရေး အထူးတပ်ရှိ အရာရှိနေ အိမ်တစ်လုံးကိုပေးပြီး နေခိုင်းခဲ့ပါသည်။

ယင်းသို့ ထားရှိသဖြင့် ဗိုလ်မှူးကြည်ဆွေနှင့်ဗိုလ်မှူးချုပ် တင်ဦးတို့အား မကြာခဏမြင်တွေ့နိုင်သော အခြေအနေကိုဖြစ်စေခဲ့ပါသည်။ ထိုအခြေအနေ မျိုးကိုပြောင်းလဲပစ်ရန်အတွက် ဗိုလ်မှူးဘိုနီက ဗိုလ်မှူးကြည်ဆွေအား အခြားတင် နေရာသို့ပြောင်းရန် စီစဉ်ခဲ့ပါသည်။ ထိုသို့ ပြောင်းရွှေ့ရန်စီစဉ်နေစဉ် ဗိုလ်မှူးချုပ်


www.burmeseclassic.com

www.burmeseclassic.com



တင်ဦးသိရှိသွားပြီး ဗိုလ်မှူးကြည်ဆွေအား ၄င်းထားရာတွင်မနေလို၍ ပြောင်းရန်စီစဉ်သည်ထင်ပြီး တော်တော်မကျေမနပ်ဖြစ်ခဲ့ကြောင်း တွေ့ခဲ့ရပါသည်။ တက္ကသိုလ်မှစ၍ သူငယ်ချင်းအဖြစ်နှင့်အလွန်ရင်းနှီးခဲ့သော ဗိုလ်မှူး အေးလွင်အား ဗိုလ်ချုပ်တင်ဦးက 'စံရှား'ဟုခေါ်ပြီး အလွန်ခင်မင်ခဲ့သော်လည်း ဗိုလ်ချုပ်တင်ဦး ကကလှမ်းရောက်ပြီးနောက်ပိုင်းတွင် လုံးဝကင်းကွာသည့်အခြေအနေသို့ ရောက်သွားခဲ့ရသည်။

ဗိုလ်မှူးဘိုနီအား ထောက်လှမ်းရေးလောကမှာ အရာရှိများက ''မဂိုဘုရင်''ဟူ၍ လျှို့ဝှက်အမည်ပေးထားကြသည်။ မဂိုလမ်းတွင် အမြဲလို ကျက်စားခဲ့ပြီး၊ မဂိုလမ်းမှ ရွှေကုန်သည်များနှင့် အလွန်ရင်းနှီးမှုရှိခဲ့ပေသည်။ ထောက်လှမ်းရေးလောကတွင် အရာထမ်းတစ်ယောက်ကဲ့သို့မဟုတ်ဘဲ အလွန်ချမ်းသာသူတစ်ဦးအဖြစ် သိထားကြပေသည်။ ဘောက်ထော်တွင် ၄င်း၏မိတ်ဆွေများမှ တစ်ဆင့် နိုင်ငံခြားပြန်အိမ်ကို စုတ်ပြတ်နေသော အိမ်တစ်လုံးကိုဝယ်ရသကဲ့သို့ ဗိုလ်ချုပ်တင်ဦးအား အသိပေးပြီး ငွေနှစ်သောင်းကို အိမ်ပြင်ရန်ဟု ချေးခဲ့ပါသည်။ ဗိုလ်ချုပ်တင်ဦးမှာ အရေးယူအပြစ်ပေးခံရသည်အထိ ဗိုလ်မှူးဘိုနီ အိမ်စုတ်ကြီးဝယ်ခဲ့ရသည်ဟု မကြာခဏစိတ်မကောင်းဖြစ်စွာပြောခဲ့ပါသည်။ အမှန်မှာ အကောင်းဆုံးအိမ်တစ်လုံးဖြစ်သည်။ ထိုမျှမကဘဲ ၄င်းအိမ်အနီးမှ တိုက်ကြီးတစ်လုံးကိုပါ ထပ်မံဝယ်ယူခဲ့သဖြင့် တစ်လမ်းလုံးကို ၄င်း၏အိမ်များက လွှမ်းမိုးသွားခဲ့ကြောင်း သိရပါသည်။ ဗိုလ်ချုပ်တင်ဦးမှာကား အပြစ်ပေးအရေးယူခံရသည်အထိ ကိုယ်ပိုင်အိမ်မရှိခဲ့၍ သူ၏ မိသားစုမှာ အစိုးရကသိမ်းထားသော နေအိမ်တွင် ငှားရမ်းနေထိုင်ခဲ့ ကြရပါသည်။

ဗဟိုထောက်လှမ်းရေးတပ် တပ်မှူးဘဝတွင် ဗိုလ်မှူးချုပ်တင်ဦးသည် အလွန်ဆင်းရဲစွာနေခဲ့ရသဖြင့် တပ်မှရဲဘော်များ၏ သက်သာချောင်ချိရေးကို အထူးဂရုစိုက် ဆောင်ရွက်ပေးခဲ့ပါသည်။ ဖွဲ့စည်းပုံအရ တပ်မှူးနှင့်ဒုတပ်မှူးတို့မှအပ အခြား အရာရှိများအတွက် သီးခြားကားဟူ၍ မရှိခဲ့ကြပါ။ ကားများကို အရေးကြီးမှုအဆင့်ခွဲ၍ ဦးစားပေးပြီးသုံးစေပါသည်။ စစ်ဆင်ရေးနှင့် လေ့ကျင့်ရေးကို ဦးစားပေးရန်၊ ရာရှင်ထုတ်ခြင်း၊ ဆေးရုံသို့လူနာပို့ခြင်း၊ ကလေးကျောင်းပို့ခြင်း စသည့် အုပ်ချုပ်မှုကိစ္စများကို ဒုတိယဦးစားပေးပြီး အရာရှိများ အုံးလိုပါက



www.burmeseclassic.com

www.burmeseclassic.com



ပူးတွဲ၍ ကားတောင်းပြီးသုံးရန် စသည်ဖြင့် စနစ်တကျ စီစဉ်ပေးခဲ့ပါသည်။ သမဝါယမ ခွဲတမ်းပစ္စည်းများတွင် တန်ဘိုးကြီး ပစ္စည်းတစ်ခု နှစ်ခုစသဖြင့် ပါရှိလာပါက အနိမ့်ဆုံးရဲဘော်မှစပြီး ဝယ်နိုင်သူများကို အဆင့်ဆင့်ဝယ်ခွင့်ပြုခဲ့သည်။ ရဲဘော်များအလွယ်တကူ ဝယ်ယူနိုင်ရန်အတွက် မြို့တွင်းမှ ကုန်သွယ်ရေးသမဝါယမစသည့် ဆိုင်များမှ ပစ္စည်းများဝယ်ယူပြီး တပ်တွင်း သမဝါယမဆိုင်တွင်တင်ပေးခဲ့ပါသည်။ ထောက်လှမ်းရေးတပ်မှ ရဲဘော်များနှင့် မိသားစုများ၏ နာရေးများကို အထူးဂရုပြု၍ ဆောင်ရွက်ပေးခဲ့သူဖြစ်ပါသည်။

အစိုကပုဂ္ဂိုလ်လုံခြုံရေး တာဝန်ထမ်းဆောင်ရသော ဆရာကြီးများသည် ဗိုလ်ချုပ်တင်ဦးအားအလွန်လေးစားကြပြီး အလွန်လည်းကြောက်ရွံ့ခဲ့ကြသည်။ ဗိုလ်ချုပ်ကြီးနေဝင်းနှင့်အနီးကပ်တာဝန် ထမ်းဆောင်ကြရသဖြင့် လူကြီးများ၏ အရေးပေးခံကြရသော်လည်း ဗိုလ်ချုပ်တင်ဦးကို ကြောက်လန့်ကြသဖြင့် ဘာအခွင့်အရေးမှ မယူခဲ့ကြကြောင်းတွေ့ရပါသည်။ သို့သော်လည်း ဗိုလ်ချုပ်တင်ဦးနှင့်ဝေးသွားသော ဗိုလ်ချုပ်ကြီးနေဝင်း၏အနီးအနားတွင် အမြဲလိုနေခဲ့ရသူများမှာကား အလွန်အခွင့်အရေးရခဲ့ကြောင်းကို ကြားသိရပါသည်။

## ထိန်းသိမ်းခံရသူများ

တော်လှန်ရေးအစိုးရမှ ထိန်းသိမ်းခဲ့သူများသည် နိုင်ငံရေးအတွေ့အကြုံသော်လည်းကောင်း၊ စစ်ရေးအတွေ့အကြုံသော်လည်းကောင်း အထူး ရင့်ကျက်သူများဖြစ်ကြပါသည်။ ၎င်းတို့အား ယာယီစခန်းတွင် ထိန်းသိမ်းထားစဉ်က ဗိုလ်မှူးတင်ဦးနှင့်တကွ တာဝန်ပေးထားသော အရာရှိများက နေ့စဉ်လိုလို သွားရောက်တွေ့ဆုံကြပြီး လိုအပ်သည်များကို တတ်နိုင်သမျှ အကူအညီပေးခဲ့ကြပါသည်။ ထိုသို့ သွားရောက်တွေ့ဆုံရင်း ရင်းနှီးစွာ စကားပြောဆိုဆွေးနွေးကြရင်း တော်လှန်ရေးအစိုးရ၏စေတနာ၊ ဗိုလ်ချုပ်ကြီးနေဝင်း၏ အရည်အချင်းပြည့်ဝပုံစသည်များကို အလျဉ်းသင့်တိုင်း ပြောဆိုဆွေးနွေးခဲ့ကြပါသည်။ ယင်းသို့ဆွေးနွေးရာတွင် ထိုပုဂ္ဂိုလ်များ၏ ပြန်လည် ဆွေးနွေးချက်များမှာ ထိုစဉ်က သက်သက်မခံချင်အောင် ပြောသည်ဟုယူဆခဲ့ကြသော်လည်း အလွန်စဉ်းစားစရာများဖြစ်ကြောင်း နောင်တွင် သိလာရပါသည်။ အေးအေးဆေးဆေးနှင့်


www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးသူများမှာ တည်မြဲဖဆပလမှ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ဖြစ်ကြ ပါသည်။ ဖျက်ရယ်ပြုသကဲ့သို့ ပြန်လည်မေးခွန်းထုတ်ခြင်း၊ ဆွေးနွေးခြင်းပြု သူများတွင် ယခင် သမ္မတဟောင်း ဦးဝင်းမောင်၊ ဦးဝင်း၊ ဦးရာရှစ်၊ ဗိုလ်မင်းခေါင် စသူတို့မှာ ရှေ့ဆုံးမှ ပုဂ္ဂိုလ်များဖြစ်ကြသည်။

ဗိုလ်ချုပ်ကြီးနေဝင်းအပေါ်တွင် ဆရာ စန်းမြင့်(ဗိုလ်မှူးစန်းမြင့်)၊ ဆရာကြင်သိန်း(ဗိုလ်မှူးကြင်သိန်း)၊ ဗိုလ်ကြီးစိန်မြင့် တို့မှစ၍ ရဲဘော်ဟောင်းများက သစ္စာရှိပုံ အနှံ့အတာခံပုံစသည်များကို အလျဉ်း သင့်၍ ပြောပြသည့်အခါများတွင် ဦးဝင်းက မကြာခဏပြန် မေးတတ် သောမေးခွန်းမှာ "ခင်ဗျားတို့တစ်တွေက ဗိုလ်ချုပ်ကြီးနေဝင်းအတွက်ဆိုရင် အသက်ပေးပြီး သစ္စာရှိကြမယ်ဆိုတာကို ယုံကြည်ပါတယ်ဗျာ၊ ကျွန်တော် တစ်ခု စဉ်းစားမိလို့မေးပါရစေဗျာ။ ကပ်သီး ကပ်သပ်မေးတယ်လို့တော့ မအောက်မေ့ပါနဲ့နော်၊ ခင်ဗျားတို့ ဗိုလ်ချုပ်ကြီးကို အကြောင်းတစ်ခုခုကြောင့် ပြည်သူလူထုက မကျေနပ်ကြတော့ဘူးဆိုပါတော့ဗျာ၊ အဲဒီအခါမှာ ခင်ဗျားတို့ဟာ ပြည်သူလူထု ဘယ်လောက်မှန်မှန် ဗိုလ်ချုပ်ကြီးကိုပဲ သစ္စာရှိနေကြမှာပဲလို့ ထင်တယ်။ ကျွန်တော့်အထင်များ မှားမလားမသိဘူး" ဟူ၍ မေးတတ်ပါသည်။ ဗိုလ်မှူးတင်ဦးကိုကား မေးခဲ့ခြင်းမရှိကြောင်းသိရပါသည်။ အခြားအရာရှိများ ကိုမူ မကြာခဏ မေးတတ်ကြောင်းသိရပါသည်။ အရာရှိများက လိမ္မာစွာဖြင့်ပင် "ဒီအဖြစ်မျိုးတော့ မရှိနိုင်ပါဘူးခင်ဗျာ။ ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဗိုလ်ချုပ်ကြီးနေဝင်းတို့က တပ်မတော်သားတွေကို မိန့်ကြားထားတာရှိပါတယ်။ တပ်မတော် ဟာ ပြည်သူတွေအတွက်ဖြစ်တယ်။ ပြည်သူတွေဟာ တပ်မတော် အတွက် မဟုတ်ဘူးလို့ အတိအလင်းမိန့်ကြားထားခဲ့ပါတယ်။ ဒါကိုကြည့်ရင် ကျွန်တော်တို့ တပ်မတော်သားတွေဟာ ပြည်သူကိုပဲ ဦးစားပေးရမယ်လို့ အဓိပ္ပာယ်ရှိပါတယ်ခင်ဗျား" ဟူ၍ ဖြေကြားခဲ့ပါသည်။

ဦးဝင်းသည် အခြားသူများကဲ့သို့ ဘာသာတရားနှင့် ပတ်သက်သော စာအုပ်များကို သိပ်ပြီးဖတ်လေ့မရှိခဲ့ပါ။ ၎င်းသည် ပန်းချီရုပ်ပုံများကိုဆွဲပြီး ၎င်း၏အခန်းတွင်ကပ်ထားခြင်း၊ ၎င်း၏နေအိမ်သို့ စာပို့ရာတွင် ထည့်ပေးခြင်း များရှိပါသည်။ အလွန်အရွှံ့တိုက်တတ်သူဖြစ်ပါသည်။ ခရမ်းသီးချက်ကျွေးသည့် နေ့မျိုးတွင် ခရမ်းသီးပုံကြီးကို ဆွဲထားတတ်ပြီး၊ ဘူးသီးချက်ကျွေးသည့်နေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးသီးပုံကို ဆွဲထားတတ်ပါသည်။ တစ်ခါက အယ်လ်ဖေးရှင်းခွေးကြီး၏ ပုံကိုဆွဲထားပါသည်။ "ခွေးထဲမှာ အယ်လ်ဖေးရှင်းဟာ သတ္တိလည်းအလွန်ကောင်းပြီး၊ သခင်ကိုလည်း အလွန်သစ္စာရှိကြောင်း" ပြောပြပါသည်။ အရာရှိများမှာ ၄င်းတို့၏ သစ္စာရှိမှုကို လှောင်ပြောင်ထားကြောင်း ရိပ်စားမိကြသော်လည်း မသိဟန်ဆောင်၍နေခဲ့ကြပါသည်။ ထိုစဉ်က ဗိုလ်မှူးတင်ဦးက ထိန်းသိမ်းထားသူများကို လေးစားရန် မည်သည့်အခါမျှ အတိုက်အခံပြောခြင်း၊ ငြင်းခုံခြင်း မပြုရန် အထူးမှာကြားထားသဖြင့် အရာရှိများမှာ ၄င်းတို့ချင်းသာ မကျေနပ်ကြောင်းပြောခဲ့ကြရသည်။

ဦးကျော်ငြိမ်းသည် စာအုပ်အမျိုးမျိုးကို ဖတ်လေ့ရှိပါသည်။ ဘာသာရေးစာအုပ်များကို ပိုပြီးဖတ်ကြောင်းပြောပါသည်။ ငယ်စဉ်ကတည်းက ကျောင်းစာအုပ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့်ပတ်သက်သည့် စာအုပ်များသာ ဖတ်နေခဲ့ရသဖြင့် အမည်ခံ ဗုဒ္ဓဘာသာတစ်ဦးသာဖြစ်ခဲ့ကြောင်း၊ ယခုမှ ဗုဒ္ဓဘာသာ၏ လေးနက်မှုကို သိခွင့်ရကြောင်းများကို မကြာခဏ ပြောတတ်ပါသည်။ စကားပြောကြစဉ် ကြုံကြိုက်သည့်အခါများ၌ "ကိုနေဝင်းက တကယ်တော်တဲ့ လူတစ်ယောက်ပါ။ ကျွန်တော်နဲ့ အနီးကပ်တွဲခဲ့ရတာတွေရှိခဲ့ပါတယ်။ တစ်ခုတော့ ကျွန်တော်စိုးရိမ်မိတာရှိတယ်ဗျ။ ကိုနေဝင်းက အင်မတန်စိတ်မြန်တယ်။ အလွန်စိတ်လှုပ်ရှားတတ်တယ်၊ ကျွန်တော်တို့နိုင်ငံရေးသမားတွေလို အရေမထူဘူးဆိုပါတော့ဗျာ။ တပ်မတော်ကိုဖြစ်စေ၊ သူ့ကို ပုဂ္ဂိုလ်ရေးအရဖြစ်စေ၊ တစ်စုံတစ်ယောက်က ပြောဆိုတဲ့အခါမှာဆိုရင် အလွန်ဒေါသဖြစ်တတ်ပြီး ချက်ချင်းတပ်မှထွက်မယ်၊ အလုပ်မှထွက်မယ်လို့ ဖြစ်တတ်တယ်။ ဟိုတုန်းကတော့ သူက လူငယ်သဘောမျိုးကိုးဗျ။ အခုတော့ သူက ထိပ်ကလူဖြစ်နေပြီ ဟိုတုန်းကလို ထွက်မယ်လို့ ပြောမှာမဟုတ်တော့ဘူး။ သူ့ကိုပြောတဲ့လူ ပြောမယ့်လူတွေကို ရှင်းတော့မှာပဲဗျ။ ဒီတော့ ဘာဖြစ်မလဲ သိလား၊ သူ့ကို ပြောမယ့်သူ၊ ပြောရဲသူဆိုတာ ဘယ်ရှိနိုင်တော့မှာလဲဗျ။ အဲဒီလိုမရှိရင် သူမသိဘဲနဲ့ကို သူ အလွန်ရွံမုန်းခဲ့တဲ့ အာဏာရှင်ကြီးဖြစ်မှန်းမသိ ဖြစ်လာနိုင်တယ်ဗျ။ တစ်ချိန်တည်းမှာပဲ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုပြီး သူချမှတ်လိုက်တဲ့လမ်းစဉ်နဲ့ ဆန့်ကျင်တဲ့ အာဏာရှင်စနစ်ကြီးကို ထူထောင်မိရက်သားဖြစ်သွားနိုင်တယ်ဗျ" ဟု ပြောတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နှင့်ပတ်သက်၍ ဦးကျော်ငြိမ်းနှင့် ဦးဗဆွေတို့ မကြာခဏ အယူအဆ ကွဲလွဲတတ်ကြပါသည်။ ဦးဗဆွေက ဦးကျော်ငြိမ်းထင်သလို ဖြစ်မလာနိုင်ကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုတဲ့အမည်ကို ခံယူတာကိုက တခြားဆိုရှယ်လစ်စနစ်ထူထောင်တဲ့ နိုင်ငံများနဲ့မတူတာကိုပြကြောင်း၊ ဦးနေဝင်းသည် ဆိုရှယ်လစ်ထူထောင်သော အချို့သော နိုင်ငံကြီးများတွင် အာဏာရှင်စနစ် ကြီးဖြစ်နေ၍ အလွန်မကြိုက်သူဖြစ်ကြောင်း၊ အရင်းရှင်နိုင်ငံများ၏ ဒီမိုကရေစီအကြောင်းပြပြီးလည်းကောင်း လူ့အခွင့်အရေး အကြောင်းပြပြီးလည်းကောင်း လိုချင်ရာကို ဆွဲသွားတတ်သည်များကိုလည်း သဘောကျသူ မဟုတ်ကြောင်း အထူးသဖြင့် ကွန်မြူနစ်များ၏စိမ့်ဝင်လာခြင်းကို ဒီမိုကရေစီနိုင်ငံများက မတားဆီးနိုင်သဖြင့် တိုင်းပြည်အတွင်း ကမောက်ကမ ဖြစ်ရခြင်းမျိုးကို အလွန်မလိုလားကြောင်းများကို ပြောပြတတ်ပါသည်။

ဦးကျော်ငြိမ်းကလည်း ဗိုလ်ချုပ်ကြီးနေဝင်း၏စိတ်ဓာတ်ကို သူနားလည်ကြောင်း၊ ဗိုလ်ချုပ်ကြီး၏ ဆန္ဒသဘောထားကိုလည်းသိကြောင်း၊ သို့သော်လည်း လူ၏သဘာဝနှင့် ဖြစ်တတ်ပျက်တတ်သည့် သဘောကို စဉ်းစားကြည့်လျှင် အဖြေထွက်နိုင်ကြောင်း၊ အာဏာရှင်စနစ်ကို မကြိုက်သော်လည်း ကိုယ်တိုင် အာဏာရှင်လိုဖြစ်လာပြီး ၄င်းစနစ်ကို ထူထောင်လိုက်သလိုဖြစ်သွားကြောင်းများကို ပြန်လည်ဆွေးနွေးတတ်ပါသည်။ ဦးဗဆွေက စိတ်တိုတတ်သူလည်းဖြစ်ပါသည်။ စိတ်တိုလာသည့်အခါများ၌ "ကိုနေဝင်းဟာ တပ်မတော်မှာ သူလုပ်ချင်တိုင်းလုပ်၍ မရနိုင်ကြောင်း၊ ဝန်ကြီးဘဝက တပ်မတော်ကိုကိုင်တွယ်ခဲ့သူဖြစ်သဖြင့် တပ်မတော်မှအရာရှိကြီးများ၏ သဘောထားကိုသိကြောင်း၊ ကြိုက်သူများရှိသလို မကြိုက်သူများလည်းရှိကြောင်း ဦးကျော်ငြိမ်း စိုးရိမ်သလိုဖြစ်မလာနိုင်ကြောင်း"များကို ပြောတတ်ပါသည်။

ထိုအခါမျိုးတွင် ဦးကျော်ငြိမ်းက အချိုသတ်ပြီး ယခင်က ဝန်ကြီးဘဝနှင့် ၄င်းတို့ဝန်ကြီးများလုပ်နေစဉ် အခြားအနေနှင့်ယခု အခြေအနေမတူတော့ကြောင်း၊ ၄င်းတို့ဝန်ကြီးများဘဝက တစ်ခုခုဖြစ်လျှင် ကျောထောက်နောက်ခံ လုပ်ပေးနိုင်သော်လည်း ယခုလို အခြေအနေမျိုးတွင် ဘာမှမတတ်နိုင်သောကြောင့် ဦးနေဝင်းကို ဆန့်ကျင်သူများပေါ်ထွက်လာရန် မလွယ်ကူကြောင်း၊ တစ်ပါတီစနစ်မျိုးတွင်



www.burmeseclassic.com

www.burmeseclassic.com


အခြားလမ်းဟူ၍ ရွေးချယ်ရန်မရှိသောကြောင့် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ အချို့ကွန်မြူနစ်နိုင်ငံများမှာကဲ့သို့ပင် ငုံ့ခံနေကြရမည်သာဖြစ်ကြောင်းများကို ပြန်ပြောပြီး အချိန်က စကားပြောလာပါလိမ့်မယ် အချိန်ကို စောင့်ကြည့်ကြရန်သာရှိကြောင်းများကို ပြောတတ်ပါသည်။

ဦးဗဆွေကလည်း အချိန်ကိုစောင့်ကြည့်ရင် တွေ့မည်ဖြစ်ကြောင်း ဦးကျော်ငြိမ်းပြောသလို ဖြစ်မလာနိုင်ကြောင်း၊ အကယ်၍ ဖြစ်လာခဲ့လျှင်လည်း ကြာရှည်ခံမည်မဟုတ်ကြောင်း တပ်မှာဖြစ်စေ၊ အရပ်ဘက်မှာဖြစ်စေ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး အတွေ့အကြုံရှိသူများရှိကြောင်း၊ ဒီလိုစိတ်ဓာတ်တွေကို ဘယ်နည်းနဲ့မှ ချိုးနှိမ်မပစ်နိုင်ကြောင်း၊ တိုင်းပြည်ကို ထိခိုက်နိုင်တဲ့ စနစ်မျိုးတွေ ဖြစ်လာရင် ငုံ့ခံနေကြမှာမဟုတ်ကြောင်းများကို ဆွေးနွေးလေ့ရှိပါသည်။ နောက်ဆုံးတွင် ဦးကျော်ငြိမ်းက အလျှော့ပေးပြီး ဆွေးနွေးပွဲပြီးသွားတတ်ကြပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းအပေါ်တွင် ဝေဖန်ဆွေးနွေးချက်များအား ဗိုလ်မှူးတင်ဦးသို့တင်ပြသောအခါတွင် ၄င်းလည်း တော်တော်တွေဝေသွားခဲ့ပုံရပါသည်။ နောက်မှ မှတ်ချက်ပြုရာတွင် ဗိုလ်ချုပ်ကြီးနှင့် ၄င်းတို့နေခဲ့ရစဉ်က အသက်အရွယ်နှင့် ယခုအသက်အရွယ်မှာမတူတော့ကြောင်း အခြေအနေလည်း အမျိုးမျိုးပြောင်းလဲခဲ့ပြီဖြစ်ကြောင်း၊ အသက်အရွယ်နဲ့ အတွေ့အကြုံဟာ လူတစ်ယောက်ကို များစွာပြောင်းလဲသွားစေနိုင်ကြောင်း မရင့်ကျက်မီက စိတ်လှုပ်ရှားမှုများ၊ စိတ်မထိန်းနိုင်မှုများ ရှိနိုင်သော်လည်း ရင့်ကျက်လာသည့်အခါတွင် အလိုလိုတည်ငြိမ်လာနိုင်ကြောင်းများကို ရှင်းပြခဲ့ပါသည်။

## အိမ်တော်လုံခြုံရေး

ဗိုလ်မှူးချုပ်တင်ဦးသည် ဗဟိုထောက်လှမ်းရေးတပ်တွင် တာဝန်ထမ်းဆောင်နေစဉ်မှာပင် ဗိုလ်ကြီးကျော်စွာမြင့်ကိစ္စ ပေါ်ပေါက်လာခဲ့ပြီးနောက် ကကလှမ်းတွင်ပါ တာဝန်ကို ပူးတွဲထမ်းဆောင်လာရသည်။ ထိုစဉ်မှာပင် ဗိုလ်ချုပ်ကြီးနေဝင်း၏ ညွှန်ကြားချက်ဖြင့် အလုံလမ်းရှိ အိမ်တော်လုံခြုံရေးနှင့် ပတ်သက်ပြီး လုံခြုံမှု လေ့လာဆန်းစစ်ခြင်း (Security Survey) ပြုလုပ်ရန်


www.burmeseclassic.com

www.burmeseclassic.com


တာဝန်ပေးခြင်းခံခဲ့ရပါသည်။ ဗဟိုထောက်လှမ်းရေးတပ်မှ အရာရှိများ စစ်သည်များကို အခြေခံပြီး လုံခြုံမှုလေ့လာစစ်ဆေးခြင်းကို ပြုလုပ်ခဲ့ပါသည်။ လုံခြုံမှုလေ့လာစစ်ဆေးခြင်းမှာ အရေးကြီးသောဌာနများ အဆောက်အဦများ စက်ရုံအလုပ်ရုံများအတွက် လုံခြုံရေးအန္တရာယ်များကို ကာကွယ်နိုင်ရန် ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ပါသည်။ ယင်းသို့ပြုလုပ်ထားပြီးနောက် အခါအား လျော်စွာဖြစ်စေ၊ အခြေအနေအရဖြစ်စေ၊ (Security Inspection) ခေါ် လုံခြုံမှုစစ်ဆေးခြင်းများကို ပြုလုပ်သွားခြင်းအားဖြင့် လုံခြုံမှုအတွက် အလွန်ကောင်းမွန်အောင် ပြုလုပ်သွားနိုင်ပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းနှင့်မိသားစုသည် ထိုစဉ်က အလုံအိမ်တော်အတွင်းတွင် နေထိုင်ဆဲဖြစ်ပါသည်။ လုံခြုံမှုလေ့လာဆန်းစစ်ခြင်းမှာ အလွန်အသေးစိတ်ပြုလုပ်ရသဖြင့် အခြေအနေအရပ်ရပ်ကို အမှန်အတိုင်းသိရှိနိုင်ခွင့်ရှိခဲ့ပါသည်။ အပေါ်ယံအခြေအနေအရ အလွန် စိတ်ချရသော နေရာဌာနကြီးဟု ယူဆရသော်လည်း ဆန်းစစ်လေ့လာပြီးသောအခါတွင် အလွန်စိုးရိမ်စရာ အခြေအနေများကို တွေ့ရှိ ခဲ့ရပါသည်။ အိမ်တော်ဝန်ထမ်းများအတွင်း၌ မြန်မာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့်အဆက်အသွယ်ရှိသူ ရာဇဝတ်မှုအမျိုးမျိုးမှ တိမ်းရှောင်နေသူ စသည်များကို စစ်ဆေးတွေ့ရှိခဲ့ရပါသည်။ အများစုမှာ ဗိုလ်ချုပ်ကြီးနေဝင်း၏ ဇနီး ဒေါ်ခင်မေသန်း၏သဘောတူညီချက်ဖြင့် ခန့်ထားသူများဖြစ်ကြပါသည်။ အိမ်တော်အသုံးစရိတ်မှာလည်း နေ့စဉ် သောင်းဂဏန်း ကျော်နေခဲ့ပါသည်။ အခြေအနေအမျိုးမျိုးကို သိရှိခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်းသည် အလွန်ဒေါပွခဲ့ပါသည်။

ထိုသို့ လေ့လာဆန်းစစ်မှုပြုလုပ်ပြီးနောက်ပိုင်းတွင် ဒေါ်ခင်မေသန်း၏ အခြေအနေသည် အတော်ဆိုးဝါးသွားခဲ့ပါသည်။ အစိုးရဌာနများတွင် ဩဇာလွှမ်းမိုးနေခဲ့ခြင်းများအားလုံးကို ရုတ်သိမ်းခြင်းခံခဲ့ရပါသည်။ နောက်ဆုံးတွင် အိမ်ပေါ်မှ နှင်ချခြင်းခံခဲ့ရပြီး၊ အိမ်တော်မှ ထွက်ခွာသွားခဲ့ရပါသည်။ ထိုစဉ်က ဗိုလ်မှူးတင်ဦးသည် တော်တော်စိတ်မကောင်းဖြစ်ခဲ့ပုံရပါသည်။ ၎င်း၏ ဆောင်ရွက်ချက်ကြောင့် ထိုကဲ့သို့ ဖြစ်လာရသည်ဟု ယူဆခဲ့သောကြောင့်ဖြစ်ပါသည်။ တာဝန်အရလုပ်ဆောင်ရခြင်းဖြစ်၍ စိတ်မကောင်းမဖြစ်ရန် လူကြီးများက


www.burmeseclassic.com

www.burmeseclassic.com



အားပေးခဲ့ရပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် ဒေါ်ခင်မေသန်းအား အလွန်သံယောဇဉ်ကြီးမားပြီး မေတ္တာထားခဲ့ကြောင်းသိရပါသည်။ ဒေါ်ခင်မေသန်းသည် အနီးကပ်နေထိုင်သူများ၏ ပြောပြချက်အရ မယားဝတ္တရားကျေပွန်သည့်နေရာတွင် စံထားထိုက်သော အမျိုးသမီးဖြစ်ကြောင်း သိရပါသည်။ ဗိုလ်ချုပ်ကြီးအား အနှံ့အတာခံပြီး ပြုစုခဲ့ရာ၌ မိခင်က ရင်သွေးငယ်အား ပြုစုသည်ထက်လည်းကောင်း၊ သူနာပြု ဆရာမက လူနာကိုပြုစုသည်ထက်လည်းကောင်း သာလွန်အောင်ပြုစုခဲ့ကြောင်း ကမ္ဘာပေါ်တွင် လင်သားအပေါ်ပြုစုရာတွင် အတော်ဆုံး အမျိုးသမီးများအနက် ၎င်းကထိပ်တန်းကပါဝင်မည်ဖြစ်ကြောင်းများကို သိရှိရပါသည်။

ဒေါ်ခင်မေသန်းသည် ဂျပန်ခေတ်ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်သည်ဆိုသော်လည်း အင်္ဂလိပ်ခေတ်ဆရာကောင်းများ၏ မွေးထုတ်ခြင်းခံခဲ့ရသော သူနာပြုဆရာမတစ်ဦးဖြစ်သည်ဟု သိရပါသည်။ အလွန်စည်းကမ်းကြီး၍ အလွန်မေတ္တာစေတနာကြီးမားသော ဆရာ၊ ဆရာမကြီးများ သွန်သင်ဆုံးမမှုကို ခံယူခဲ့ရသူ၊ သူနာပြုဆရာမကောင်းတစ်ဦး ဖြစ်ခဲ့သည်ဟု အဆိုရှိပါသည်။ အနောက်တိုင်းယဉ်ကျေးမှုကိုလည်း အလွန်အထင်ကြီး၍ အလွန်အတုယူခဲ့သူတစ်ဦးဖြစ်ကြောင်းလည်း သိရပါသည်။ ယင်းအချက်သည်ပင် ဗိုလ်ချုပ်ကြီး၏ အသည်းတွင် ဆူးစူးခံရသကဲ့သို့ဖြစ်ခဲ့ရကြောင်း၊ အချစ်ကြီး၍ အမျက်ကြီးသလိုဖြစ်ခဲ့ရကြောင်းများကိုလည်း ကြားသိရပါသည်။

ဒေါ်ခင်မေသန်းအား အိမ်ပေါ်မှ နှင်ချပြီးနောက် များမကြာမီမှာပင် အိမ်ပေါ်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ဗိုလ်မှူးချုပ်တင်ဦးသည် အတော်ပင် စိတ်ပျက်ခဲ့ပုံရပါသည်။ ထိုစဉ်က ဆိုးတူကောင်းဘက်များဖြစ်ခဲ့ကြသော ဗိုလ်မှူးလေးမောင်၊ ဗိုလ်ကြီးအေးလွင်နှင့် အခြားရင်းနှီးယုံကြည်ရသော ဗိုလ်ကြီးများအား ညတစ်နာရီခန့်တွင် ရုံးသို့ခေါ်၍ တိုင်ပင်ခဲ့ပါသည်။ ဒေါ်ခင်မေသန်း အိမ်ပေါ်မှ ဆင်းသွားရခြင်းမှာ ၎င်း၏ပယောဂကဲ့သို့ဖြစ်ခဲ့ကြောင်း၊ သို့သော် ဗိုလ်ချုပ်ကြီး၏ ဆက်လက်တာဝန်ပေးမှုကြောင့် စိတ်အေးခဲ့ကြောင်း၊ ယခု ဒေါ်ခင်မေသန်း အိမ်ပေါ်သို့ ပြန်ရောက်လာသောအခါတွင် ၎င်းအနေနှင့် မျက်နှာချင်းဆိုင်ရန် မသင့်တော့ယူဆကြောင်း၊ ဗိုလ်ချုပ်ကြီးစန်းယုအား ၎င်းကို



www.burmeseclassic.com

www.burmeseclassic.com



လူကြီးများသွားလေ့မရှိသည့် နိုင်ငံတစ်ခုခုသို့ ပို့ပေးရန် ပြောခဲ့ပြီးဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးစန်းယုကလည်း စိုးရိမ်ခြင်းမဖြစ်ရန် အားပေးကြောင်းများကို ရှင်းပြပါသည်။ ၄င်းအနေဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းအား ဖွင့်ပြောတင်ပြပြီး အဝေးသို့သွားတော့မည့် အကြောင်းများကို တိုင်ပင်ခဲ့ကြောင်းသိရပါသည်။ သို့သော်လည်း နောက်တစ်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်းက ခေါ်၍ နံနက်စာစားရင်း ဒေါ်ခင်မေသန်း ပြန်ရောက်လာခြင်းမှာ ၄င်း၏ကိုယ်ရေးကိုယ်တာဖြစ်၍ တာဝန်ထမ်းဆောင်ခြင်းနှင့်ဘာမှ မသက်ဆိုင်ကြောင်း လုပ်စရာရှိသည်ကို ရဲရဲဝံ့ဝံ့ဆက်လုပ်သွားရမည်ဖြစ်ကြောင်း၊ ၄င်း၏ ကိုယ်ရေးကိစ္စကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရန်မလိုကြောင်း သိခဲ့ရပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် ဒေါ်ခင်မေသန်းအား အလွန်သံယောဇဉ်ကြီးမားသည်ဟု သိရပါသည်။ ဒေါ်ခင်မေသန်းနှင့်ဝေးဝေးနေ၍ မရနိုင်သောအခြေအနေတွင်ရှိပါသည်။ ထိုစဉ်က ဗိုလ်ချုပ်ကြီး၏ ကျန်းမာရေးမှာလည်းများစွာမကောင်းလှသဖြင့် ဒေါ်ခင်မေသန်း၏ ပြုစုမှုကိုပို၍ လိုလားသောအချိန်အခါဖြစ်ခဲ့ပါသည်။ ဗိုလ်ချုပ်ကြီး၏ မေတ္တာကြီးမားမှုကို ဒေါ်ခင်မေသန်းသေဆုံးပြီး အသုဘမချမီ ညတစ်ညတွင် ပို၍သိခဲ့ရသည်ဟုဆိုပါသည်။ ထိုည နှစ်နာရီခန့်တွင် ဗိုလ်ကြီးစိန်မြင့်နှင့် အခြားဆရာကြီးများ တာဝန်ကျနေစဉ် ဗိုလ်ချုပ်ကြီးက ဒေါ်ခင်မေသန်းအလောင်းကိုကြည့်၍ ဗိုလ်ကြီးစိန်မြင့်အား ခေါ်ကာ "စိန်မြင့် ကြည့်စမ်း မိန်းမက သေပြီးတာတောင် လှနေတုန်းပဲကွ" ဟုဆိုပြီး တော်တော်ကြာကြာ ရပ်ကြည့်နေခဲ့သည်ဟု သိရပါသည်။

ဒေါ်ခင်မေသန်း မသေဆုံးမီ ဗိုလ်မှူးချုပ်တင်ဦးအား တော်တော်ပင် ရွံမုန်းကြောက်ရွံ့ခဲ့ပုံရပါသည်။ ဗိုလ်မှူးချုပ်တင်ဦးအား မြင်တွေ့ရသည့်အခါများတွင် အနီးအနားမှ ဆရာကြီးများအား တွဲကိုင်ရပြီး "ဟဲ့ လန်ဘားကြီးလာပြီ၊ ငါ့ကိုကယ်ကြပါဦး"ဟု ပြောပြီး တုန်တုန်ချိချိ ဖြစ်နေတတ်ကြောင်းသိရပါသည်။ ဒေါ်ခင်မေသန်းအား သနားနေသော ဆရာကြီးတစ်ယောက်သည် ဗိုလ်မှူးချုပ်တင်ဦးအား အရေးယူပေးရန် ဗိုလ်ချုပ်ကြီးသို့ပစ်စာဖြင့် တိုင်ကြားသည်အထိ ဖြစ်ခဲ့ပါသည်။ ဗိုလ်ချုပ်ကြီးက ပစ်စာကို ဗိုလ်မှူးချုပ်တင်ဦးသို့ပေးပြီး လက်ရေးကို စစ်၍ ဘယ်သူလဲဆိုတာသိအောင်လုပ်ပြီး တပ်သို့ပြန်ပြီး တာဝန်ပေးရန်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ အသိမပေးရန်များကို ညွှန်ကြားခဲ့ကြောင်းသိရပါသည်။

အိမ်တော်လုံခြုံရေးဆောင်ရွက်ပြီးနောက် ဒေါ်ခင်မေသန်းအား အကြောင်းပြုပြီး ဗိုလ်ချုပ်ကြီးကို မိဘထက်မက ရိုသေလေးစားခဲ့သော ဗိုလ်ကြီးစန်းမြင့်နှင့်အဖွဲ့အား ဗဟိုထောက်လှမ်းရေးတပ်သို့ ပြောင်းပြီး ဆရာကြင်သိန်း (ဗိုလ်မှူးကြင်သိန်း)နှင့်အဖွဲ့အား ပြောင်းလဲ တာဝန်ပေးခဲ့ပါသည်။ ဗိုလ်မှူးချုပ်တင်ဦးက ဗိုလ်ကြီးစန်းမြင့်အား ထောက်လှမ်းရေးတပ်များတွင် ပို၍တာဝန်ပေးအပ်ခဲ့ရာ မြန်မာပြည် ကွန်မြူနစ်ပါတီ၏ ဗဟိုဌာနချုပ်မှစ၍ ပီကင်းပြန်များ ဗဟိုကော်မတီဝင်များအား တိုက်ခိုက်ရာတွင် အဓိကအခန်းမှ ပါဝင်ခဲ့ရသူဖြစ်ခဲ့ပါသည်။

**လူကောင်း၊ လူတော်**

ဗိုလ်ချုပ်ကြီးနေဝင်းက တိုင်းပြည်အတွက် လူတော်များထက် လူကောင်းများကို ပိုမိုလိုအပ်ကြောင်း အတိအလင်းထုတ်ဖော်မိန့်ကြားခဲ့ပါသည်။ လူတော်များကို လူကောင်းများဖြစ်လာအောင် လုပ်ရန်မလွယ်ကူသော်လည်း လူကောင်းများကို လူတော်များဖြစ်အောင် လုပ်ယူ၍ရနိုင်ကြောင်း၊ လူကောင်းဆိုသည်မှာ တိုင်းပြည်နှင့်လူမျိုးအပေါ်တွင် သစ္စာရှိသူ၊ အကြီးအကဲများနှင့် အဖွဲ့အစည်း အပေါ်တွင် သစ္စာရှိသူများကို ဆိုလိုကြောင်း ၎င်း၏ မိန့်ခွန်းများအရ ပေါ်လွင်ပါသည်။ ဆိုရှယ်လစ်စနစ်ထူထောင်သော နိုင်ငံကြီးများမှ ခေါင်းဆောင်ကြီးများသည် တိုင်းပြည်အတွက် ပညာတတ်များဖြစ်သော အတတ်ပညာရှင် အသိပညာရှင်များ များစွာလိုအပ်ကြောင်း၊ သို့သော်လည်း တစ်ကိုယ်ကောင်းဆန်တတ်သော ပညာတတ်ညာဉ်ရှိ သူများကိုကား ဖယ်ရှားရမည်ဖြစ်ကြောင်းများကို အတိအလင်း ဟောကြားပြောဆိုခဲ့ကြပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏ လူကောင်းများ လိုအပ်သည်ဆိုသော စကားနှင့်အဓိပ္ပာယ်တူသယောင်ရှိသည်ကို တွေ့ရပါသည်။ တပ်မတော်တွင် တာဝန်များထမ်းဆောင်ခဲ့ကြသော ဗိုလ်ချုပ်ကြီးနေဝင်းနှင့် နီးစပ်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် လူကြီးများ၏ ပြောကြားချက်များအရ "ဗိုလ်ချုပ်က လူကောင်းလူတော်ကို ခုမှ ခွဲခြားပြောတာမဟုတ်ဘူး။ ကျွန်တော်တို့ တပ်မတော်မှာ တာဝန်ယူခဲ့စဉ်က မကြာခဏ ပြောတတ်တဲ့စကား ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တော်တဲ့ကောင်တွေကို ကျပ်ကျပ်သတိထား၊ မင်းတို့ကိုခွစီးသွားလိမ့်မယ် ဆရာမွေးသလို ဖြစ်လိမ့်မယ်ဟူ၍အမြဲပြောခဲ့တယ်။ သစ္စာရှိတဲ့ကောင်၊ ကောင်းတဲ့ကောင်တွေကိုမွေး၊ နောက်မှတော်အောင်လုပ်ယူ၊ အဲဒါ အန္တရာယ် ကင်းတယ်" လို့ အမြဲပြောခဲ့ကြောင်းများကို သိရပါသည်။ ဗိုလ်ချုပ်ကြီးသည် လူတော်များကို မကြိုက်သည်မှာ ၎င်း၏ဗီဇဖြစ်ပုံရပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်ခဲ့သော ဦးသန့်နှင့်ပတ်သက်၍ နိုင်ငံတကာမှ ရေးသားကြသော ပညာရှင်များ၏ ရေးသားချက်များကို ဖတ်ရှုကြရသောအခါတွင် ဦးသန့်သည် အလွန်တော်သူဖြစ်ကြောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဖြစ်လာသူများသည် လူတော်များဖြစ်မည်မှာ သံသယဖြစ်ဖွယ်မရှိကြောင်း၊ ထိုသို့ဖြစ်လာသူများအထဲတွင် ဦးသန့်သည် ပို၍ ထူးခြားမှုရှိကြောင်း၊ အနောက်အုပ်စု အရှေ့အုပ်စုမှစ၍ ကြားနေနိုင်ငံများအားလုံးက အလွန်လေးစားခြင်းကို ခံရသူဖြစ်ကြောင်းများကို ဖတ်ရှုမှတ်သားကြရပါသည်။ ဆောင်းပါးရှင်တစ်ဦးက မှတ်ချက်ပြုရာတွင် ဦးသန့်သည် မြန်မာနိုင်ငံတွင်သာနေရပါက ၎င်း၏အရည်အချင်းများကို ကမ္ဘာက သိခွင့်ရကြမည်မဟုတ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂသို့ ရောက်ရှိလာ၍သာ ၎င်း၏ အရည်အချင်းများကို နိုင်ငံတကာက သိရှိခွင့်ရရှိခဲ့ကြောင်း၊ အရည်အချင်းကောင်းမွန်ရုံတင်မကဘဲ စိတ်ထားလည်း အလွန်မွန်မြတ် ကောင်းမွန်သူတစ်ဦးဖြစ်ကြောင်းကို ၎င်းနှင့် ဆက်သွယ်ခွင့်ရရှိသူတိုင်းက ထုတ်ဖော်ပြောကြားခဲ့ကြကြောင်းများကို ရေးသားထားခဲ့သည်ကို တွေ့ခဲ့ရပါသည်။

ဦးသန့်သည် အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ၎င်း၏မိခင်ကို ကန်တော့ရန် မိခင်တိုင်းပြည်သို့ ပြန်ခဲ့ဖူးပါသည်။ တော်လှန်ရေးကောင်စီ လက်ထက်တွင်ဖြစ်၍ မြန်မာနိုင်ငံသို့ ရောက်လျှင်ရောက်ချင်း နိုင်ငံ၏အကြီးအကဲဖြစ်သော ဗိုလ်ချုပ်ကြီးနေဝင်းအား ဂါရဝပြု နှုတ်ဆက်လိုကြောင်းပြောကြားပြီး၊ စီစဉ်ပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။ ဗိုလ်ချုပ်ကြီးအား တင်ပြရာတွင် မတွေ့လိုကြောင်းပြောကြားပြီး ပေလီသို့ထွက်ခွာသွားခဲ့ပါသည်။ ဦးသန့်က ခေါင်းဆောင်ကြီး၏ မူလအစီအစဉ်အရ သွားခြင်းဖြစ်၍ ၎င်းပေလီသို့ လိုက်၍ နှုတ်ဆက်ပါမည်ဆိုပြီး ပေလီသို့လိုက်သွားခဲ့ပါသည်။ ပေလီတွင်တွေ့ရန်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားစဉ် မတွေ့ခဲ့ရဘဲ ဗိုလ်ချုပ်ကြီးသည် နောက်နေ့စောစောတွင် ပြန်၍ ထွက်ခွာသွားခဲ့ပါသည်။

ထိုစဉ်က ဦးသန့်နှင့်တွေ့ဆုံခဲ့ရသော ဗိုလ်ချုပ်ကြီးတင်ဦး (ကာကွယ်ရေးဦးစီးချုပ်ဟောင်း) က မိတ်ဆွေများနှင့် စကားစပ်မိ၍ ပြောကြားရာတွင် ''ဗိုလ်ချုပ်ကြီးက ဘာဖြစ်လို့လဲ မသိပါဘူးဗျာ။ မအားလို့ မတွေ့နိုင်ကြောင်း ပြောပြီး၊ မြန်မြန်ပြန်ခဲ့ဆိုလို့ ကျွန်တော်ကသွားတယ်။ ဟိုရောက်တော့ ဦးသန့်က အလ္လာပ သလ္လာပပြောပြီး စကားကောင်းနေတော့ ရုတ်တရက်စကား မဖြတ်နိုင်ဘူးပေါ့ဗျာ။ ဦးသန့်ကို အနီးကပ်တွေ့ရပြီး သူစကားပြောတာ နားထောင်ရတာနဲ့ တကယ့် သူတော်ကောင်းလူတော်ကြီးတစ်ယောက်ဆိုတာကို ကျွန်တော်အကဲခတ်မိတယ်။ ဒီတော့ စကားဖြတ်ရမှာ အားနာပြီး နားထောင်ခဲ့ရတာပေါ့ဗျာ။ ကျွန်တော်လည်း ပြန်ရောက်ရော ဘာလို့ ဒီလောက်ကြာနေရတာလည်းကွ ဆိုပြီး ဆူတော့တာပဲ၊ နောက်နေ့မနက်စောစော ပြန်မယ်ဆိုပြီး ပြန်တော့တာပါပဲဗျာ''ဟူ၍ ပြောတတ်ပါသည်။ ''ဦးသန့်ကို နိုင်ငံတကာက လူတွေက ချီးကျူးကြတာလည်း မပြောနဲ့ဗျ၊ ကျွန်တော် ခဏတွေ့ရတာတောင် တော်တော်ကို လေးစားပြီး ကြည်ညိုမှုဖြစ်ခဲ့ပါတယ်ဗျာ''ဟူ၍လည်း ပြောတတ်ပါသည်။

အချို့က ထင်မြင်ချက်ပေးသည်မှာ ''ဦးသန့်က ဦးနုနဲ့ နီးစပ်တယ်ဗျ။ ဒါကြောင့် ဗိုလ်ချုပ်ကြီးက မတွေ့ချင်တာဖြစ်မယ်''ဟူ၍ လည်းကောင်း၊ ''ဦးသန့် တော်တဲ့အကြောင်းက ကမ္ဘာမှာတောင် နာမည်ကြီးနေတော့ လူတော်မကြိုက်တဲ့ ဗိုလ်ချုပ်ကြီးနဲ့ဘယ်တွေ့လို့ ရပါ့မလဲ''ဟူ၍လည်းကောင်း ထင်မြင်ချက်ပေးကြပါသည်။ ဟုတ်မဟုတ်မှာ ကာယကံရှင်သာ သိနိုင်သောအချက်ဖြစ်ပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်း တက်ရောက်လာပြီးနောက် အရေးယူခံရသူများ၊ လက်တွဲဖြုတ်ခံရသူ တော်တော်များများရှိခဲ့ပါသည်။ လူကြီးပိုင်းမှ ပါဝင်သကဲ့သို့ လူလတ်ပိုင်းမှလည်းပါဝင်ပါသည်။ ထူးခြားသည်မှာ ထိုအရေးယူခံရသူ လက်တွဲဖြုတ်ခံရသူများသည် တာဝန်ထမ်းဆောင်ကြစဉ်အတွင်း လူတော်များဟု ထင်ပေါ်လာသူများဖြစ်ကြောင်းကို တွေ့ရပါသည်။ လူတော်များသည် တစ်နေ့နေ့တွင် ခြေရာတိုင်းလာနိုင်သည်ဟု ယူဆ၍များ အရေးယူခံခဲ့ရသလော အများက



www.burmeseclassic.com

www.burmeseclassic.com



တော်၍ ထင်ပေါ်လာသဖြင့် မနာလိုဖြစ်ကြပြီး တွန်းကြတိုက်ကြ၍ပင်ဖြစ်သလောဟူ၍ စဉ်းစားဖွယ်ရာဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ လူတော်များ အနေဖြင့် နိုင်ငံအတွက် လုပ်ပိုင်ခွင့် ဆုံးရှုံးကြရခြင်းမှာ မလိုလားအပ်သော ကိစ္စတစ်ရပ်သာဖြစ်ပါသည်။

သာမန်အရပ်သားတစ်ဦးဖြစ်သော ဗဟိုနိုင်ငံရေးသိပ္ပံတွင် နည်းပြအရာရှိချုပ်အဖြစ် ဆောင်ရွက်ခဲ့သည့် ဦးချစ်လှိုင်အား အရေးယူခဲ့စဉ်က တပ်မတော်မှ အရာရှိကြီးတော်တော်များများသည် တော်တော်ပင် နှမြောတသဖြစ်ခဲ့ကြသည်။ ဦးချစ်လှိုင်အား ကွန်မြူနစ်ဝါဒကို လိုလားသူဖြစ်၍ အရေးယူခံရသည်ဟူ၍ လည်းကောင်း၊ ကိုယ်ရေးကိုယ်တာကိစ္စကြောင့် အရေးယူခံရသည်ဟူ၍ လည်းကောင်း အမျိုးမျိုး ပြောဆိုသံကြားခဲ့ကြရသော်လည်း ၎င်းနှင့်နီးစပ်သူများ၊ ၎င်း၏ သင်တန်းကို တက်ရောက်ခဲ့ကြရသူများကမူ လေးစားမှုလျော့ပါး မသွားကြောင်းကို သိရှိရပါသည်။ တပ်မတော်မှ အရေးယူခံခဲ့ရသည့် ဗိုလ်မှူးချုပ်အောင်ကြီး၊ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ရွှေ၊ ဗိုလ်မှူးချုပ်တင်ဖေမှစ၍ အရေးယူခံရသူ လူကြီးအများအပြားမှာ ထက်မြက်သော စစ်ခေါင်းဆောင်များဖြစ်ကြကြောင်းကို အများက အသိအမှတ်ပြုခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် ဒီဇင်ဘာအားကစားလ၌ "စောစောအိပ်လို့ စောစောထလို့ စောစော လမ်းလျှောက်ကြပါစို့"စသည်ဖြင့် လူအများကို စွဲဆောင်၍ ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်ရန် စည်းရုံးလှုံ့ဆော် ဆောင်ရွက်ခဲ့ရာတွင် ဗိုလ်မှူးကြီးလှအောင်သည် နာမည်ထွက်လာပါသည်။

လူအများအပန်းဖြေနိုင်ရန် တိရစ္ဆာန်ရုံ၊ ပန်းခြံများမှစ၍ တော်တော်ပြုပြင်မွမ်းမံနိုင်ခဲ့သူတစ်ဦးဖြစ်ပါသည်။ အစည်းအဝေးပွဲများ၊ လူထုလှုပ်ရှားမှုများ စသည်တို့တွင် တပ်မတော်လူဟောင်းကြီးများ ပြန်လည်တွေ့ဆုံကြရာ၌ ဗိုလ်မှူးကြီးလှအောင်အား "ကပြားကြီး သိပ်ပြီးအလုပ်လုပ်တယ်နော်။ နာမည်ကလည်း သိပ်ကြီးလာနေပြီ ဒုက္ခနဲ့လည်း သိပ်ပြီးနီးလာနေပြီဆိုတာကော သတိထားမိရဲ့လား"ဟု ပြောဆိုနောက်ပြောင်ကြပါသည်။ ထိုကြားထဲမှပင် ဗိုလ်မှူးကြီးလှအောင်မှာ အရေးယူခံခဲ့ရပါသည်။

ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့ဖူးသော ဗိုလ်မှူးချုပ်စိန်ဝင်း အား



www.burmeseclassic.com

www.burmeseclassic.com


တပ်မတော်သားများသာမက အရပ်ဘက်မှ ပုဂ္ဂိုလ်များကလည်း အလွန်လေးစားခဲ့ကြသည်။ အလုပ်လုပ်ရာတွင် လွန်စွာကြိုးစားခြင်း၊ ဆက်ဆံရေးအထူးကောင်းမွန်ခြင်းများကြောင့် အများ၏ ကြည်ညိုမှုကို ခံရသူဖြစ်ပါသည်။ "ဒီလောက်တော်တယ်လို့ နာမည်ထွက်လာရင်တော့ အဘိုးကြီးသွားတော့မှာပဲထင်တယ်"ဟူ၍ တပ်မတော်မှအရာရှိများက ထင်မြင်ချက်ပေးခဲ့ကြပါသည်။ ထင်ခဲ့ကြသည့်အတိုင်းပင် အရေးယူခံရသည်ဟု ကြားရပြီး နိုင်ငံတော်ကောင်စီသို့ ရောက်သွားခဲ့ရပါသည်။ "နိုင်ငံတော်ကောင်စီ ပို့တယ်ဆိုတာကတော့ ကောင်းသော ချောင်ထိုးနည်းပေါ့ကွယ်"ဟူ၍ လူကြီးများက ပြောဆိုလေ့ရှိကြပါသည်။ ယခင်က ပြည်ထဲရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ဖူးသူ ဗိုလ်မှူးကြီးကိုကိုသည်လည်း လူတော်တစ်ယောက်ဟု အများကချီးကျူးခံရသူ တစ်ဦးဖြစ်ပါသည်။ အားကစားသမားအဖြစ်လည်း တင်းနစ်ချန်ပီယံဘွဲ့ကို နှစ်ရှည်လများ ထိန်းသိမ်းထားနိုင်ခဲ့သူဖြစ်ပါသည်။ အလွန်စေ့စပ်သေချာသူတစ်ဦးဖြစ်သည်ဟု ကျော်ကြားသူဖြစ်ပါသည်။ "တော်တယ်လို့ နာမည်ထွက်လာရင်တော့သွားတော့မှာပဲ" ဟူ၍ စိတ်ဝင်စားသူများက ထင်မြင်ချက်ပေးနေရင်းမှာပင် အရေးယူခံခဲ့ရတော့သည်။

ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးတင်ဦးသည် အလွန်ကြိုးစားသူတစ်ဦးဟု နာမည်ရသူဖြစ်ပါသည်။ "ဗိုလ်ချုပ်ကြီးနေဝင်း၏သား"ဟူ၍ အများက သတ်မှတ်ခဲ့ကြသည်။ ဗိုလ်ချုပ်ကြီးနေဝင်းအား ဘုရားကဲ့သို့ ကိုးကွယ်ခဲ့သူတစ်ဦးဖြစ်ပါသည်။ ဗိုလ်ချုပ်နေဝင်းကဲ့သို့ပင် မှတ်ဉာဏ်အလွန်ကောင်းပြီး ဂျပန်ခေတ်ရဲဘော်ဟောင်းများအား အမည်နှင့်တကွ မှတ်မိသူဖြစ်သည်။ အလေးပြုပုံမှအစ ဗိုလ်ချုပ်ကြီးနေဝင်းနှင့်တူအောင် ကြိုးစားခဲ့သူဖြစ်သည်ဟုပင် နီးစပ်သူများက ပြောခဲ့ကြပါသည်။ တပ်မတော်အရာရှိ တော်တော်များများကပင်သူ့ရဲကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြုကြပါသည်။ စစ်ဆင်ရေးပြောင်မြောက်သူတစ်ဦးအဖြစ် ကျော်ကြားခဲ့ပါသည်။ ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာပြီးနောက်ပိုင်းတွင် တပ်မတော်အရာရှိကြီးများအတွင်း၌ တီးတိုးထင်မြင်ချက်ပေးလာခဲ့ကြပါသည်။ "တို့ဆရာကြီးတော့ စိုးရိမ်ရတဲ့အပိုင်းရောက်လာပြီ" ဟူ၍ ပြောလာခဲ့ကြပါသည်။ ထိုသို့ ပြောကြသည့်အကြားမှာပင် အရေးယူခံခဲ့ရပါ


www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ဗိုလ်မှူးချုပ်တင်ဦးကို ဗိုလ်ချုပ်ကြီးနေဝင်း၏ အရိုက်အရာကို ဆက်ခံမည့်သူဟူ၍ ပြည်တွင်းပြည်ပနိုင်ငံရေးအကဲခတ်ပုဂ္ဂိုလ်များက ယူဆခဲ့ကြပါသည်။ နိုင်ငံခြားစာစောင်များကမူ အတိအလင်းပင် ရေးသားဖော်ပြခဲ့ကြပါသည်။ ဗိုလ်မှူးချုပ်တင်ဦးနှင့်နီးစပ်သော အသိုင်းအဝိုင်းကမူ ၎င်းအတွက် စိုးရိမ်လာခဲ့ကြပါသည်။ "ဒီလောက် ကျော်ကြားလာရင်တော့ ရှေးယခင်ပုဂ္ဂိုလ်များလို သွားတော့မှာပဲ" ဟူ၍ ထင်မြင်လာခဲ့ကြသည်။ ဗိုလ်မှူးချုပ်တင်ဦးကလည်း ညှိနှိုင်းပွဲများတွင် အခြားသူများ ပြန်သွားကြလျှင် ထောက်လှမ်းရေးမှူးရင်းများအား အေးအေးဆေးဆေး ပြောတတ်ပါသည်။ "အလုပ်ကို ဂရုစိုက်ကြပါ သတိဝိရိယနှင့်လုပ်ကြပါ။ ကိုယ်ကျင့်တရားကို အထူးထိန်းသိမ်းကြပါ။ ကိုယ်က သူများကို အရေးယူနေရသလို တစ်နေ့မှာ ကိုယ်လည်း အရေးယူခံရသူဖြစ်နိုင်တယ်။ အဲဒီလိုဖြစ်လာရင် ကိုယ်မှန်မှန်ကန်ကန် လုပ်ခဲ့တယ်ဆိုတာကို စာရင်းအင်း အထောက်အထားနဲ့တကွ ပြနိုင်ဖို့လိုတယ်" စသည်ဖြင့် အမြဲပြောကြားခဲ့ပါသည်။

တစ်ခါတစ်ရံတွင် လူကြီးများကို အရေးယူရသည့်ကိစ္စများနှင့် ပတ်သက်၍ ၎င်းအနေနှင့်စိတ်မကောင်းသည့်အချက်တစ်ချက်ရှိကြောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းက ဘယ်သူ့ကိုပဲဖြစ်ဖြစ် အရေးယူတဲ့အခါမှာ ဥပဒေနဲ့ ဘောင်ဝင်အောင် လုပ်ရန်မှာကြားထားကြောင်း၊ အချို့မှာ ကိုယ်ကျင့်တရားနှင့်မဆိုင်ဘဲ အခြားအကြောင်းကိစ္စများကြောင့် အရေးယူရခြင်းဖြစ်သော်လည်း ဥပဒေဘောင်ဝင်အောင်လုပ်ရသည့်အတွက် အကျင့်စာရိတ္တနှင့်ပတ်သက် သလိုဖြစ်ဖြစ်သွားခဲ့ကြောင်း ၎င်းအနေနှင့်လည်း ဘာမှမတတ်နိုင်ကြောင်းများကို ပြောပြတတ်ပါသည်။

ပါတီတွဲဘက်အထွေထွေအတွင်းရေးမှူးဟောင်း ဗိုလ်မှူးကြီးသောင်းကြည် သေဆုံးပြီးနောက် ၎င်းကို တွဲဘက်အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ခံခဲ့ရပါသည်။ ထို့နောက် ထောက်လှမ်းရေးအရာရှိများသာ ပါဝင်သော ညှိနှိုင်းပွဲတစ်ခုတွင် ဗိုလ်မှူးချုပ်တင်ဦးက "ကျွန်တော့်အနေနဲ့ ဘယ်လိုမှ ရှောင်လို့မရတော့တဲ့အတွက် ပေးတဲ့ရာထူးကို ယူခဲ့ရတယ်။ ရာထူးကြီးလာရင်



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်နဲ့ ပိုပြီးနီးလာပြီဆိုတာကိုသိတယ်။ အတိတ်ဘဝကကံလို့ပဲ သဘော ထားရတော့မှာပဲ''ဟု ပြောပြခဲ့ပါသည်။ ဗိုလ်မှူးချုပ်တင်ဦးသည် လုပ်ဖော် ကိုင်ဖက်များနှင့်ပတ်သက်လာလျှင် ဘာမဆို ပွင့်ပွင့်လင်းလင်း ပြောတတ်သူ ဖြစ်ပါသည်။ ထို့ကြောင့် ၄င်းအားတစ်ဖက်တွင် အလွန်ကြောက်လန့်ကြသော် လည်း တစ်ဖက်တွင် ယုံကြည်အားထားမှုရှိခဲ့ကြပါသည်။ လူတစ်ယောက်ကို ဘဝတုံးအောင် မလုပ်လိုသူတစ်ဦးဖြစ်သဖြင့် အရေးမယူမီ နှုတ်ဖြင့်သတိပေး ခြင်း ကြိမ်းမောင်းဆူပူခြင်းများ ပြုတတ်ပါသည်။ ဆင်ခြင်သွားသူများမှာ အရေးယူမခံရသည်က များပါသည်။

ထောက်လှမ်းရေးအမြင်ရှိသူဖြစ်၍ အဘက်ဘက်ကစဉ်းစား လေ့ရှိပါ သည်။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးတင်ဦးအား အရေးယူပြီးကာစက ထောက်လှမ်းရေးမှ အရာရှိများနှင့် ညှိနှိုင်းပွဲတစ်ခုတွင် အရက်သောက်ကြရင်း လူရှင်းသွားသောအခါ၌ အေးအေးဆေးဆေး စကားပြောခဲ့ရာတွင် ''ဦးစီးချုပ် တော့ သွားပြီ။ ကျုပ်ကိုလည်း တစ်သက်လုံးကျေနပ်မှာမဟုတ်ဘူး။ လူကြီးတွေ လည်းဖြစ်လာခဲ့ပြီ၊ နိုင်ငံရေးအမြင်နဲ့ ဘယ်တော့မှ မကြည့်ကြဘူး၊ ကျုပ်ကို ရန်သူထင်နေသ၍တော့ သေကြဦးမှာပဲ''ဟူ၍ ဖွင့်ဟပြောဆိုခဲ့ပါသည်။ ၄င်း၏ ဆိုလိုချက်ကို ထောက်လှမ်းရေးအရာရှိများ နားလည်ခဲ့ကြပါသည်။

## ဗိုလ်မှူးချုပ်တင်ဦး၏ နောက်ဆုံးနေ့များ

ဗိုလ်မှူးချုပ်တင်ဦးသည် စီးပွားရေးပညာကို ရန်ကုန်တက္ကသိုလ်တွင် သင်ယူခဲ့ရုံမကဘဲ ၄င်းကိုယ်တိုင်လည်း စီး ပွားရေးနှင့်နိုင်ငံရေး အလွန်စိတ်ဝင်စား သူတစ်ဦးဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း စာအုပ် အမျိုးမျိုးကိုဖတ်ပြီး ကိုယ်တိုင်လက်တွေ့စမ်းသပ်လုပ်ကိုင်ခဲ့သူဖြစ်ပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားခဲ့သော နိုင်ငံဖြစ်သဖြင့် တောင်သူ လယ်သမား၏ လူနေမှုအဆင့်မြင့်မားလာမှသာ အမှန်တကယ်တိုးတက်သော နိုင်ငံ တစ်ခုဖြစ်လာမည်ဟု ယုံကြည်သူလည်းဖြစ်ပါသည်။ တောင်သူလယ်သမား များ၏ ဘဝအခြေအနေတိုးတက်လာရန် လုပ်ဆောင်ရာတွင် ၄င်းတို့၏ ဘဝနှင့် ဆက်စပ်နေသည်များကိုလည်း တစ်ပြေးညီဖြစ်အောင် လုပ်ဆောင်ပေးသွားရ

www.burmeseclassic.com

www.burmeseclassic.com



မည်ဟု နားလည်ထားသူ ဖြစ်ပါသည်။ သူ့ပို၍ နားလည်သည်မှာ "သူလုပ်လို သောအရာများကို ဗိုလ်ချုပ်ကြီးနေဝင်း၏ သဘောတူညီချက်ရရှိမှသာ လုပ် ဆောင်နိုင်မည်"ဟူသော အချက်ဖြစ်ပါသည်။ ထိုသဘောတူညီချက် ရရှိရန် အတွက်ကိုလည်း ဆရာလုပ်သကဲ့သို့ မဖြစ်အောင် အချိန်ယူပြီးအခါအခွင့်သင့် သည့်အခါများတွင် တင်ပြပြီး လုပ်သွားရမည်ဖြစ်ကြောင်းကိုလည်း အထူး နား လည်သူဖြစ်ပါသည်။

လုပ်ရမည့်အလုပ်များကို နားလည်သော်လည်း လုပ်ချင်တိုင်း လုပ်၍မရ သည်ကို သိရှိထားသဖြင့် အခြားသူများကိုလည်း ကိုယ်ချင်း စာတတ်သူဖြစ်ပါ သည်။ ဗိုလ်ချုပ်ကြီးနေဝင်းကို အလွန်နားလည်ပြီး ဗိုလ်ချုပ်ကြီး၏ ကောင်းကျိုး အတွက်လည်း အထူးဆောင်ရွက်ခဲ့သူဖြစ် ပါသည်။ သို့ရာတွင် ရှေ့မှသွားလေသူ များ၏အကြောင်းကိုလည်း ကောင်းစွာသိခဲ့သူဖြစ်၍ တစ်နေ့နေ့တွင် သူလည်း ထိုလမ်းကို လိုက်ပါရမည်ဟု နားလည်ထားကြောင်းကိုလည်း ထောက်လှမ်းရေး မှအရာရှိများနှင့် အေးအေးဆေးဆေး ရင်ဖွင့်တိုင်း ဖွင့်ဟခဲ့ပါသည်။ အချို့ ခပ်အေးအေးပုဂ္ဂိုလ်များက "မဖြစ်နိုင်ပါဘူး၊ ဗိုလ်ချုပ်ကြီးရဲ့ဘဝဟာ သူ့ဘဝပဲ၊ သူ့ဘဝဟာလည်း ဗိုလ်ချုပ်ဘဝပဲ၊ သားသမီးရင်းထက်တောင် အရေးပါနေတဲ့ သူပဲ။ ၄င်းထင်သလို ဘယ်နည်းမှမဖြစ်နိုင်ပါဘူး"ဟူ၍ ထင်မြင်ချက်ပေးခဲ့ကြပါ သည်။ ထိုသို့အကျဉ်းအကျပ်အခြေအနေ မျိုးတွင်မှာပင် "ကျွန်တော်လုပ်နိုင် သရွေ့တော့ တိုင်းပြည်အကျိုးနဲ့ ဗိုလ်ချုပ်ကြီးရဲ့အကျိုးအတွက် ကို လုပ်ပေးသွား မယ်လို့ သန္နိဋ္ဌာန်ချထားတယ်ဗျာ" ဟူ၍ မကြာခဏပြောလေ့ရှိခဲ့ပါသည်။ လုပ်လည်း လုပ်ခဲ့သူဖြစ်ပါသည်။

၁၉၇၀ ပြည့်နှစ်များနောက်ပိုင်းတွင် ထောက်လှမ်းရေးမှ အရာရှိများအား ဝန်ကြီးဌာနများသို့ ပို့ခဲ့ပါသည်။ ထိုသို့ပို့ခဲ့သူများအားလည်း သေချာစွာ ညွှန်ကြားပြီးမှ စေလွှတ်ခဲ့ခြင်းဖြစ်ပါသည်။ "ခင်ဗျားတို့ကို ပို့တာ အဓိကကတော့ အလုပ်လုပ်နိုင်အောင်လို့ပဲ။ ခင်ဗျားတို့လည်း အကျိုးရှိနိုင်သလို၊ တိုင်းပြည် အတွက်လည်း အကျိုးရှိနိုင်တယ် ခင်ဗျားတို့ကို ဆရာလုပ်ဖို့ ပို့တာမဟုတ်ဘူး။ အလုပ်ကို သေသေချာချာနားလည်အောင်ကြိုးစား၊ ဝန်ထမ်းအများစုရဲ့ လေးစားမှု ကို ရအောင်လုပ်၊ ဝန်ကြီးကစပြီး လက်ခံလာအောင် ဆက်ဆံရေးကို အထူး



www.burmeseclassic.com

www.burmeseclassic.com


ဂရုစိုက်ပါ။ ခင်ဗျားတို့မှာ ထောက်လှမ်းရေး အတွေ့အကြုံတွေ ထောက်လှမ်းရေး ပညာတွေရှိပြီးသားပဲ၊ အရပ်ဖက်ကလူတွေ လက်ခံနိုင်အောင်လို့ ဘွဲ့ရပြီးသူတွေ ရွေးပြီးပို့တာပဲ၊ အခက်အခဲရှိရင် ဝန်ကြီးကို သဘောပေါက်အောင် တင်ပြပြီး စိတ်ရှည်ရှည်နဲ့သည်းခံပြီး ဆောင်ရွက်ပါ။ ထူးခြားတဲ့အခြေအနေရှိ ရင်တင်ပြပါ။ ကျန်တာတွေကတော့ ခင်ဗျားတို့မှာ အတွေ့အကြုံရှိပြီးသားပဲ၊ လုပ်သင့်တာကို လုပ်သွားကြပါ"ဟူ၍ မှာကြားပြီး တာဝန်ထမ်းဆောင်ရမည့် ဝန်ကြီးဌာန၏ အခြေအနေအရပ်ရပ်ကို ရှင်းပြပြီးမှ စေလွှတ်လေ့ရှိပါသည်။

နိုင်ငံခြားသို့ တာဝန်ဖြင့် သွားရောက်ကြရသည့်အခါများတွင်လည်း "ခင်ဗျားတို့ ထောက်လှမ်းရေးက လူတွေဆိုတာကို မေ့မသွားကြနဲ့ ကိုယ့်ဆိုင်ရာ အလုပ်အတွက်လေ့လာသလို ဆက်စပ်တွေ့ကြုံရတာတွေကိုလည်း တိုင်းပြည် အတွက် အကျိုးရှိတာတွေဖြစ်ရင် လေ့လာခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေ ကို တင်ပြပြီး၊ တင်ပြရင်လည်း ဆရာလုပ်သလိုမဖြစ်စေနဲ့ အကြံပေးတဲ့သဘော ကြုံကြိုက်လို့ လက်ဆောင်ပါးတဲ့သဘောမျိုးနဲ့ တင်ပြနိုင်အောင် ကြိုးစားကြ" ဟူ၍ မှာကြားလေ့ရှိပါသည်။ ထောက်လှမ်းရေးမှ အရာရှိများကလည်း ၎င်း မှာကြားသည့်အတိုင်း လေ့လာတင်ပြခဲ့ကြပါသည်။

ထိုသို့တင်ပြချက်များတွင် မည်သည့်နှောင်ကြိုးမှမရှိဘဲ နိုင်ငံအတွက် အကျိုးရှိနိုင်မည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းနှင့်ပတ်သက်ပြီး ရနိုင်သော အခွင့်အလမ်းများကို ရရှိအောင် လုပ်ဆောင်ရေး ကမ္ဘာ့ဘဏ်နှင့် အာရှဘဏ် များ၏အကူအညီကို မှန်မှန်ရရှိနိုင်ရေး၊ နိုင်ငံတကာနှင့် ဆက်ဆံပြီး မိမိနိုင်ငံအတွက် မထိခိုက်ပဲ ရရှိနိုင်သော အခွင့်အလမ်းမှစ၍ အကျိုးရှိနိုင်သော သတင်းများကို စုပေါင်းတင်ပြခဲ့ကြပါသည်။ ဝန်ကြီးဌာနများက လုပ်ဆောင်ခြင်းမရှိသည့်ကိစ္စ များကို ဗိုလ်ချုပ်တင်ဦးအား တင်ပြသောအခါများတွင် "ခင်ဗျားတို့ တင်ပြတာ ကို ကျွန်တော်သိတယ်။ ဆန္ဒမစောကြနဲ့ လုပ်နိုင်တဲ့အခွင့်အလမ်းပေါ်တဲ့အခါ မှာ လုပ်ကြလိမ့်မယ်။ ဝန်ကြီးတွေလည်း လုပ်ချင်တိုင်းလုပ်လို့ ရတာမဟုတ်ဘူး" ဟူ၍ ပြန်ရှင်းပြတတ်ပါသည်။

နိုင်ငံခြားငွေရရှိရန် အကြောင်းပြချက်ဖြင့် သစ်တောများ ပြုန်းတီး လောက်နီးနီးဖြစ်နေခြင်းများ၊ သစ်များကို ကုန်ချောအဖြစ် ပို့လျှင်များစွာပို၍


www.burmeseclassic.com

www.burmeseclassic.com



အကျိုးရှိနိုင်သော်လည်း သစ်လုံးလိုက် ပို့နေရသဖြင့် နစ်နာနေခြင်းများ၊ သစ်စက်များကို နိုင်ငံခြားမှ အကူအညီဖြင့် တည် ဆောက်နိုင်ခြင်းများကို တင်ပြသောအခါတွင် "အဲဒီကိစ္စကို သူသိ ကြောင်း သက်ဆိုင်ရာဝန်ကြီးလည်း လုပ်ကြလိမ့်မယ်၊ ဝန်ကြီးတွေ လည်း လုပ်ချင်တိုင်းလုပ်လို့ရတာမဟုတ်ဘူး" ဟူ၍ ပြန်ရှင်းပြတတ်ပါသည်။

နိုင်ငံခြားငွေရရှိရန်အကြောင်းပြချက်ဖြင့် သစ်တောများ ပြုန်းသွားလောက်နီးနီး ဖြစ်နေခြင်းများ၊ သစ်များကို ကုန်ချောအဖြစ်ပို့လျှင် များစွာပို၍အကျိုးရှိနိုင်သော်လည်း သစ်လုံးလိုက်ပို့နေရသဖြင့် နစ်နာနေခြင်းများ၊ သစ်စက်များကို နိုင်ငံခြားမှ အကူအညီဖြင့် တည်ဆောက်နိုင်ခြင်းများကို တင်ပြသောအခါတွင် "အဲဒီကိစ္စကို သူသိကြောင်း သက်ဆိုင်ရာဝန်ကြီးလည်း သိကြောင်း၊ အခြေအနေပေးလာရင်တော့ လုပ်နိုင်လာမည့်အကြောင်း" များကို ပြန်၍ ရှင်းပြခဲ့ပါသည်။ အရာရှိတစ်ဦးက နိုင်ငံခြားမှ အကူအညီရနိုင်ကြောင်းများကို တင်ပြသောအခါတွင် ဗိုလ်မှူးချုပ်တင်ဦးက ဒေါ်ပွပွနှင့် ရင်ဖွင့်ပါတော့သည်။ "ရမှန်းတော့ ကျုပ်လည်းသိတာပေါ့ဗျ လုပ်လို့ရမယ်ဆိုရင် စက်မှု(၁)ဝန်ကြီး ဗိုလ်မှူးကြီးချို နဲ့ တိုင်ပင်လို့ ပြောမှာပဲ၊ ကိုချိုကလည်း သူ့မှာခိုင်းထားတာ တွေရှိပြီးသား ဆိုတော့ ခုလောလောဆယ်တော့ မဖြစ်နိုင်သေးဘူး။ နောက်မှ ဖြစ်နိုင်မှာပဲလို့ ပြန်ဖြေမှာပဲ၊ ကျုပ်လည်း အရင်တုန်းက ကိုချိုကို အထင်တောင်မှားခဲ့သေးတယ်။ ဒီနိုင်ငံမှာ စက်မှုမထွန်းကားအောင် လိမ်လိမ်မာမာနဲ့များ အဖျက်လုပ်ငန်းလုပ်နေသလားလို့တောင် ထင်ခဲ့မိတယ်။ သူ့ကိုဆိုရင်လည်း နိုင်ငံကြီးတွေက စက်ရုံ အလုပ်ရုံတွေ တည်ဆောက်ပေးဖို့ ကမ်းလှမ်းတာတွေရှိတာပဲ သူလုပ်ချင်တာလုပ်လို့မရလို့သာ လိမ်လိမ်မာမာနဲ့ ငြင်းထုတ်ခဲ့ရတာချည်းပဲ" ဟူ၍ ပြောခဲ့ပါသည်။

ဖရီးထရိတ် (Free Trade) ခေါ် စက်မှုနိုင်ငံကြီးများက လုပ်အားခသက်သာမှုရှိသည့် နိုင်ငံများတွင် စက်ရုံများတည်ပြီး ကုန်ပစ္စည်းထုတ်လုပ်သောလုပ်ငန်းများကို မလေးရှား၊ ထိုင်ဝမ်အစရှိသည့် နိုင်ငံများ၌ အများအပြားလေ့လာတွေ့ရှိ ပါသည်။ ထိုလုပ်ငန်းမှာ မြန်မာနိုင်ငံနှင့် အလွန်သင့်တော်ကြောင်းတွေ့ရှိရပါသည်။ မိမိနိုင်ငံအနေနှင့် ကျွမ်းကျင်သော အလုပ်သမားများ ရရှိ



www.burmeseclassic.com

www.burmeseclassic.com



လာနိုင်ခြင်း၊ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းနိုင်ခြင်း၊ လေဆိပ် ရေဆိပ်နှင့် အလုပ်သမားများ အတွက် အခကြေးငွေများကို နိုင်ငံခြားငွေဖြင့် ရရှိနိုင်ခြင်း စသည့် အကျိုးများကို ရရှိမည်ဖြစ်ပါသည်။ သွင်းလာသော ကုန်ကြမ်းများကို ကြီးကြပ် စစ်ဆေးပြီး ပြန်ထွက်သွားသော ကုန်ချောပစ္စည်းများနှင့် ကိုက်ညီမှုရှိ မရှိ စစ်ဆေးနိုင်သဖြင့် မမှန်မကန်လုပ်၍ မရနိုင်ပါ။ မီးလောင်ခြင်း၊ ခိုးယူခံရခြင်းများ ရှိပါကလည်း သေချာစွာ စစ်ဆေးအရေးယူနိုင်ပါသည်။ မမှန်မကန်တွေ့ရှိလျှင် အခွန်ကောက်ခံ နိုင်ရုံသာမက ဒဏ်ငွေတပ်ရိုက်၍ပင် အရေးယူနိုင်ပါသည်။ အကောက်ခွန်မဲ့ သွင်းခွင့်ပြုခြင်းသည် သတ်မှတ်ထားသော စက်ရုံအတွက်သာဖြစ်၍ စက်ရုံမှအပသို့ တစ်နည်းနည်းနှင့် ထွက်သွားလျှင် အကောက်ခွန်ဥပဒေအရ အရေးယူခံရ မည်သာဖြစ်ပါသည်။

မြန်မာနိုင်ငံ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော မလေးရှား နိုင်ငံတွင် အထက်ပါလုပ်ငန်းမျိုးများမှာ အထူးပင်အောင်မြင်မှုရရှိနေကြောင်း သိရပါသည်။

မိမိနိုင်ငံမှ အရင်းအနှီးမထုတ်နိုင်သေးသောကာလတွင် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှသာ တိုးတက်မှုရနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ယင်းသို့ မလုပ်ဆောင်နိုင်ရခြင်း၏ အကြောင်းရင်းကို ပြန်၍ လေ့လာသောအခါတွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ သဘောတူညီချက်မရရှိသေး၍ မလုပ်နိုင်ခြင်းဖြစ်ကြောင်းသိလာရပါသည်။

အချို့လုပ်ငန်းများမှာ ကြိုးနီစနစ်ကြောင့်လည်းကောင်း၊ ဝန်ကြီးအချို့၏အားနည်းချက်များကြောင့်လည်းကောင်း အကောင်အထည်မဖော်နိုင်ဘဲ တိုင်းပြည်အတွက် အကျိုးအမြတ်မရရှိခဲ့သည်များ ရှိခဲ့ပါသည်။ ဥပမာအားဖြင့် ပို့ကုန်တိုးမြှင့်ရေးအတွက် တွန်းအားပေးနိုင်ရန် အဖွဲ့ဖွဲ့ပြီး ဆောင်ရွက်ခဲ့ခြင်းမျိုးရှိခဲ့ပါသည်။ စတင်လုပ်ရာတွင် မည်သည့်ဝန်ကြီးကမှ တာဝန်မယူခဲ့ဘဲ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးကြည်သိန်းအား ဥက္ကဋ္ဌအဖြစ် ခန့်အပ်၍ ဆောင်ရွက်စေခဲ့ပါသည်။ ဗိုလ်မှူးကြီးကြည်သိန်းသည် တပ်မတော်လူဟောင်းကြီးဖြစ်ပြီး ဆက်ဆံရေးကောင်းမွန်သောကြောင့်လုပ်ငန်းမှာ အားရစရာ ကောင်းအောင် အောင်မြင်ခဲ့ပါသည်။ ထိုအခါတွင်မှ ဝန်ကြီးအဖွဲ့က တာဝန်ယူဆောင်ရွက်မည်ဆိုကာ ကုန်သွယ်ရေးဝန်ကြီးကို ဥက္ကဋ္ဌခန့်၍ ပို့ကုန်တိုးမြှင့်ရေးကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ဆောင်ရွက်ပါသည်။ ဝန်ကြီးသည် ဝန်ကြီးလေသံနှင့် အာဏာသုံးလာသောအခါတွင် ဌာနအသီးသီးမှ အကြီးအကဲများသည် အစည်းအဝေးပင် မတက်ရောက်ကြတော့ဘဲ အထက်တန်းစာရေးလောက် အရာရှိငယ်လောက်သာ တက်ရောက်ကြပါတော့သည်။ ထိုနှစ်မှစ၍ လုပ်ငန်းကျဆင်းခဲ့ရာ ကမ္ဘာ့စီးပွားရေးကို ထပ်ခါတစ်လဲ အကြောင်းပြရသည်အထိ ပို့ကုန်အခြေအနေ ဆိုးဝါးသွားခဲ့ရပါသည်။

ကုလသမဂ္ဂနှင့် ယင်းလက်အောက်ခံအဖွဲ့အစည်းများတွင် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ထမ်းများ ရွေးချယ်ခန့်အပ်လေ့ရှိပါသည်။ ထိုအဖွဲ့အစည်းများတွင် မိမိနိုင်ငံမှ လူခံများရှိလျှင် လုပ်ငန်းလုပ်ရာ၌ ပိုမို၍ လွယ်ကူမှုရှိနိုင်ပါသည်။ အခြားနိုင်ငံများက ဝန်ထမ်းများ ခန့်ထားနိုင်အောင် ကြိုးစားကြသလောက် မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးရုံးမှ ထောက်ခံခြင်းမပြုသဖြင့် လက်လွတ်ခဲ့ရပါသည်။ တစ်ခါက ပိုလန်နိုင်ငံတွင် ပိုလန်သူများနှင့် အိမ်ထောင်ကျကြပြီး ဒေါက်တာဘွဲ့၊ မာစတာဘွဲ့စသည့် ပါရဂူဘွဲ့ကြီးများဖြင့် ကုလသမဂ္ဂမှစပြီး အခြား နိုင်ငံကြီးများက အလုပ်ခန့်အပ်ခံထားရသူများရှိခဲ့ကြပါသည်။ သို့သော်လည်း နိုင်ငံခြားရေးရုံးမှ ထောက်ခံချက်မပေးသဖြင့် အလုပ်လက်မဲ့များ ဖြစ်နေခဲ့ကြရပါသည်။ ယခင် စီမံ/ဘဏ္ဍာ ဒုဝန်ကြီးဗိုလ်မှူးကြီးအေးကို သွားရောက်ခဲ့စဉ်က တင်ပြကြသဖြင့် ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီး ဦးလေးမောင်ထံသို့ ဆက်လက်တင်ပြရာ ချက်ချင်းလုပ်ပေးခဲ့၍ အလုပ်များရခဲ့ကြကြောင်းသိရပါသည်။

နိုင်ငံခြားရေးရုံးလိုရုံးမျိုးတွင် လူကြီးတစ်ဦး၏သားတစ် ယောက်သည် နိုင်ငံခြားသံရုံးများတွင် သံအမတ်ကြီးထက် တန်ခိုးကြီးပြီး လုပ်ချင်ရာလုပ်ခဲ့သည်အထိ ဖြစ်ခဲ့ပါသည်။ လူကြီး၏သားဖြစ်၍ ဝန်ထမ်းတိုင်းက အလွန်ကြောက်ကြရပြီး သူခိုင်းသမျှလုပ်ပေးခဲ့ကြရသည်။ ယင်းကဲ့သို့ မလိုလားအပ်သော အကြောင်းများကို ဗိုလ်မှူးချုပ်တင်ဦးအား တင်ပြကြသည့်အခါတွင်လည်း သည်းခံကြရန်သာ ပြောကြားခဲ့ပါသည်။ သူ၏အဖြေမှာ "ခင်ဗျားတို့ အရပ်ဘက်ကိုသွားကတည်းက မှာလိုက်တယ်မဟုတ်လား၊ ဘာမလို လုပ်ချင်ရာကိုမှတ် မလုပ်နဲ့မှုကို အရင်ချဖို့ တိုင်ပင်ပြီးလုပ်ကြ၊ မှုချပြီးမှ မှုအတိုင်းလုပ်နိုင်အောင် လုပ်ကြလို့ ကျုပ်ပြောခဲ့တာ မှတ်မိတယ်မဟုတ်လား။ အဲဒါ မျိုးတွေဖြစ်မှာစိုး၊



www.burmeseclassic.com

www.burmeseclassic.com


လို့ပဲ မူနဲ့လုပ်ရင် အဲဒီလိုကောင်တွေ ဘယ်ရှိနိုင်မလဲ''ဟူ၍ ဖြစ်ပါသည်။

မူချ၍ လုပ်ရာတွင်လည်း အခက်အခဲများ များစွာရှိခဲ့ကြကြောင်း သိရပါသည်။ ဥပမာ ဝန်ထမ်းခန့်ထားရေးတွင် ယှဉ်ပြိုင်၍ အရွေးခံရန် စနစ်တကျစီစဉ်ခဲ့ကြပါသည်။ ရေးဖြေစာမေးပွဲကို မအောင်လျှင် မည်သူ့ကိုမှ မရွေးချယ်ရန်ဖြစ်ပါသည်။ ရေးဖြေအောင်ပြီးပါက လူကြီးများ၏ သားသမီးများကို အထူးဦးစားပေးပြီး ရွေးချယ်ခဲ့ကြပါသည်။ သို့သော်လည်း ခြွင်းချက်မရှိ ဘာမှမစစ်ဆေးဘဲ ခန့်အပ်မပေးသဖြင့် လူကြီးများ၏ ငြိုငြင်ခြင်းကို ခံခဲ့ကြရသည်။ ဗိုလ်ချုပ်ကြီးနေဝင်းအား ဦးစားပေးရသော အလေ့အထသည် လူကြီးမှန်က ဦးစားပေးရမည့် အလေ့အထအဖြစ်သို့ ရောက်ရှိသွားခဲ့သဖြင့် လူကြီးတိုင်းက ဦးစားပေး မခံချင်လာကြကြောင်းကို တွေ့ရှိခဲ့ရပါသည်။

ထောက်လှမ်းရေးမှ အရာရှိများ ဝန်ကြီးဌာနအသီးသီးသို့ ရောက်ရှိကြပြီးနောက် လုပ်ငန်းများ အထူးအောင်မြင်ခဲ့ကြပါသည်။ သို့သော်လည်း ဗိုလ်ချုပ်တင်ဦး၏ မူချ၍ စနစ်တကျဆောင်ရွက်စေမှုကြောင့် လူကြီးအများ၏ မကျေနပ်မှုကို ခံခဲ့ကြရပါသည်။ ဗိုလ်မှူးချုပ်တင်ဦးအားလည်း အင်ပါယာချဲ့သည်။ သူ့လူတွေကို နေရာပေးသည်ဟူ၍ အမျိုးမျိုးအပုပ်ချခြင်းကို ခံလာခဲ့ရပါသည်။ ယင်းကိစ္စ များကို ဗိုလ်မှူးချုပ်တင်ဦးအား တင်ပြသောအခါတွင် ''ခင်ဗျားတို့ တာဝန်ထမ်းဆောင်တဲ့အတွက် ဌာနတွေမှာ တကယ်အကျိုးရှိသလား၊ မရှိဘူးလား၊ ဝန်ထမ်းအများစုရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ရသလား၊ မရဘူးလားဆိုတာ ကျုပ်ကိုမှန်မှန်ပြောစမ်း''ဟု ပြန်မေးတတ်ပါသည်။

အမှန်အကျိုးရှိကြောင်း၊ ဝန်ထမ်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ရကြောင်း၊ ဥပမာအားဖြင့် အကောက်ခွန်ဦးစီးဌာနဆိုလျှင် ထောက်လှမ်းရေးအရာရှိများ မရောက်ရှိမီ ၁၉၇၃ ခုနှစ်အထိ နိုင်ငံတော်က သတ်မှတ်ထားသော အခွန်တော်ငွေများကို ရရှိအောင် ကောက်ခံနိုင်သော နှစ်တစ်နှစ်မျှ မရှိကြောင်း၊ အရာရှိများရောက်ရှိ ပြီး နှစ်စဉ်ပင်ပြည့်မီရုံမကဘဲ ပိုမိုကောက်ခံနိုင်ခဲ့ကြောင်း ဖမ်းဆည်းမှု ရာခိုင်နှုန်းမှာလည်း များစွာမြင့်တက်ခဲ့ကြောင်း အာရုတိုက်တွင် သံတမန်များအမည်ဖြင့် မှောင်ခိုတင်သွင်းမှုများကို၊ ပထမဦးစွာ အောင်မြင်အောင် ဖော်ထုတ်နိုင်ခဲ့သော နိုင်ငံဖြစ်ခဲ့ကြောင်း၊ မိမိနိုင်ငံ၏ တရားဥပဒေများကို


www.burmeseclassic.com

www.burmeseclassic.com



မလေးစားဘဲ အကောက်ခွန်မဲ့ သွင်းခွင့်ပြုထားသည့် သံရုံးကားများကို ခွင့်ပြုချက်မရယူဘဲ ရောင်းဝယ်မှုများကို ထိရောက်စွာ အရေးယူနိုင်ခဲ့ခြင်း များရှိခဲ့သဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာတက်ခဲ့ကြောင်း၊ အခြားဌာနများတွင်လည်း အလားတူ အောင်မြင်မှုများ ရရှိခဲ့ကြောင်းကို ပြန်လည်တင်ပြသောအခါတွင် "ခင်ဗျားတို့ကို လွှတ်ကတည်းက တိုင်းပြည်အတွက် အကျိုးရှိဖို့ပါလို့ ပြောထားခဲ့သားပဲ အကျိုးရှိရင် ဘာဖြစ်လို့ ဆက်မလုပ်ရမှာလဲ မလုပ်လည်း ပြုတ်ချင်တဲ့နေ့ ပြုတ်မှာပဲ၊ လုပ်လည်း ပြုတ်ချင်တဲ့နေ့ ပြုတ်မှာပဲ၊ အဲဒီတော့ လုပ်ရင်း ပြုတ်တာပိုပြီး မကောင်းဘူးလား၊ ဆက်သာလုပ်ကြ" ဟူ၍ ပြောခဲ့ပါသည်။

အခြေခံဥပဒေပြဋ္ဌာန်း၍ ရွေးကောက်ပွဲများ လုပ်ပြီးသောအခါတွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ အစိုးရအခြေအနေမှာ အထူးစိတ်ချရလောက်အောင် ခိုင်မာလာသည်ဟု ဆိုနိုင်ပါသည်။ ဗိုလ်ချုပ်ကြီးနှင့်အတူ လုပ်ကိုင်ခဲ့သော လူဟောင်းကြီး အားလုံးကိုလည်း ဖယ်ရှားခဲ့ပြီးဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီးနှင့် တစ်ချိန်တည်း နိုင်ငံရေးနယ်ပယ်သို့ ရောက်ခဲ့ကြသော နိုင်ငံရေးသမား အများအပြားသည်လည်း ဆန့်ကျင်နိုင်လောက်အောင် အခြေအနေများ မရှိကြတော့ပါ။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် ဗိုလ်ချုပ်ကြီး၏ လူကောင်းလူတော်စနစ်အရ လက်ရွေးစင်ဖြစ်လာကြသော ခေါင်းဆောင်များသည်လည်း နိုင်ငံရေးအမြင် ရင့်ကျက်သူများ မဟုတ်ကြသဖြင့် လူပြိန်းတွေး တွေးပြီးလုပ်လာခဲ့ကြကြောင်းကို တွေ့လာခဲ့ရပါသည်။ "သစ္စာရှိဖို့သည်သာအဓိက၊ ထိုက်တန်သော အရည်အချင်း ရှိလာအောင် ကြိုးစားရန်မလို" ဟူသော ယုံကြည်ချက်များလည်း ရှိလာခဲ့ကြပါတော့သည်။ ထိုသို့ ယုံကြည်လာကြသည်နှင့်အမျှ အခွင့်ရသမျှကို ရဲတင်းစွာ ယူလာကြပါတော့သည်။

"တို့ဟာ ဒီရာထူးမျိုးကို တခြားအစိုးရမျိုးလက်ထက်မှာ ဘယ်ရနိုင်မှာ လဲကွ၊ ဗိုလ်ချုပ်ကြီးနေဝင်းလို လူမျိုးကြောင့်သာတို့ဟာ ဒီအခြေအနေမျိုးကို ရလာခဲ့တာပဲ၊ သူ့အပေါ်မှာ သစ္စာရှိဖို့ကလွဲရင် ဘယ်သူ့မှ သစ္စာရှိဖို့မလိုဘူးကွ" ဟူ၍ပင် ရဲရဲတင်းတင်းပြောသူများ ရှိလာခဲ့ကြပါသည်။ နိုင်ငံတော်ကောင်စီမှ ပြုလုပ်သော ဂေါက်သီးဖလားပွဲများတွင် အချို့လူကြီးများသည် အရက်နှင့်နည်းသောက်ပြီးသည်နှင့် ဗိုလ်မှူးချုပ်တင်ဦးကြားလောက်သောနေရာမှ "ခွေးကို



www.burmeseclassic.com

www.burmeseclassic.com



လူမထင်ဘူးကွ''ဟူ၍ပင် စောင်းမြောင်းပြောဆိုခြင်းများ ရှိလာသည်ကို တွေ့မြင်လာရပါသည်။ ဗိုလ်ချုပ်တင်ဦးသည်လည်း ထက်မြက်သော လူတစ်ယောက်ဖြစ်သဖြင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်များအား အပြတ်ရှင်းခဲ့သည်များရှိခဲ့သည်။ ထောက်လှမ်းရေးအရာရှိများ၏ ညစ်ခံပွဲများတွင် လူများရှင်းသွားသောအခါ၌ ဗိုလ်မှူးချုပ်တင်ဦးက ထိုပုဂ္ဂိုလ်မျိုးများ၏ အကြောင်းများကို ပြောပြတတ်ပါသည်။ ပြီးလျှင် ''ဒီလိုလူမျိုးတွေကြောင့် ဗိုလ်ချုပ်ကြီးဟာ ပြည်သူလူထုရဲ့ ဆန့်ကျင်မှု ခံရနိုင်တယ်။ တပ်မတော်ကိုလည်း ပြည်သူက အထင်မှားသွားနိုင်တယ်။ ကျွန်တော်ရှိနေသရွေ့တော့ ဒီလိုလူမျိုးတွေကိုရှင်းမှာပဲ''ဟု ပြောင်ပင်ပြောတတ်ပါသည်။

ထိုသို့ပြောင်းလဲလာသော အခြေအနေများသည် ဗိုလ်မှူးချုပ်တင်ဦး အတွက် အလွန်အန္တရာယ်များလှပါသည်။ နိုင်ငံရေးအမြင်မရှိဘဲ ကိုယ်ကျိုးကိုသာ ကြည့်တတ်သူများ၏မလိုလားအပ်ဆုံးလူတစ်ဦး ဖြစ်လာခဲ့သည်နှင့်အမျှ အန္တရာယ် အလွန်များလှကြောင်းကို ၄င်းကိုယ် တိုင်လည်း သိရှိခဲ့သည်။ ထောက်လှမ်းရေးမှ ရင်းနှီးသူများက သတိ ပေးသောအခါတွင် ''သမိုင်းပေးတာဝန်အရ လုပ်ရတာ ရှောင်သွားလို့ ဘယ်ရနိုင်ပါ့မလဲဗျာ''ဟူ၍ ပြန်ပြောခဲ့ပါသည်။ အေးအေးဆေးဆေး နေသောအခါများတွင် ''ကျွန်တော်တို့ လူကြီးတွေထဲမှာ ဘဝကို မေ့လာသူတွေ များလာကြပြီး ပဒေသရာဇ်တွေလို ဆွေစဉ်မျိုးဆက် မင်းမျိုး လုပ်ချင်လာကြပြီ၊ ကိုယ်လူကြီးဖြစ်သလို ကိုယ့်သားသမီးတွေကိုလည်း လူကြီးဖြစ်အောင် လုပ်ပေးလာကြပြီ၊ အခွင့်အလမ်းမှန်သမျှကို ပြည် သူတွေနဲ့မျှပြီး မခံစားချင်ကြတော့ဘူး။ တို့ခံစားထိုက်လို့ ခံစားရတာ မျိုးဖြစ်လာကြပြီး တိုင်းပြည်ရဲ့ ကံကြမ္မာလို့ပဲ ယူဆရတော့မှာပေါ့ ဗျာ'' ဟူ၍ ပြောတတ်ပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ တာဝန်ရှိသူများ ကောင်စီအဆင့်ဆင့်တွင် တာဝန်ရှိသူများနှင့် တပ်မတော်မှအရာရှိကြီးအချို့တို့သည် အခွင့်အရေး အမျိုးမျိုးကိုရရှိကြပြီး လူတန်းစားအသစ်တစ်ရပ်ကို ထူထောင်ခဲ့ပြီး ဖြစ်လာခဲ့ပါသည်။

တာဝန်ကို အဓိကထားရသော တပ်မတော်မှာပင် လူကြီးများ၏သား များကို အခြားသော တပ်မတော်အရာရှိများနှင့်အတိအလင်းပင် ခွဲခြားလာကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိရပါသည်။ "လူကြီးတွေ စိတ်အနှောင့်အယှက်မဖြစ်အောင်လို့ လူကြီးတွေရဲ့သား အရာရှိတွေကို ရှေ့တန်းကိုမပို့တော့"ဟုပင် ထုတ်ဖော်၍ ပြောလာခဲ့ကြပါသည်။ ထိုအရာရှိများအတွက် ရှေ့တန်းဆိုသည်မှာ ရန်ကုန်မှအပဖြစ်သော အေးချမ်းသောမြို့များသို့ စတိမျှ ပို့ခြင်းသာဖြစ်ပါသည်။ နယ်ဘက်ဝန်ကြီးဌာနများတွင် အထူးရွေးချယ်ခံရသူများအဖြစ်နှင့် ခန့်ထားခဲ့သည်များလည်း ရှိခဲ့ပါသည်။ ခေတ်စားနေသော သဘော်သားအဖြစ်ကိုလည်း လူကြီးများ၏ သားများ၊ ဆွေမျိုးများသာ အများဆုံးရရှိခဲ့ပါသည်။

ပို၍ဆိုးဝါးသည်မှာ အလွန်တည်ငြိမ်သိက္ခာရှိခဲ့သော တက္ကသိုလ်နယ်မြေအတွင်းသို့ မမှန်မကန်သောနည်းများဖြင့် ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။ သာမန်ဉာဏ်ရည်အဆင့်မရှိသူများပင် ဂုဏ်ထူးလေးငါးခုကို ရရှိလာခဲ့ကြသည်။ နိုင်ငံတော်ငွေဖြင့် နိုင်ငံခြားသို့ ဘွဲ့လွန်သင်တန်း တက်ရောက်သူများသည် ဆိုင်ရာစာမေးပွဲမအောင်က ပြန်လာကြရပါသည်။ နိုင်ငံတော်က ဆက်လက်၍ ထောက်ပံ့ခြင်းမပြုတော့ပါ။ သို့သော်လည်း လူကြီးများနှင့်ပတ်သက်သူများကို အကြောင်းအမျိုးမျိုးပြပြီး ဆက်လက်၍ထားခဲ့ကြပါသည်။ ဆက်ထားလျက်ပင် မအောင်မြင်သောအခါ မိမိနိုင်ငံသို့ ပြန်လာပြီး နိုင်ငံခြားတွင် ဘွဲ့လွန်သင်တန်း တက်ခဲ့ပြီး၍ဟူသော အကြောင်းပြချက်ဖြင့် နိုင်ငံတွင်း ဘွဲ့လွန်သင်တန်းကို အောင်မြင်ပြီးဟု အသိအမှတ်ပြုရန်ပင် စီစဉ်ခဲ့ကြပါသည်။

စီးပွားရေးလုပ်သူများနှင့်ပတ်သက်၍လည်း အလွန်မတရား အခွင့်အလမ်းများ ယူခဲ့ကြသည်။ ဝန်ကြီးဌာနများမှ လုပ်ငန်းများကို အမည်ခံ၍ မိုက်ကြေးခွဲခြင်းဖြစ်ပါသည်။ သာမန်လုပ်ကိုင်စားသောက်သူများ မရရှိနိုင်သည့် လုပ်ငန်းများကို ရအောင်လုပ်ပေးမည်ဟု နားလည်မှုယူ၍ မတန်မဆ မိုက်ကြေးခွဲကြပါသည်။ ဥပမာအားဖြင့် လုပ်ငန်းသစ်တစ်ခုသည် သိန်းနှစ်ဆယ်ခန့် အကျိုးရှိမည်ဖြစ်လျှင် ဆယ်သိန်းဝေးရမည်ဟု တောင်းပါသည်။ လုပ်မည့်လူကလည်း လုပ်ရမည့်အချိန် အခြားပါတီ၊ ကောင်စီမှစ၍ ပေးရန်ရှိသည်များကို တွက်ချက်ပြီး ငါးသိန်းခန့် ကျန်မည်၊ လေးငါးခြောက်လအတွင်းအလုပ်ပြီးမည် စသည့်ရနိုင်မည့် အချက်များကို တွက်ပြီးအခြားလုပ်ရန်လည်း မလွယ်ကူသဖြင့် မိုက်ကြေးခွဲမှုနှင့်သိလျက်နှင့်ပင် သဘောတူကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အလားတူအဖြစ်အပျက်မျိုးမှာ တစ်ခါတစ်ရံဖြစ်ခြင်းမျိုး မဟုတ်ဘဲ ရဲတင်းစွာ ပွင့်ပွင့်လင်းလင်း လုပ်ဆောင်နေကြခြင်းဖြစ် သည်။ တော်တော်ကြီးကြီး လူကြီးတစ်ဦးကမူ "တခြားလူတွေ စားမည့်အစား ကိုယ့်လူတွေ စားရရင် ပိုကောင်းတာပေါ့ကွာ" ဟူ၍ပင် မိုက်မိုက်ကန်းကန်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ အခွင့်အရေးယူပုံများမှာ "ပြောမယုံကြုံဖူးမှသိမည်" ဟူသော စကားပုံအတိုင်း ဖြစ်သည်။ အခွင့်ထူးခံလူတန်းစားနှင့် ပြည်သူပြည်သားများ၏ အခြေအနေမှာ မိုးနှင့်မြေကဲ့သို့ပင် ကွာခြားလာခဲ့ပါသည်။ ဥပမာအားဖြင့် အခွင့်ထူးခံ လူတန်းစားများအသုံးပြုသော လမ်းကိုသာ ပြုပြင်ပြီး၊ ပြည်သူလူထု အများအသုံးပြုသော မြို့လယ်လမ်းမကြီးများကိုမူ ဖြစ်သလိုထားခဲ့ကြပါသည်။ အများပြည်သူအား ဖြေဖျော်ရသည့် ရုပ်ရှင်ရုံများဆိုလျှင် အခွင့်ထူးခံလူတန်းစားများ မလာရောက်ကြတော့သဖြင့် ဖြစ်ချင်တိုင်း ဖြစ်ခဲ့ရပါသည်။ ရန်ကုန်မြို့လယ်မှ ဂုဏ်ရုံကဲ့သို့သော ရုံသည်ပင် အိမ်သာပမာ စုတ်ပြတ်ညစ်ပေနေပါတော့သည်။

အဆိုးဝါးဆုံးမှာ ပြည်သူပြည်သားများအတွက် ဘဝလုံခြုံရေးဟူ၍ ဘာမျှမရှိတော့ခြင်းပင်ဖြစ်ပါသည်။ အခွင့်ထူးခံလူတန်းစားများမှ လွဲ၍ တိုင်းသူပြည်သားများအတွက် နိုင်ငံတွင်းသို့ တရားဝင် တင်သွင်းလာသော ဆေးဝါးဟူ၍ လုံးဝမရှိခဲ့ပါ။ ဘီပီအိုင်မှထုတ်သောဆေးဝါးများကိုလည်း အခွင့်ထူးခံ လူတန်းစားများထံမှတစ်ဆင့်သာ တန်ဖိုးကြီးစွာ ဝယ်ယူခဲ့ကြရပါသည်။ လူတစ်ယောက်အတွက် တန်ဖိုးအရှိဆုံးသော အသက်ရှင်မှုကိုပင် အာမခံချက်လုံးဝ မရှိတော့ပါ။ နိုင်ငံအတွင်းရှိ လုပ်သားပြည်သူအများစုမှာ အခွင့်ထူးခံလူတန်းစားများကဲ့သို့ နိုင်ငံတော်အပေါ် အားထားနိုင်သော အရာဟူ၍ လုံးဝမရှိတော့သော အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

ဤသို့သော အခြေအနေဆိုးကြီးများကို ဒိုင်ခံ၍ ပြုပြင်ရန် ကြိုးစားအားထုတ်ခဲ့သူမှာ ဗိုလ်မှူးချုပ်တင်ဦးပင်ဖြစ်ခဲ့ပါသည်။ ဤအခြေအနေဆိုးများ ဖြစ်လာရခြင်း၏ အကြောင်းရင်းသည် ၎င်း၏ တစ်ဆူတည်းသော ဘုရားဖြစ်သည့် ဗိုလ်ချုပ်ကြီးနေဝင်း၏ ခေါင်းမာမှု၊ မာနထောင်လွှားမှု၊ အမျက်စောင်မာန်ကြီးမားမှုများကြောင့်သာဖြစ်သည်ကို ကောင်းစွာသိရှိခဲ့သည်သာဖြစ်ပါသည်။ ကသို့ အခြေအနေအရ နိုင်ငံတကာနှင့် ဆက်သွယ်မှုမရှိဘဲ မဖြစ်နိုင်မှန်းသိသော်လည်း


www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျိုးတစ်ခုတည်းသာ အဓိကထားတတ်သော တစ်ဆူတည်းသော ဘုရားကြောင့် နိုင်ငံတကာ၏ ဝိုင်းပယ်မှုကို ခံခဲ့ရပါသည်။

ခေါင်းဆောင်ကြီးဖြစ်သူ ဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံရေး ကစားရာတွင် လက်ဖျားခါရလောက်အောင်တော်သူဖြစ်သော်လည်း ပြည်သူလူထုအပေါ် ထားရှိသော စေတနာမှာ ခေါင်းပါးလှသဖြင့် ပြည်သူတစ်ရပ်လုံးမှာ ဒုက္ခမျိုးစုံကို ကုန်းရုန်း၍ ခံခဲ့ကြရပါသည်။ ပြည်သူလူထုကို အံ့အားသင့်သွားအောင် အခြားနည်းဖြင့် နိုင်ငံရေးမျက်လှည့်ပြရန် မရှိတော့သဖြင့် သူ့အား အစဉ်ကျိုးနွံသစ္စာရှိခဲ့သူများကို ရက်စက်စွာ ပစ်ပယ်ခဲ့သည့်အတိုင်း ဗိုလ်မှူးချုပ်တင်ဦးကိုလည်း ဝိုင်းပယ်လိုက်ပါတော့သည်။

ဗိုလ်မှူးချုပ်တင်ဦးသည် မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာခြင်းဖြစ်သဖြင့် များစွာထိခိုက်ပုံမရခဲ့ပါ။ သို့သော်လည်း ၎င်းအား အကျဉ်းချ၍ အမှုစစ်နေစဉ်ကာလတွင် အမှုအကြောင်းအရာများကို သတင်းစာများတွင် ဖတ်၍ အကြီးအကျယ်ဒေါကန်ပါတော့သည်။ ၎င်း၏ထံသို့ မှန်မှန်သွားရောက်ခဲ့သော ညီဖြစ်သူ ဦးအောင်ခင်အား "ငါ့ကို နိုင်ငံရေးအရ သတ်ရင်ခံနိုင်တယ်ကွာ၊ အခုတော့ ကလေးကလား အကျင့်စာရိတ္တအရ သတ်တာမျိုးတော့မခံနိုင်ဘူး ဒါကိုတော့ ဆန့်ကျင်ရမှာပဲ"ဟု ဖွင့်၍ ပြောခဲ့ပါသည်။ ဦးအောင်ခင်သည် တရားသမားတစ်ဦးဖြစ်၍ သည်းခံရန်နှင့် တရားနှင့်ဖြေရန် ပြန်ပြောခဲ့ ကြောင်း သိရပါသည်။ သို့သော်လည်း မကြာမီမှာပင် ဗိုလ်မှူးချုပ်တင်ဦးက တရားသူကြီးအဖွဲ့သို့ မြင်ပပုဂ္ဂိုလ်များ၏ ရှေ့မှောက်တွင် မဟုတ်ဘဲ သီးခြားထွက်ဆိုခွင့်ပြုရန် တောင်းခံလာကြောင်း ပြောပြပါသည်။

ဦးအောင်ခင်က "သတင်းစာတွေထဲမှာ ပါဝင်တဲ့အမှုအကြောင်းအရာတွေဟာ စဉ်းစားကြည့်တတ်သူများအတွက် မဖြစ်နိုင်ကြောင်းကို နားလည်နိုင်ပါတယ်။ တပ်မတော်မှာ အဆင့်ဆင့်ခွင့်ပြု ချက်ရရှိပြီးမှသာ လုပ်ငန်းများလုပ်ဆောင်နိုင်တာကို နားလည်နိုင်ပါတယ်။ သိန်းပေါင်းများစွာ တန်ကြေးရှိတဲ့ လုပ်ငန်းတွေအတွက် လုပ်ဆောင်ထားချက်များဟာလည်း အထင်အရှားရှိပါတယ်။ ဒါကြောင့် အကျင့်စာရိတ္တကို ထိခိုက်ဖို့ မရှိပါဘူး"ဟု ရှင်းပြကြောင်း သိရပါသည်။ ဗိုလ်မှူးချုပ်တင်ဦးသည် သမိုင်းလေ့လာသူတစ်ဦးဖြစ်၍ ဦးအောင်ခင်



www.burmeseclassic.com

www.burmeseclassic.com



အား "အခုလောလောဆယ်မှာ သိရှိသူအချို့ရှိလို့ အမှန်ကို သိရှိနိုင်ပေမယ့် နောင်နှစ်ငါးဆယ်တစ်ရာဖြစ်လာတဲ့အခါမှာ ကိုယ်သာ တရားခံကြီးဖြစ်သွားမှာပဲ ကိုယ်ကျင့်တရားကြောင့်ဆိုတဲ့ အဖြစ်မျိုးတော့ အရောက်မခံနိုင်ဘူး နိုင်ငံရေးအရ ဖြစ်တယ်ဆိုတာမျိုးကိုပဲ ပေါ်လွင်အောင်လုပ်မယ်"ဟု ပြောကြောင်းသိရပါသည်။

ဦးအောင်ခင်အား "အမှန်တရားကို ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးသာ သိတာ အမှန်တွေထုတ်ဖော်လိုက်ရင် ဗိုလ်ချုပ်ကြီးဟာ ကျွန်တော့်ကို အကြီးအကျယ် ဒေါပွမှာပဲ၊ သိပ်ပြီးဒေါပွရင် ဘာလုပ်မလဲ၊ ကွပ်မျက်ရုံရှိတာပဲ၊ ဒါကြောင့် ဗိုလ်ချုပ်ကြီးနှင့် ကျွန်တော်သာသိတဲ့ ကိစ္စတွေကို တရားရုံးမှာ အစစ်ခံမယ်" ဟူ၍ ရှင်းပြကြောင်း သိရပါသည်။ ဦးအောင်ခင်သည် အလွန်စိုးရိမ်မှုဖြစ်ခဲ့ပြီး ဗိုလ်မှူးချုပ်တင်ဦးနှင့် ရင်းနှီးသူအချို့အား ပြောပြသည်ဟုသိရပါသည်။ သို့သော်လည်း ဗိုလ်မှူးချုပ်တင်ဦးကဲ့သို့ ဗိုလ်ချုပ်ကြီးထံသို့ တင်ပြနိုင်သူမရှိသဖြင့် အဖြစ်မှန်ကို ဗိုလ်ချုပ်ကြီးက သိရှိနိုင်ခြင်းရှိမည်မဟုတ်ပါ။

ဗိုလ်မှူးချုပ်တင်ဦးယူဆသည့်အတိုင်းပင် ဗိုလ်ချုပ်ကြီးသည် အလွန်ပင် ဒေါပွခဲ့ကြောင်းသိရပါသည်။ သို့သော်လည်း ဗိုလ်ချုပ်တင်ဦးမျှော်မှန်းသကဲ့သို့ ကွပ်မျက်သည့်အခြေအနေမရောက်လာဘဲ တစ်မျိုးတစ်ဖုံဖြစ်သွားခဲ့ပါသည်။ ကြုံကြိုက်သည်မှာ ထိုအချိန်က ထောက်လှမ်းရေးအရာရှိများကို ပြောပြခဲ့ရာတွင် ဒုက္ခဆိုတာတစ်ခုတည်း မလာတတ်ကြောင်း စုပြုံပြီးလာတတ်ကြောင်း၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတာမျိုးဖြစ်ကြောင်း၊ အခြေအနေအရ လူကြီးများအနေနှင့် ဆုံးဖြတ်ချက်တစ်ခုကို အများသဘောတူ ချခဲ့တာရှိကြောင်း၊ အဲဒါကတော့ တောင်ကိုရီးယားနိုင်ငံမှ ခေါင်းဆောင်များကို မြန်မာပြည်၌ လုပ်ကြံခံရမှုတွင် ထောက်လှမ်းရေးတပ်က တာဝန်ပေါ့လျော့၍ဖြစ်ရကြောင်း၊ ထောက်လှမ်းရေးတပ်၌သာ တာဝန်ရှိကြောင်းကို ဆုံးဖြတ်ပြီး ဗိုလ်ချုပ်ကြီးထံသို့ တင်ပြခဲ့ကြောင်းများကို စိတ်မကောင်းစွာ ပြောကြားခဲ့ပါသည်။ ထို့သို့ မတင်ပြလျှင်လည်း မီးခိုးကြွက်လျှောက်လိုက်လျှင် လူကြီးများပါ တာဝန်ရှိနေ၍ ဖြစ်ကြောင်းကိုလည်း သိရှိခဲ့ရသည်။ ထိုသို့ တိုက်ဆိုင်နေသော အကြောင်းများကြောင့် ဗိုလ်မှူးချုပ် တင်ဦး မျှော်လင့်သလို ကွပ်မျက်သည့်အဖြစ်သို့ မရောက်ရှိဘဲ၊ ထောက်လှမ်းရေး



www.burmeseclassic.com

www.burmeseclassic.com



တပ်များမှ အရာထမ်းအမှုထမ်းအားလုံးကို ထမင်းချက်နှင့် ယာဉ်မောင်းများပါ မကျန် အလုပ်မှ ရပ်ဆိုင်းခြင်းခံခဲ့ရပါတော့သည်။

ထောက်လှမ်းရေးတပ်များမှ အမှုထမ်းများမှာ တစ်သက်လုံး သစ္စာကြီးစွာ ကြိုးစားလုပ်ဆောင်ခဲ့ခြင်းများကို မထောက်ထားဘဲ ရက်စက်စွာဖြုတ်ချခံရသဖြင့် ဒုက္ခအမျိုးမျိုးရောက်ခဲ့ရပါသည်။ ရဲဘော်အများအပြားသည် ကျိုးဖြူရေပိုက်ကြီး၌ ဝါးလုံးများတင်၍ သစ်ကိုင်းများ ခုတ်မိုးပြီးလည်းကောင်း၊ မင်္ဂလာဒုံတပ်များအနီး လျှိုမြောင်များကို ရှင်းလင်း၍လည်းကောင်း၊ ဖြစ်သလိုနေထိုင်ကြရသူများ အများအပြားပင်ရှိခဲ့ပါသည်။ သစ္စာရှိသူချင်းအတူတူ သစ္စာရှိခြင်း၏ အကျိုးကို မခံစားရဘဲ လူ့အခွင့်အရေးဆုံးရှုံးခြင်းကိုလည်း လည်စင်းခံရသည့် အကျိုးသာခံစားခဲ့ကြရပါသည်။ ဝန်ထမ်းများကို ဝန်ထမ်းစည်းကမ်းအရ အရေးယူရန်ဖြစ်သော်လည်း တစ်ပါတီအာဏာရှင်စနစ်၏ ဆိုးကျိုးကြောင့် ဘာမျှ စောဒကတက်ပိုင်ခွင့်မရှိဘဲ ခေါင်းငုံ့ခံခဲ့ကြပါသည်။ သက်ဦးဆံပိုင်ဘုရင်များခေတ်ထက်ပင် ဆိုးဝါးစွာ ခံစားခဲ့ကြရပါသည်။

## ဗိုလ်ချုပ်ကြီးနေဝင်း၏ အတိတ်ဖြစ်ရပ်များ

မြန်မာနိုင်ငံကို ၂၆ နှစ်ကျော်အုပ်စိုးခဲ့သော တစ်ပါတီအာဏာရှင်စနစ်၏ဆိုးကျိုးများကိုအစမှအဆုံးတိုင် ဖန်တီးခဲ့သောအဓိကတရားခံသည် ဗိုလ်ချုပ်ကြီးနေဝင်းသာဖြစ်ပါသည်။ ၎င်းမွေးထုတ်ခဲ့သော လူကောင်း လူတော်ဆိုသူများ၏ ဒဏ်ကို ပြည်သူလူထုတစ်ရပ်လုံးက လူးလိမ့်ခံခဲ့ကြရပါသည်။ အရည်အချင်းမရှိသော်လည်း သစ္စာရှိမှုကိုအခြေခံပြီး သခင်အားရကျွန်ပါးဝ လုပ်ခဲ့ကြသူများ၏ အကြား၌ အမှန်အရည်အချင်းရှိသော လူတော်များလည်း ကြိုကြားရှိခဲ့ပါသည်။ သို့သော်လည်း မီးများမီးနိုင်၊ ရေများရေနိုင်ဆိုသကဲ့သို့ ထိုသူများမှာ ခေါင်းဖော်နိုင်စွမ်းမရှိခဲ့ပါ။ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ လူမှုရေးအမြင်တို့နှင့် ပြည့်ဝရုံမက၊ ထောက်လှမ်းရေးအမြင်နှင့်ပါ ပြည့်စုံခဲ့သော ဗိုလ်မှူးချုပ်တင်ဦးသည်ပင်လျှင် အဆုံး၌ အရှုံးနှင့်ရင်ဆိုင်ခဲ့ရပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏လက်အောက်မှ လူကောင်း၊ လူတော်များသည် အဘယ့်ကြောင့် စက်ရုပ်များကဲ့သို့ ဖြစ်ခဲ့ကြရသည်ကို လည်းကောင်း အသက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လူသားကဲ့သို့ လှုပ်ရှားဖို့ ကြိုးစားလျှင်လည်း ရှင်သန်နိုင်စွမ်းရှိမည် မဟုတ်သည်ကို ဗိုလ်မှူးချုပ်တင်ဦး၏ ဖြစ်ရပ်ကဲ့သို့လည်းကောင်း ဖြစ်ရပ်မျိုးများကို လေ့လာခြင်းအားဖြင့် ထင်ရှားစွာတွေ့ ရှိနိုင်မည်ဖြစ်ပါသည်။

ဗိုလ်မှူးချုပ်တင်ဦးနှင့်ပတ်သက်၍ တပ်မတော်က ခေါ်ဝေါ်သကဲ့သို့ ဗိုလ်ချုပ်တင်ဦးဟူ၍လည်းကောင်း၊ တာဝန်ယူခဲ့သည့် အချိန်အခါ၌ရှိခဲ့သော ရာထူးအရလည်းကောင်း ဗိုလ်ကြီး၊ ဗိုလ်မှူးစသည်ဖြင့် ရေးသားခဲ့ပါသည်။ ပို၍ ပေါ်လွင်စေရန်ဖြစ်ပါသည်။ ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးတင်ဦးကို ဗိုလ်ချုပ်ကြီးတင်ဦးဟုသာ ခေါ်ဝေါ်ပါသည်။

ဗိုလ်မှူးချုပ်တင်ဦးသည် ဗိုလ်ချုပ်ကြီးတင်ဦးကဲ့သို့ အလွန်သစ္စာကြီးခဲ့သူပင်ဖြစ်သော်လည်း တော်သည်ဟု ကျော်ကြားလာသောအခါတွင်ကား ဆက်လက်ရှင်သန်ခွင့် မရရှိတော့ကြောင်းကို တွေ့ရှိရပါသည်။

ယင်းသို့ တစ်ပါတီအာဏာရှင်စနစ်၏ ခါးသီးမှုဒဏ်ကို အထွဋ်အထိပ်သို့ရောက်အောင် လုပ်ဆောင်ခဲ့သော အာဏာရှင်ကြီး ဗိုလ်ချုပ်ကြီးနေဝင်း၏ သမိုင်းဖြစ်ရပ်အချို့ကို လေ့လာနိုင်ရန် ဆက်လက်၍ တင်ပြပါမည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် ကျောင်းသားဘဝကပင် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သူဖြစ်ပါသည်။ ဂျပန်နိုင်ငံသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သွားရောက်စစ်ပညာသင်ခဲ့သော ရဲဘော်သုံးကျိပ်ဝင်ဖြစ်ခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တို့ဗမာ အစည်းအရုံးသခင်ကိုယ်တော်မှိုင်း၏အဖွဲ့မှ စေလွှတ်သူများ၏ ခေါင်းဆောင်ဖြစ်၍ ဗိုလ်ချုပ်ကြီးနေဝင်းသည် တို့ဗမာ အစည်းအရုံး သခင်ထွန်းအုပ်အဖွဲ့မှ စေလွှတ်သူများ၏ ခေါင်းဆောင် ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ထက်အသက်ကြီးသော်လည်း အဖွဲ့နှစ်ခုကိုပေါင်းခဲ့သောအခါတွင် ခေါင်းဆောင်တင်ခြင်းမခံရဘဲ၊ ဗိုလ်ချုပ်အောင်ဆန်းကိုသာ ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့ကြသည်။ ဂျပန်တွင် စစ်ပညာအပြင် ထောက်လှမ်းရေးနှင့် ပတ်သက်သော ပညာရပ်များကိုလည်း အထူးသင်ကြားခဲ့ကြရပြီး ပြည်တွင်းပုန်ကန် လှုပ်ရှားမှုများဆောင်ရွက်နိုင်ရန်အတွက် မြန်မာပြည်သို့ ကြိုတင်၍ ပြန်လာသူများကို ဗိုလ်ချုပ်ကြီးနေဝင်းက ခေါင်းဆောင်ခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း နိုင်ငံရေးနယ်မြေသို့ ပြောင်းသွားသောအခါတွင်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်နေဝင်းအားဗမာ့တပ်မတော်ကို ဦးဆောင်ရန် တာဝန်ပေးခဲ့ပါသည်။ ဂျပန်တော်လှန်ရေးအပြီး တပ်မတော်ကို ပြန်လည်ဖွဲ့စည်းခဲ့ရာတွင် အင်္ဂလိပ်လက်ထက်က စစ်သည်ဟောင်းများလည်း ပြန်လည်ပါဝင်လာခဲ့ပါသည်။ အထူးသဖြင့် လေတပ်နှင့် ရေတပ်များတွင် အင်္ဂလိပ်ကပြားများ အတော်များများကျန်နေခဲ့ပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် ဂျပန်ခေတ်ဗမာ့ တပ်မတော်လက်ထက်က အရာရှိများအား ကြည်းတပ်သာမက ရေတပ်နှင့် လေတပ်တို့တွင်ပါ ထည့်သွင်းထားခဲ့ပါသည်။ ပြည်တွင်းသောင်းကျန်းသူများကို နှိမ်နင်းရေးအတွက် စစ်ရဲတပ်နှင့် ဘီတီအက်စ်ဖ်တပ်များ ဖွဲ့စည်းရာတွင်လည်း တပ်မတော်မှ အရာရှိများဖြင့် ဦးဆောင်၍ ဖွဲ့စည်းခဲ့ပါသည်။ ဂျပန်ခေတ်အပြီးတွင် ဗမာ့သေနတ်ကိုင်တပ်ရင်း(၄)သည် ၄င်း၏ လက်စွဲတော်တပ်ရင်းဖြစ်ခဲ့ပါသည်။ ထို့ကြောင့် တပ်ရင်း(၄)မှ အရာရှိများနှင့် အခြားအဆင့်များသည် ဗိုလ်ချုပ်ကြီးနှင့် အနီးစပ်ဆုံး တပည့်ရင်းများဖြစ်ခဲ့ကြပါသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်တွင် သောင်းကျန်းသူ ရောင်စုံသူပုန်များ ပေါ်ပေါက်ခဲ့ပြီး ၁၉၄၉ခုနှစ်တွင် တစ်ပြည်လုံးအနှံ့အပြားတွင် သောင်းကျန်းသူများ၏ စိုးမိုးမှုကို ခံခဲ့ကြရပြီး "ရန်ကုန်အစိုးရ" "ရှစ်မိုင်အစိုးရ" ဟုပင် အခေါ်ခံခဲ့ရသည်အထိပင် ဖြစ်ခဲ့ပါသည်။ ထိုအခါတွင် ဗိုလ်ချုပ်ကြီးနေဝင်းအား ဝန်ကြီးအဖွဲ့အတွင်း နေရာပေး၍ သောင်းကျန်းသူ နှိမ်နင်းရေးကို တာဝန်ပေးအပ်ခဲ့ပါသည်။ ထိုအချိန်က တစ်နိုင်ငံလုံးတွင် အဆက်အသွယ်များပြတ်တောက်သွားခဲ့ရပြီး၊ တပ်မတော်သည်လည်း သက်ဆိုင်ရာနယ်မြေဒေသအလိုက် လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးနှင့် သောင်းကျန်းမှုနှိမ်နင်းရေးကို ဆောင်ရွက်ခဲ့ရပါသည်။ နယ်မြေဒေသအလိုက် ကာကွယ်ရေးအတွက် ဖွဲ့စည်းခဲ့ကြသော ရပ်ရွာကာကွယ်ရေးတပ်ဖွဲ့များနှင့် ပတ်သက်ပြီး ဗိုလ်ချုပ်ကြီးနေဝင်းက မှတ်ချက်ပြုခဲ့သည်မှာ "ကာကွယ်ရေးတပ်ဖွဲ့တွေအနေနဲ့ လေ့ကျင့်မှုကို စနစ်တကျမရရှိခဲ့ကြတော့ စည်းကမ်းပိုင်းမှာ လျော့နည်းတာတွေရှိခဲ့ပါတယ်။ ဒါပေမဲ့ စွန့်စွန့်စားစား တိုက်တဲ့ခိုက်တဲ့နေရာမှာတော့ ဂုဏ်ပြုလောက်အောင်ကို စွန့်စားတိုက်ခိုက်ခဲ့ကြတာတွေရှိခဲ့တယ်။ တချို့နေရာတွေမှာဆို သောင်းကျန်းသူ သတင်းရလို့ တို့တပ်က စစည်းပြင်ဆင်တုန်းရှိသေးတယ်။ သူတို့က ဖြိုက်တိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လို့ သေကြကြေကြ သောင်းကျန်းသူတွေ ထွက်ပြေးကြဖြစ်ကုန်ပြီ''ဟူ၍ ဖြစ်ပါသည်။

၁၉၅၈ ခုနှစ်တွင် ဖဆပလအစိုးရ ကွဲသွားပြီးနောက် အိမ်စောင့်အစိုးရတာဝန်ကို ပေးအပ်ခြင်းခံခဲ့ရပါသည်။ ဗိုလ်ချုပ်ကြီးသည် နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲပြန်လည်ပြုလုပ်ပေးခဲ့ရာ သန့်ရှင်းဖဆပလအဖွဲ့က အနိုင်ရပြီး ဦးနု၏အစိုးရအဖွဲ့ တက်ရောက်ခဲ့သည်။ ၁၉၆၂ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် အာဏာသိမ်း၍ တော်လှန်ရေးကောင်စီ ဖွဲ့စည်းပြီး စတင်အုပ်ချုပ်ခဲ့ပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်း အာဏာမသိမ်းမီက တပ်မတော်အရာရှိကြီးတစ်စုက အာဏာသိမ်းရန် ကြံစည်ခဲ့ခြင်းကို ဗိုလ်ချုပ်ကြီးနေဝင်းက ဖြိုခွဲပစ်ခဲ့ပါသည်။ ထိုအရာရှိကြီးများကို တပ်မှထွက်ခိုင်းပြီး အရေးယူခဲ့ပါသည်။

ထိုသို့ အရေးယူခဲ့ခြင်းနှင့်ပတ်သက်၍ မကျေနပ်သော အရာရှိကြီးများ၏ ပြောပြချက်မှာ ''တော်တော်ရက်စက်နိုင်တဲ့လူပါ။ နိုင်ငံရေးပါတီတွေကို ရွေးကောက်ပွဲ ပြန်မလုပ်ပေးမီကဆိုရင် တပ်ကအရာရှိကြီးတွေကို တည်မြဲဖဆပလကို အားပေးစေလိုတဲ့ သဘောပြောခဲ့တယ်။ ဦးနုက နိုင်သွားတော့ တပ်ကိုလည်း သူ့အဖွဲ့က ဘယ်ကျေနပ်ကြမလဲ၊ ပြန်တွယ်ကြတာပေါ့။ ဒါကို သူက နာရမယ့်အစား ဦးနုကို မျက်နှာလုပ်ဖို့ ကိုယ့်ရဲဘော်ရဲဘက်တွေကို ရက်ရက်စက်စက်ပြန်ချခဲ့တယ်''ဟူ၍ ဖြစ်ပါသည်။ အဖြစ်မှန်ကို လူဟောင်းကြီးများ၏ ပြောကြားချက်အရ သိရှိရသည်မှာ ရွေးကောက်ပွဲမပြုလုပ်မီက တပ်မှအရာရှိကြီးများအား ဗိုလ်ချုပ်ကြီးက ပြောလေ့ရှိခဲ့သည်မှာ ဦးနုနှင့် ဦးဗဆွေတို့သည် လူကောင်းများဖြစ်ကြကြောင်း၊ နိုင်ငံရေးတွင် သန့်ရှင်းမှုရှိသူများဖြစ်ကြကြောင်း၊ ဘာသာရေးကိုသာ စိတ်ဝင်စားကြောင်း လူတွေစိတ်ချမ်းသာကိုယ်ချမ်းသာရှိဖို့လောက်သာ လိုလားပြီး၊ ရှိအောင်မလုပ်တတ်ကြောင်း ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့သည် နိုင်ငံရေးရည်မှန်းချက်ရှိကြောင်း၊ တပ်နှင့်လည်း နီးစပ်မှုရှိကြောင်း၊ နိုင်ငံရေး ခံယူချက်ရှိကြ၍ ဖဆပလကွဲသည့်အခါတွင် ဦးနု၏ နောက်သို့ လိုက်မည့်ခေါင်းဆောင်မရှိဘဲ ၎င်းတို့၏ နောက်သို့သာ ခေါင်းဆောင်အများစု လိုက်ပါသွားခဲ့ခြင်းဖြစ်ကြောင်းများကို ပြောကြားခဲ့ကြောင်းသိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အရာရှိကြီးများက "ကျွန်တော်တို့ ဘယ်လိုရပ်တည်ရမှာလဲ" ဟု အမိန့်နာခံရန်မေးသောအခါတွင် ရှင်းလင်းပြတ်သားစွာ အမိန့်မပေးဘဲ "မင်းတို့လည်း နိုင်ငံရေးအခြေအနေသိသားပဲ တို့တပ်ကို မထိခိုက်အောင် သာကြည့်လုပ်ကြပါပေါ့ကွာ" ဟု ပြောခဲ့ကြောင်းသိရပါသည်။ သူ၏ပြောနေကျစကားများအရ တည်မြဲဖဆပလသည် တပ်နှင့် ပိုနီးစပ်သည်ဟူသော ယူဆချက်ဖြင့် တပ်တွေအနေနဲ့ ဖြစ်နိုင်ရင် တည်မြဲဘက်ကိုသာ မဲပေးအောင် လက်သိပ်ထိုး လုပ်ခဲ့ကြသည်များရှိကြောင်း သိရပါသည်။ ထို့နောက် သန့်ရှင်းအမတ်များက ပါလီမန်တွင် တပ်မတော်အရာရှိများအား ပုတ်ခတ်ပြောလာသောအခါတွင် ဗိုလ်ချုပ်ကြီးသည် ထုံးစံအတိုင်းအလွန်ဒေါပွခဲ့ကြောင်းသိရပါသည်။ ထိုအခါ တိုင်းမှူးနှင့် တပ်မဟာမှူးများက အာဏာသိမ်းရန် နည်းလမ်းတစ်ခုတည်းသာ ရှိတော့ကြောင်းကို တင်ပြခဲ့ကြရာ ဘာမှတိကျသော အမိန့်မပေးခဲ့ကြောင်း၊ သို့သော်လည်း နှစ်ရှည်လများတာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်၍ ဗိုလ်ချုပ်ကြီး၏ သဘောကိုသိသောကြောင့် အာဏာသိမ်းသင့်က သိမ်းရန် ပြင်ဆင်ခဲ့ကြကြောင်း၊ ဒီအခါမှာ တပ်တွေဆီကို ဗိုလ်ချုပ်ကြီးဆင်းလာကြောင်း၊ ၎င်းတို့ကို ကျေနပ်အောင် ချွေးသိပ်ခဲ့ကြောင်း၊ နောက်မကြာမီမှာပဲ တပ်ကထွက်ခိုင်းကြောင်း၊ အကြီးအကျယ်ဒေါပွကြသော်လည်း ငုံ့ခံခဲ့ကြရကြောင်းများကိုပါ သိရပါသည်။ ကွက်ကျော်ရိုက်တဲ့ နေရာမှာတော့ ဗိုလ်ချုပ်ကြီးနေဝင်းသည် မည်သူ့ကိုမျှ မထောက်ထားခဲ့ကြောင်းများကိုလည်း လူဟောင်းကြီးများက ပြောလေ့ရှိပါသည်။ "ခိုင်းတော့ သေအောင်ခိုင်းတာပဲ၊ တစ်ခုခုဖြစ်လာရင်တော့ ကာကွယ်ပေးလိမ့်မယ်မထင်နဲ့" ဟူ၍လည်းပြောကြပါသည်။ အသေးအဖွဲ့ကိစ္စများကစ၍ သူများကို လှည့်ပတ်ဖို့ အနိုင်ယူဖို့လည်း ဝန်မလေးကြောင်း၊ ဗိုလ်ချုပ်ကြီးသည် တစ်ချိန်က မြင်းပွဲကို အလွန်ဝါသနာပါခဲ့ကြောင်း၊ မြင်းပွဲနှင့်သာ အချိန်ဖြုန်းခဲ့ကြောင်း၊ မြင်းသမားလောကမှ သတိပြုလာသည်အထိဖြစ်ခဲ့ကြောင်း၊ တစ်ခါက ၎င်း၏ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးသန်းဝင်းက ရှိစုမဲ့စုငွေလေးစုပြီး မြင်းလောင်းရန် လုပ်ခဲ့ကြောင်း၊ ဗိုလ်ချုပ်ကြီးကသိ၍ ဘယ်မြင်းကို လောင်းမှာလဲဟု မေးသောအခါ "ဘဒူကာ" ကို လောင်းမည်ဟု ဗိုလ်ကြီး သန်းဝင်းကပြောရာ သူ့အတွက်ပါ လောင်းပေးဟု ခိုင်းခဲ့ကြောင်း၊ ၎င်း၏ ကိုယ်ရေးအရာရှိက လောင်းသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ စောင့်ကြည့်နေသူများကလည်း "ဘဇူကာ" ကို ပစ်၍ လောင်းကြတော့ကြောင်း၊ မြင်းပြေးသောအခါတွင် "ဘဇူကာ"သည် ဘိတ်ဆုံးဖြစ်ကြောင်း၊ ဗိုလ်ကြီးသန်းဝင်းသည် အကြီးအကျယ်စိတ်ပျက်၍ မှိုင်တွေချနေခဲ့ကြောင်း ဗိုလ်ချုပ်ကြီးမှာမူ ဘဇူကာကို မထိုးဘဲ အခြားမြင်းကို ထိုးခဲ့သဖြင့် အနိုင်ရခဲ့သောကြောင့် အလွန်ရွှင်မြူးနေပြီး သန်းဝင်းဘယ်လောက်ရှုံးလဲဟု မေးကြောင်း၊ ဗိုလ်ကြီးသန်းဝင်းကလည်း စိတ်မပါ့တပါဖြင့် လေးရာကျော်ရှုံးကြောင်း ပြောသောအခါတွင် ငွေရှစ်ရာ ထုတ်ပေးခဲ့ကြောင်း သိရပါသည်။

ဗိုလ်ချုပ်ကြီးသည် တင်းနစ်ရိုက်ခြင်း၊ စစ်တုရင်ကစားခြင်းမှ စ၍ ဘာကိုပင် ကစားကစား နိုင်မှကျေနပ်သူဖြစ်ကြောင်း၊ သူ့အကြောင်းကို သိထားကြသဖြင့်လျှော့၍ ကစားကြသည်ကို သိသွားလျှင်လည်း အလွန်ဒေါပွကြောင်း၊ ဘယ်လိုနည်းနဲ့နိုင်ရနိုင်ရနိုင်အောင်လုပ်သူဖြစ်ပြီး တစ်ဘက်ကလည်း တရားသဖြင့်နိုင်သည့် သဘောမျိုးဖြစ်အောင် လုပ်တတ်ကြောင်းများကိုလည်း သိရပါသည်။

တော်လှန်ရေးကောင်စီတက်ပြီးနောက် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အဦအား ဖြိုချဖျက်ဆီးပစ်ခဲ့ပါသည်။ ထိုသို့ဖျက်ဆီးပစ်ခဲ့ခြင်းကို ဗိုလ်ချုပ်ကြီးသည် အလွန်ကျေနပ်ခဲ့ပြီး အလျဉ်းသင့်တိုင်း ဂုဏ်ယူပြောကြားခဲ့ကြောင်းသိရပါသည်။ အလယ်ရိုးမကို သိမ်းပိုက်ခြင်း၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်များ ကျဆုံးခြင်း၊ ပီကင်းပြန်များ ကျဆုံးခြင်း၊ မြစ်ဝကျွန်းပေါ်ဘက်တွင် အောင်ပွဲရခဲ့ခြင်းများနှင့် ပတ်သက်၍ တင်ပြကြသောအခါ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ပြီး မြေပေါ်ဌာနချုပ်ဖြစ်သော တ-က-သကို ဖြိုပြီးဖြစ်၍ သောင်းကျန်းသူများဟာ နယ်စွန်နယ်ဖျားထွက်ပြေးပြီး အင်္ဂလိပ်ခေတ်က အင်္ဂလိပ်နယ်ချဲ့ကို ဆန့်ကျင်သူများ လုံးပါးပါးသကဲ့သို့ ပါးသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်ဟု သိရပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် စိတ်မြန်သူဖြစ်ပြီး စိတ်လည်း အလွန်တိုတတ်ပါသည်။ အပြောင်းအလဲလည်း အလွန်များတတ်ပါသည်။ ဒေါ်နီနီမြင့်နှင့် အိမ်ထောင်ကျပြီးနောက်ပိုင်း တစ်ခါက ဖြစ်ပါသည်။ ပုဂံညောင်ဦးဘက်သို့ သွားခဲ့ပြီး သီရိပစ္စယာဟိုတယ်တွင် တည်းခိုနေစဉ် တစ်နေ့ညဦးပိုင်း၌ ဒေါ်နီနီမြင့်



www.burmeseclassic.com

www.burmeseclassic.com



နှင့် စကားပြောနေကြပြီး အေးအေးဆေးဆေးရှိနေရာမှ နောက်ပိုင်းတွင် တရှူးရှူး တရှားရှားဖြစ်ကာ ဆူညံနေခဲ့ပါသည်။ ထိုသို့ဖြစ်ပြီးနောက် တော်လှန်ရေးကောင်စီက သက်ဆိုင်သူများအား တကာသအဆောက်အဦအား ဖြိုသည့်ကိစ္စတွင် ၎င်းပါဝင်ခြင်း မရှိကြောင်းကို ပေါ်လွင်အောင်ရေးကြရန် ညွှန်ကြားခဲ့ပါသည်။ ထိုစဉ်က ဗိုလ်ချုပ်ကြီးဟောင်းတင်ဦးလည်း အတူရှိနေကြောင်း သိရပါသည်။ ဒေါ်နီနီမြင့်သည် သမိုင်းဆရာဖြစ်၍ လွတ်လပ်ရေးကြိုးပမ်းမှု၏ အထိမ်းအမှတ်ဖြစ်သော တကာသအဆောက်အဦဖြိုခြင်းသည် သမိုင်းတွင်ဆိုးဝါးသော မှတ်တိုင်တစ်ခုဖြစ်တော့မည်ဟု ဗိုလ်ချုပ်ကြီးအား ပြောခဲ့ပုံရကြောင်း ထင်မြင်ခဲ့ကြပါသည်။

များမကြာမီပင် ဗိုလ်ချုပ်ကြီး၏ ညွှန်ကြားချက်ကို အကောင်းဆုံးဖြစ်အောင် လိုက်နာလုပ်ဆောင်ခဲ့ကြသော ဗိုလ်မှူးကြီးကျော်စိုးတို့အား အရေးယူခဲ့ပါသည်။ ဗိုလ်မှူးကြီးကျော်စိုးကို ဗဟိုနိုင်ငံရေး တက္ကသိုလ်ကျောင်း အုပ်ကြီးအဖြစ် ပြောင်းရွှေ့ခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် တက္ကသိုလ်ပညာတတ်များနှင့် ပတ်သက်လျှင် အကောင်းမြင်တတ်ခြင်း မရှိခဲ့ကြောင်းကို သိရသည်။ တော်လှန်ရေးအစိုးရလက်ထက်တွင် တောင်သူလယ်သမား၊ အလုပ်သမား၊ လူတန်းစားများကို စည်းရုံးရန် ကြိုးစားခဲ့ပြီးနောက် တက္ကသိုလ်ပညာတတ်အသိုင်းအဝိုင်းကိုလည်း စည်းရုံးရန် ကြိုးစားခဲ့ပါသည်။ ထိုသို့ကြိုးစားရင်း တက္ကသိုလ်ဆရာများအား အလုံအိမ်တော်၌ ညစာစားပွဲ ပြုလုပ်ပေးခဲ့ပါသည်။ တက္ကသိုလ်ဆရာအများစုသည် မိမိတို့လစာကို ခြိုးခြံသုံးစွဲပြီး ရန်းကန်လှုပ်ရှားနေရသူများဖြစ်သဖြင့် ထိုကဲ့သို့သော ညစာစားပွဲမျိုးနှင့် ကြုံသောအခါတွင် ပျော်ပျော်ပါးပါး သောက်စားခဲ့ကြပါသည်။ ညစာစားပွဲပြီး၍ ယဉ်ကျေးမှုအဖွဲ့က ဧည့်ခံဖျော်ဖြေသောအခါတွင် ခပ်မူးမူးနှင့် ပွဲကြည့်ခဲ့ရသူများ ရှိခဲ့ပါသည်။ ဆရာတစ်ဦး ခပ်မူးမူးနှင့်ဒေါ်ခင်မေသန်း၏ ခုံနောက်မှ ခုံ၌ထိုင်၍ပွဲကြည့်ရင်း တံတွေးတပြစ်ပြစ် ထွေးခဲ့ရာ ဒေါ်ခင်မေသန်း သို့ စဉ်သွားခဲ့ပါတော့သည်။ ပွဲပြီးသည်နှင့် ဗိုလ်ချုပ်ကြီးသည် အလွန်ဒေါသဖြစ် ၎င်းဆရာအား လက်သီးဖြင့် ထိုးပါတော့သည်။ ထိုစဉ်က ဒုဗိုလ်မှူးကြီး ဖြစ်သော ဗိုလ်မှူးချုပ်တင်ဦးက ဗိုလ်ချုပ်ကြီးအား လက်လွန်မသွားအောင် ၎င်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမမည့်အကြောင်း၊ ဗိုလ်ချုပ်ကြီးအနားယူပါမည့်အကြောင်းပြောပြီး ထိန်းပေးနိုင်ခဲ့ကြောင်းသိရပါသည်။

ဒေါ်နီနီမြင့်နှင့်လက်ထပ်ပြီးနောက် "ဒေါ်နီနီမြင့်သည် ၄င်း၏ ဆွေမျိုးသားချင်းများအတွက် အခွင့်အရေး အလွဲသုံးစားလုပ်သည်" ဆိုကာ ၄င်းအားနှင်ချခဲ့ကြောင်းသိရပါသည်။ နောက်မှပြန်၍ခေါ်ယူခဲ့ပါသည်။ ဗိုလ်မှူးချုပ်တင်ဦး အရေးယူမခံရမီအထိ ဒေါ်နီနီမြင့်နှင့် ဗိုလ်ချုပ်ကြီးတို့ အဆင်ပြေအောင် တတ်နိုင်သမျှ အကူအညီပေးခဲ့ကြောင်းကိုလည်း ကြားသိရပါသည်။ ဒေါ်ရတနာနတ်မယ်နှင့်လက်ထပ်ပြီး နောက်ပိုင်း၌လည်း ပြဿနာနှင့်ကြုံခဲ့ရကြောင်း သိရသည်။ ဒေါ်ရတနာနတ်မယ်သည် နိုင်ငံခြားတွင် တာရှည်စွာနေခဲ့သူဖြစ်၍ နိုင်ငံခြားသားများ၏အထာကို နားလည်သူဖြစ်ကြောင်းသိရပါသည်။ ဗိုလ်ချုပ်ကြီးနှင့် နိုင်ငံခြားသားများ တွေ့ဆုံရာတွင် နိုင်ငံခြားသားများ ပို၍သဘောပေါက်အောင်ဟူသည့် အနေဖြင့် ဝင်၍ထောက်ပေးသည်များကို ဗိုလ်ချုပ်ကြီးက မကျေနပ်၍တားခဲ့ကြောင်း၊ သို့သော်လည်း ဒေါ်ရတနာနတ်မယ်က ဆက်၍လုပ်သဖြင့် ဒေါ်ပွပြီး နီးရာနှင့် ကောက်ပစ်ခဲ့သည်ကိုလည်းကောင်း ထို့နောက် ကွာရှင်းခဲ့သည်ကိုလည်းကောင်း သိရပါသည်။ စိတ်မြန်ခြင်း၊ ဒေါသကြီးခြင်း၊ မာနကြီးခြင်းတို့ကြောင့် ဗိုလ်ချုပ်ကြီးနှင့် ဆက်ဆံရသူများသည် အလွန်သတိထား၍ ဆက်ဆံနိုင်မှ တော်ရုံကျကြောင်းသိရပါသည်။

ရက်စက်သည့်နေရာတွင် စံထားထိုက်သူဟူ၍ အဆိုရှိပါသည်။ ဗိုလ်ချုပ်ကြီးသည် ဇနီးဟောင်းဒေါ်တင်တင်နှင့် ကွာရှင်းပြီး နောက်ဇနီးကို သာမကပဲ သားသမီးများကိုပါ လုံးဝဖြတ်တောက်ခဲ့ကြောင်း သိရပါသည်။ ရဲဘော်ဟောင်းများက ဒေါ်တင်တင်နှင့် သားသမီးများကို ကြည့်ရှုကြရသည်ဟု ကြားသိရပါသည်။ တစ်ခါက နံပါတ်ဖိုးစွဲပြီး ပျက်စီးနေသော မောင်ငွေစိုးသည် မိန်းကလေးတစ်ယောက်ကို ယူခဲ့သဖြင့် ဗဟိုထောက်လှမ်းရေးတပ်မှ ဗိုလ်မှူးတင်ဦးအား အစာရှိအိမ်တစ်အိမ်တွင်ထားပြီး ကြည့်ရှုစောင့်ရှောက်ရန် ဗိုလ်မှူးကြီးမောင်လွင်က ညွှန်ကြားသဖြင့် ဗိုလ်မှူးတင်ဦးကကြည့်ရှုစောင့်ရှောက်ထားခဲ့ပါသည်။ ဗိုလ်ချုပ်ကြီး ကြားသိသွားပြီး ချက်ချင်းပင် တပ်ပြင်သို့ ပို့ပေးရပါသည်။ ဒေါ်တင်တင်သည် ဗဟိုထောက်လှမ်းရေးတပ်၌ ခေတ္တချုပ်နှောင်စဉ်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးစိုးညွန့်နှင့် ဗိုလ်မှူးကြည်ဆွေတို့က ဂရုစိုက်ခဲ့သည်ဟုဆိုကာ ငှင်းမသေမီက စားသောက်ဖွယ်ရာများ ပို့ပေးခြင်း၊ အကူအညီလိုက တောင်းခံခြင်းများကို ပြုလုပ်ပေးခဲ့ကြောင်းကြားသိရပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ညီ ဦးသိန်းညွန့်သည် ကုန်သွယ်ရေးကော်ပိုရေးရှင်းတွင် အထွေထွေမန်နေဂျာတစ်ယောက် ဖြစ်ခဲ့ပါသည်။ အတွေ့အကြုံနှင့် အရည်အချင်းရှိသူဖြစ်၍ ရာထူးတိုးမြှင့်ပေးလိုကြသော်လည်း ဗိုလ်ချုပ်ကြီးကို လန့်သဖြင့် တိုးမပေးနိုင်ခဲ့ကြကြောင်းသိရပါသည်။ ဦးသိန်းညွန့်သည် ငှင်းနှင့် ရင်းနှီးသူများအထူးသဖြင့် တပ်မတော်အရာရှိကြီးများအား လွှတ်တော် အစည်းအဝေးများ ပါတီညီလာခံများက ထုတ်ပြန်သော အစီရင်ခံစာများကို ဖတ်ပြီး "အစီရင်ခံစာတွေကတော့ ရာနှုန်းပြည့်ရော ရာနှုန်းကျော်ရော အောင်မြင်နေတာပဲဗျာ။ အဘိုးကြီး (ဗိုလ်ချုပ်ကြီး) ကို အစီရင်ခံစာတွေက သတ်နေပြီဗျ ခင်ဗျားတို့ မတင်ပြကြတော့ဘူးလား" ဟူ၍ ပြောလေ့ရှိပါသည်။ မိတ်ဆွေများက "အစ်ကိုကြီးက ပြောရမှာ ကျွန်တော်တို့က ဘယ်ပြောရဲပါ့မလဲ" ဟု ပြန်၍ ပြောကြသောအခါတွင် "ကျွန်တော့်ကို မကြည့်ဘူးဗျာ၊ ကျွန်တော့်ကို အကပ်မခံဘူး၊ တင်ဦးကြီးရှိတုန်းက တော်သေးတယ်ဗျာ။ အခုတော့ ဘယ်သူမှလည်း အမှန်ကိုတင်ပြကြပုံ မပေါ်ပါဘူးဗျာ" ဟု ပြောပြီး ငြီးတတ်ပါသည်။

## အကျိုးဆက်များ

လူတို့၏ အပြုအမူ၊ အနေအထိုင်၊ အကျင့်အကြံတို့နှင့် ပတ်သက်၍ လေ့လာရာတွင် ဗီဇနှင့် ပတ်ဝန်းကျင်သည် အထူးအရေးပါကြောင်းကို စိတ်ပညာရှင်ကြီးများ၏ လေ့လာတွေ့ရှိချက်များအရ သိရှိရပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏ ငယ်စဉ်ကလေးဘဝက အဖြစ်အပျက်များကို အသေးစိတ်မသိရှိရသော်လည်း အရွယ်ရောက်လာပြီး နောက်ပိုင်းကိုမူ ငှင်းနှင့်အတူနီးစပ်စွာ နေထိုင်လုပ်ကိုင် ဆက်သွယ်ခဲ့ကြရသူများထံမှတစ်ဆင့် ကြားသိရချက်များရှိခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးသည် အဆင့်မြင့်ပညာရပ်များကို ဆုံးခန်းတိုင် သင်ကြားခဲ့ရမှုမရှိခြင်း၊ စာပေပညာရပ်များကို အလေးအနက်ထား၍ လေ့လာလိုသော ဝါသနာမရှိခြင်း စသည့်အကြောင်းများကြောင့် ဗိုလ်ချုပ်အောင်ဆန်းတို့ကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



ပညာတတ်များလေးနက်စွာ လေ့လာဖတ်ရှုကြသူများနှင့် နေထိုင်လုပ်ကိုင်ရသောအခါတွင် •သိမ်ငယ်မှုများရှိတတ်ကြောင်းကို သိရှိရပါသည်။

ဗိုလ်ချုပ်ကြီးကိုယ်တိုင် ပြောလေ့ရှိသော စကားတစ်ခုမှာ “ဗိုလ်ချုပ်အောင်ဆန်းက တစ်ခါတစ်ရံ ဒေါပွ၍ ဆဲဆိုသောအခါတွင် မိမိသည် ဗိုလ်ချုပ်နှင့်မတွေ့အောင် တစ်လလောက် ရှောင်နေခဲ့ကြောင်း၊ မိမိက ဆူငေါက်သည်မှာ အသေးအဖွဲ့လောက်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက မိမိအားဆူငေါက်သည့်အဖြစ်နှင့်နှိုင်းစာလျှင် ဘာမှမဖြစ်လောက်ကြောင်း” စသည်များဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အသက်ပင်ငယ်သော်လည်း အရည်အချင်း ပြည့်ဝခြင်း၊ အလွန်တည်ကြည်ဖြောင့်မတ်စွာနေတတ်ခြင်း၊ အလုပ်ကိုသာ အာရုံစူးစိုက်တတ်ခြင်းစသည်တို့ကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းက အလွန်လေးစားမှုရှိခဲ့ကြောင်းများကို သိရှိရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်အကြီးအကဲဖြစ်သော်လည်း အရပ်ဘက်မှ လုပ်ဖော်ကိုင်ဘက်ဖြစ်သော နိုင်ငံရေးသမားများအားလေးစားမှုရှိပြီး တန်းတူရည်တူသာ ဆက်ဆံခဲ့ကြောင်းကို နိုင်ငံရေးသမားဟောင်းကြီးများ၏ ပြောပြချက်များအရ သိရပါသည်။

တော်လှန်ရေးအစိုးရလက်ထက်က ထိန်းသိမ်းထားခဲ့သော နိုင်ငံရေးသမားဟောင်းကြီးများ၏ ပြောပြချက်များအနက် တူညီသောအချက်မှာ “ဗိုလ်ချုပ်အောင်ဆန်းသည် လွန်စွာအရည်အချင်းပြည့်ဝသူ ဖြစ်ကြောင်း၊ ၄င်းကို ၄င်းလည်း ယုံကြည်မှုအပြည့်အဝရှိသော ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ် ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ အသက်ရှင်လျက်ရှိစဉ်က မနားမနေစည်းရုံး လှုပ်ရှားမှုများကို ကြည့်လျှင် သိနိုင်ကြောင်း၊ ဗိုလ်ချုပ်သည် စည်းရုံးရေးကိုအလွန် အားထားယုံကြည်ပုံရကြောင်း၊ နိုင်ငံရေးလောကတွင် အရည်အချင်းပြည့်ဝသော နိုင်ငံရေးသမားများသည် ဖြတ်လမ်းကိုမလိုက်ကြဘဲ စည်းရုံးရေးကိုသာ အားထားကြကြောင်း၊ စည်းရုံးရေးစွမ်းအားကို မယုံကြည်သူများသည် အာဏာ၊ ငွေ၊ လက်နက် စသည်တို့ကိုသာ အားကိုးတတ်ကြောင်း” စသောအချက်များဖြစ်ပါသည်။

တည်မြဲ ဖဆပလ ဦးဗဆွေ၏ ပြောပြချက်အရ “ဖဆပလ အစိုးရလက်ထက်က ဗိုလ်လက်ျာက ဗိုလ်ချုပ်ကြီးနေဝင်းအား အပြုတ်ချရန် ခြိမ်းခြောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ဘယ်သူကမှလည်း ဗိုလ်ချုပ်ကြီးနေဝင်းနောက် တွင် မရပ်တည်လိုကြ ကြောင်း၊ ဦးကျော်ငြိမ်းက ရပ်တည်ခဲ့၍သာ ဗိုလ်ချုပ်ကြီးမပြုတ်ခဲ့ခြင်းဖြစ် ကြောင်း''များကို ပြောခဲ့ဘူးပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် တပ်တွင်သာ အနေများခဲ့ပြီး နိုင်ငံရေးသမားများနှင့် တတ်နိုင်သမျှ မရောနှောခဲ့ပုံရကြောင်း တွေ့ရပါသည်။ ၁၉၄၉ခုနှစ် တွင် နိုင်ငံအနှံ့အပြား၌ သောင်းကျန်းသူများကြောင့် အခြေအနေဆိုး ဝါးလာသည့်အခါတွင် တာဝန်ပေးခံခဲ့ရပါသည်။ ၁၉၅၈ ခုနှစ် တွင် ဖဆပလကွဲ၍ အိမ်စောင့်အစိုးရအဖြစ် တာဝန်ပေးခံရသောအခါတွင် ထိုအချိန်ကရှိခဲ့သော စစ်ခေါင်းဆောင်များ၏ အရည်အချင်းရှိမှုကြောင့် နိုင်ငံ အကျိုးကို အထူးဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရပါသည်။ ဗိုလ်ချုပ်ကြီး နေဝင်းသည် ထိုအချိန်က ၄င်း၏ပတ်ဝန်းကျင်၌ လေးစားလောက်သော ပုဂ္ဂိုလ် များရှိနေခြင်းကြောင့် နိုင်ငံအတွက် အထူးပင် အလေးထားဆောင်ရွက်ခဲ့သည်ဟု ယူဆရပါသည်။

၁၉၆၂ခုနှစ် မတ်လတွင် အာဏာသိမ်းပိုက်ပြီးနောက်ပိုင်း၌ အခြေအနေ အရပ်ရပ်သည် အိမ်စောင့်အစိုးရလက်ထက်က အခြေအနေများနှင့် လုံးဝခြားနား သွားခဲ့ပါသည်။ ဗိုလ်ချုပ်ကြီးသည် အိမ်စောင့်အစိုးရလက်ထက်က အတွေ့အကြုံ များရခဲ့ခြင်း၊ နိုင်ငံရေး အတွေ့အကြုံရင့်ကျင်မှုရှိကြသော နိုင်ငံရေးသမားကြီး များအား ထိန်းသိမ်းထားပြီးဖြစ်ခြင်း၊ အရည်အချင်းရှိသော စစ်ခေါင်းဆောင်အချို့ အား ဖယ်ရှားပြီးဖြစ်ခဲ့ခြင်း စသည့်အကြောင်းများကြောင့် နိုင်ငံအတွက် အကျိုး ရှိရေးထက် အာဏာတည်မြဲရေးကို အဓိကထား၍ ဆောင်ရွက်လာခဲ့ကြောင်းကို တွေ့ရမည်ဖြစ်သည်။ အိမ်စောင့်အစိုးရလက်ထက်က အောင်မြင်မှုမျိုးများကို မျှော်လင့်ခဲ့ကြသော ပြည်သူလူထုသည် အနည်းငယ် အံ့အားသင့်မှုများ ဖြစ်ခဲ့ရ သာဖြစ်ခဲ့ပြီး စိတ်ပျက်သည်အထိ မဖြစ်ခဲ့ကြကြောင်းကို တွေ့ခဲ့ရပါသည်။

တော်လှန်ရေးအစိုးရ လက်ထက်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ကြေညာခြင်း၊ လမ်းစဉ်ပါတီဖွဲ့စည်းရေးကို ဆောင်ရွက်ခြင်း၊ တောင်သူ လယ် သမား၊ အလုပ်သမားစသည့် လူထုလူတန်းစားများကို စည်းရုံးသိမ်းသွင်းမှု ဆောင်ရွက်ခြင်းတို့မှစ၍ ကြီးမားသော လူထုလှုပ်ရှား ဆောင်ရွက်မှုကြီးများကို ဖော်ဆောင်နိုင်ခဲ့ပါသည်။ ထိုသို့ တစ်ဖက်မှ ဆောင်ရွက်နေစဉ်အတွင်းမှာပင်



www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်မြေအောက် နိုင်ငံရေးသမားအများအပြားကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ တိုက်ခိုက်ခြေမှုန်းခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ၎င်းနှင့် လက်တွဲ ဆောင်ရွက်နေကြသူများထဲမှ အတွေ့အကြုံရှိသူများ၊ ထင်ပေါ်လာသူများကို တဖြည်းဖြည်းရှင်းပစ်နိုင်ခဲ့ပါသည်။ ၁၉၇၇ ခုနှစ်တွင် ပြုလုပ်ခဲ့သော ပါတီညီလာခံသည် အရည်အချင်းရှိပြီး ဂရုစိုက်လောက်သော လုပ်ဖော်ကိုင်ဖက် အများအပြားကို ရှင်းပစ်နိုင်ရန် အခြေအနေပေးခဲ့ကြောင်းတွေ့ရှိရပါသည်။

ပထမအကြိမ်နှင့်ဒုတိယအကြိမ်ပါတီညီလာခံ အတွေ့အကြုံများရရှိပြီး ဖြစ်ခြင်း၊ ယင်းညီလာခံများ ပြုလုပ်စဉ်က ရွေးချယ်တင်မြှောက်ရာတွင် ဗိုလ်ချုပ်ကြီးစန်းယုက မဲအရေအတွက်ပို၍ရသွားသဖြင့် ရင်နာခဲ့ရခြင်း စသည့် အကြောင်းများကိုအခြေခံ၍ တတိယအကြိမ် ညီလာခံတွင် ဖြစ်လေ့ဖြစ်ထရှိသော ကိုယ့်လူ သူ့လူနီးစပ်ရာ လူများပါအောင် ကြိုတ်၍ စည်းရုံးခဲ့ခြင်းများကို ထောက်ပြပြီး ကွန်မြူ နစ်များထိုးဖောက်ဝင်ရောက်လာသည်ဟု အကြောင်းပြ၍ ၎င်းအတွက် အလွန်စိတ်ချရသည်ဟု ယူဆသူများမှအပ အများအပြားကို လက်တွဲ ဖြုတ်ချခဲ့ပါသည်။

ရွေးချယ်ပွဲများတွင် ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း မိမိတို့နှင့် နီးစပ်သူများ ပါဝင်လာအောင် ကြိတ်၍စည်းရုံးခဲ့ကြရာတွင် ရွေးချယ်ပွဲမတိုင်မီအထိ အမည်စာရင်းအမျိုးမျိုးကိုပြ၍ မဲထည့်ရန်ဆောင်ရွက်ခဲ့ကြပါသည်။ စိတ်ဝင်စားသူများရှိသကဲ့သို့ စိတ်မဝင်စားသူများလည်း ရှိခဲ့ပါသည်။ အလိုက်အထိုက်သာ နေခဲ့ကြသူများလည်းရှိခဲ့ပါသည်။

ထိုသတင်းပေါက်ကြားသွားပြီး ညီလာခံတက်သူများကို တစ်ဦးချင်း မေးခွန်းများပေး၍ စစ်မေးခဲ့ကြောင်း သိရပါသည်။ စိတ်ဝင်စားသူများက "၎င်းတို့အား မည်သူကလာ၍ မည်သူများကို မဲထည့်ရန် ပြောကြောင်း၊" စသည်ဖြင့် သိရှိသမျှကို အသေးစိတ်ရေး၍ ဖြေဆိုခဲ့ကြသော်လည်း စိတ်ဝင်စားမှု မရှိကြသူများကမူ "မဲထည့်ရန်လာပြော သူများ ရှိခဲ့ပါကြောင်း၊ စိတ်မဝင်စားသဖြင့် မှတ်၍မထားခဲ့ကြောင်း၊ အသေးစိတ်မသိကြောင်း" များကိုသာ ဖြေဆိုကြကြောင်း သိရှိရပါသည်။ ထိုသို့ ဖြေဆိုသူများတွင် အလွန်အေးဆေးတည်ငြိမ်သော ယခင်က ကွန်မြူနစ်ပါတီဗဟိုကော်မတီဝင်ဟောင်းဖြစ်ခဲ့သူ သခင်တင်မြ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပါဝင်ကြောင်း သိရပါသည်။ အကြိမ်ကြိမ်ထပ်၍ ဖြေခိုင်းသော်လည်း ထိုသူများမှာ စိတ်ထားမှန်သူများဖြစ်သဖြင့် ထပ်မံ၍ ဖြေရန်မရှိကြောင်းသာ ဖြေခဲ့သည်ဟု သိရပါသည်။ ဤသည်ကို အကြောင်းပြု၍ ရက်စက်လှစွာသော ဖြုတ်ထုတ်ပွဲကြီး ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်ပါသည်။ ထိုပွဲကြီးပြီးသွားသောအခါ၌ကား ဗိုလ်ချုပ်ကြီး၏ လူကောင်းရွေးချယ်ပွဲအစီအစဉ်အတိုင်း ယခင်ကတပ်ရင်း(၄) လူဟောင်း များနှင့် ၄င်းတို့၏ အသိုင်းအဝိုင်းများသာ စိတ်ချလက်ချ အရွေးချယ်ခံခဲ့ရပြီး ဗိုလ်ချုပ် ကြီး၏ လက်ရွေးစဉ်များဖြစ်ခဲ့ကြောင်းကို ကြားသိခဲ့ရပါသည်။ တတိယအကြိမ်ပါတီ ညီလာခံကြီး ပြီးသွားသည့်အချိန်မှစ၍ ဗိုလ်ချုပ်ကြီး နေဝင်းသည် တစ်ပါတီအာဏာရှင်အဖြစ် အတိအလင်းအုပ်စိုးနိုင်ရန် အခြေအနေ ထူးများကို ရရှိခဲ့ပါသည်။ အတိုက်အခံလုပ်နိုင်မည့် နိုင်ငံရေးသမားမှန်သမျှ ကိုလည်း မစုစည်းနိုင်အောင်လုပ်နိုင်ခဲ့ရုံမက တစ်ဖက်တွင် နိုင်ငံဂုဏ်ရည် စသောဘွဲ့များ ချီးမြှင့်ထောက်ပံ့ကြေးများပေးပြီး ငြိမ်သက်အောင် လုပ်ထားနိုင် ခဲ့ပါသည်။ တပ်မတော်မှ စစ်ခေါင်းဆောင်များကိုလည်း တပ်မတော်တွင် ကြာရှည်စွာတာဝန် မထမ်းဆောင်နိုင်အောင် စီစဉ်ပြီး၊ ပါတီကောင်စီများသို့ ပို့ထားနိုင်ခဲ့ပါသည်။

ဗိုလ်ချုပ်ကြီး၏ နိုင်ငံရေးယုံကြည်ချက်မှာ နိုင်ငံ၏အကျိုးအတွက် အဓိကမဲ့ဟုတ်ဘဲ အာဏာတည်မြဲရေးကိုသာ အဓိကထား၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သဖြင့် သူယုံကြည်ရသူများကိုသာ အရေးပါသော နိုင်ငံ၏ တာဝန်ကြီးများကို ရဲတင်းစွာ ခန့်အပ်ခဲ့ခြင်းဖြစ်ပါသည်။

တော်လှန်ရေးကောင်စီတက်လာပြီးနောက် ဗိုလ်ချုပ်ကြီးသည် လက်နက် ကိုင်ပုန်ကန်သူများကို ခေါ်ယူဆွေးနွေးခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အတွက် ဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။ ပြည်သူအများ၏ အမြင်တွင် ဗိုလ်ချုပ်ကြီး၏ အမြင်ကျယ်မှု လိုက်လျောမှုများကိုသာ မြင်တွေ့ကြပြီး၊ ပုန်ကန် သောင်းကျန်းသူများကို အပြစ်မြင်ခဲ့ကြပါသည်။ အမှန်လည်း လိုက်လျောမှုများ ရှိခဲ့ပါသည်။ သို့သော် ဗိုလ်ချုပ်ကြီး၏ ဒေါသကြီးလွန်းမှုကြောင့် လူမျိုးစုများ၏ စိတ်တွင် တအုံနွေးနွေးခံစားခဲ့ရမှုများလည်း ရှိကြောင်းသိရပါသည်။ ဥပမာ အားဖြင့် ပအိုဝ်အမျိုးသားများနှင့် ဆွေးနွေးရာတွင် ပအိုဝ်တိုင်းရင်းသားများက



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားပွင့်လင်းစွာ တင်ပြမှုများရှိခဲ့ပါသည်။ စကားသံမှာလည်း မူလသဘာဝ အတိုင်း မာကျောနေသလိုဖြစ်ခဲ့ပါသည်။ "နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ် ဆန့်ကျင်ရေးများတွင် တောင်တန်းသားများသည်လည်း ပြည်မနည်းတူ ပါဝင်ခဲ့ကြ ကြောင်း၊ အခွင့်အရေးတွင်လည်း ပြည်မကဲ့သို့ပင် ခံစားလိုကြောင်း"များကို တင်ပြခဲ့ရာတွင် ဗိုလ်ချုပ်ကြီးက ဒေါပွပြီး ချက်ချင်းပင် "မင်းတို့က တိုက်ပွဲဘယ် နှစ်ပွဲ တိုက်ခဲ့သလဲ၊ ဘယ်တိုက်ပွဲတွေမှာပါခဲ့သလဲ ပြောစမ်း၊ တို့က ညီညွတ် ရေးအတွက် လိုက်လျောတာကို အခွင့်အရေးယူပြီး လာမပြောနဲ့ မရဘူးကွ" ဟူ၍ ထပြီးအော်ခဲ့သည်မျိုးများရှိခဲ့ကြောင်း သိရပါသည်။ ထို နောက်ပိုင်းတွင် လူမျိုးစုများသည် ပွင့်ပွင့်လင်းလင်း မပြောရဲကြတော့ ဟု ကြားသိခဲ့ရပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံရေးကို အပေါ်ယံကြော နားလည်သူဖြစ်ပြီး သက်ဝင်ယုံကြည်သူမဟုတ်ဟု နိုင်ငံရေးသမားဟောင်းကြီးများက ပြောဆိုခဲ့ ကြပါသည်။ နိုင်ငံရေးအစိုးရလက်ထက်က ဝန်ကြီးဟောင်းတစ်ဦးဖြစ်ခဲ့သော သခင်သာခင်သည် ဘာမဆို ပွင့်ပွင့်လင်းလင်းပြောလေ့ရှိသူတစ်ဦး ဖြစ်ပါသည်။ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့အား လေးစားသူ သံယောဇဉ်ရှိသူလည်းဖြစ်ပါသည်။ တစ်ခါက လူဟောင်းကြီးများ ပြန်လည်ဆုံမိရာတွင် ၄င်းတို့ ပြောခဲ့သည်မှာ "ကျုပ်တို့ဆရာနှစ်ယောက်ကတော့ ကိုနေဝင်းနဲ့ ပတ်သက်ပြီး သေတဲ့ထိ စကားပြောကြမှာ မဟုတ်တော့ဘူးဗျ။ ကိုဗဆွေက ကိုနေဝင်းကို အခုထိယုံကြည် တုန်းပဲ၊ ကိုကျော်ငြိမ်းကတော့ လုံးဝ ယုံကြည်မှုမရှိတော့ဘူး။ ကျွန်တော်ကတော့ ကိုကျော်ငြိမ်းအယူအဆကို လက်ခံတယ်ဗျ။ ကိုနေဝင်းက နိုင်ငံရေးသမားဆို ပေမယ့် တစ်လျှောက်လုံး စစ်တပ်နဲ့နေခဲ့ရတာ။ စစ်တပ်မှာက အမိန့်နဲ့တာဝန်ကို အဓိကထားရတာဆိုတော့ သူပြောတဲ့အတိုင်းလုပ်ရတာချည်းပဲ။ ဒီအကျင့်က သူ့မှာစွဲနေမှာအမှန်ပဲ၊ နိုင်ငံရေးအတွေးအခေါ်ကလည်း ရင့်ကျက်တဲ့သဘောမျိုး ရှိတာမဟုတ်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ယှဉ်ကြည့်ရင်သိသာပါတယ်။ ဗိုလ်ချုပ် အောင်ဆန်းက လူထုကြီးကို ယုံယုံကြည်ကြည် တိုးဝင်တယ်၊ သူက သေနတ် ကျည်ဆံတွေနဲ့ကာထားပြီး လူထုနဲ့ဝေးအောင်နေတယ်။ လူထုလူတန်းစားဆိုတာ ကို လုံးဝယုံကြည်တဲ့ ခေါင်းဆောင်မျိုးမဟုတ်ဘူးဆိုတာ အခုလမ်းစဉ်ပါတီဖွဲ့ ဖွဲ့ထားတဲ့ အလုပ်သမားနဲ့ လယ်သမားအဖွဲ့အစည်းတွေကိုပဲ ကြည့်လေ။

www.burmeseclassic.com



အမည်ခံဖွဲ့ထားတာပဲ အဲဒီအဖွဲ့အစည်းတွေက တာဝန်ခံတွေဟာ လူရာသွင်းမှု မခံရဘဲ၊ လယ်သမားအကျိုး၊ အလုပ်သမားအကျိုးကို တောင်းဆိုပေးဖို့မပြောနဲ့ ကိုနေဝင်းကို တွေ့ဖို့အခွင့်ရဖို့တောင် လွယ်တာမဟုတ်ဘူး။ ကျန်တဲ့ နာမည်ခံ အဖွဲ့အစည်းတွေလည်း အားလုံးဒီလိုပါပဲ''ဟု ပြောခဲ့ပါသည်။

''ကိုဗဆွေနဲ့ကိုကျော်ငြိမ်းက ဘယ်လိုဖြစ်ကြတာလဲ''ဟု မေးကြသော အခါ သခင်သာခင်က ''ဦးကျော်ငြိမ်းကပြောတယ်ဗျ။ ကိုနေဝင်းတော့ တကယ့် အာဏာရှင်ကြီးဖြစ်သွားပြီဗျ။ ဒီလိုလမ်းကြောင်းပေါ်ရောက်ရင် ဒီလိုပန်းတိုင် မျိုးကိုပဲ သွားမှာပဲလို့ ကျွန်တော်ပြောခဲ့တယ်မဟုတ်လား။ ပင်ကိုယ်ကလည်း လေးလေးနက်နက် တွေးတဲ့အကျင့်မရှိဘူး။ ဉာဏ်ကောင်းလို့ မှတ်မိသလောက် နဲ့ ဖြတ်လမ်းလိုက်ခဲ့တာမျိုးပဲ။ နိုင်ငံရေးအတွေးအခေါ်ဆိုတာက လေးလေးနက် နက် လေ့လာတွေးခေါ်ပြီး လုပ်ရတဲ့အလုပ်မျိုးပဲ မြင်းလောင်းသလို လုပ်လို့ မရနိုင် ဘူး၊ တိုင်းသူပြည်သားတွေတော့ ဒုက္ခအကြီးအကျယ် ရောက်တော့မှာပဲ ဗျာလို့ ပြောတဲ့အခါတွေမှာ ကိုဗဆွေက အချိန်ကို စောင့်ကြည့်ပါဦးဗျာ ကိုနေဝင်းဟာ နုံတဲ့အတဲ့သူမဟုတ်ပါဘူး။ အာဏာရှင်ဆိုတာ ကိုယ်ကျိုးတစ်ခု တည်းသာ ကြည့်တတ်တဲ့ လူတုံးလူအတွေ ကြိုက်တဲ့လမ်းမျိုးပါဆိုပြီး ကိုနေဝင်း အပေါ် မျှော်လင့်ချက်မကုန်ခဲ့ဘူးဗျ။ အဲဒီလို ကိုနေဝင်းနဲ့ပတ်သက်ပြီး အယူအဆ ကွဲပြား ကြရာကနေပြီး နောက်ပိုင်းမှာ စကားကို မပြောကြတော့တဲ့အထိ ဖြစ် သွားခဲ့ကြတာပဲဗျာ''ဟူ၍ ရှင်းပြခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ မူလရည်မှန်းချက်တွင် ဦးဗဆွေ ယူဆသကဲ့ သို့ပင် အာဏာရှင် ဖြစ်လိုဟန်မရှိဟု ယူဆရပါသည်။ သို့သော်လည်း ဒေါသ၊ အာဃာတကြီးလွန်းခြင်း၊ စစ်မှန်သောအရည်အချင်းနှင့် မပြည့်စုံခြင်း၊ သာယာ မှုကို လွန်ကဲစွာနှစ်သက်ခြင်း၊ ကံထရိုက်နှင့် ကြုံကြိုက်၍ လုပ်သမျှအောင်မြင် သလိုဖြစ်ခဲ့ခြင်းစသည့်အကြောင်းများကြောင့် လမ်းစဉ်ပါတီကို မူလကစနစ် တကျဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းခဲ့သော်လည်း နောက်ပိုင်းတွင် အရည် အချင်းရှိသူအများစုကို ပယ်ထုတ်ပြီး ကိုယ်ပိုင်ပါတီကဲ့သို့ ပြုလုပ်ခဲ့သည်ဟု ထင်မြင်ယူဆရပါသည်။ ထိုသို့ ယူဆရခြင်းမှာ ပါတီနှင့်တပ်မတော်မှ အကြီး အကဲများအား သီးခြားခေါ်ယူတွေ့ဆုံ၍ ပြောကြားခဲ့သည့်စကားများမှ ထောက်ရှု



www.burmeseclassic.com

www.burmeseclassic.com



၍ ဖြစ်ပါသည်။ ပြောကြားခဲ့သည်များအနက် "ပြည်သူ့ဆန္ဒကို အလေးအနက်ထားပြီး ပြည်သူရဲ့အကျိုးအတွက် လုပ်ဆောင်ပေးနိုင်ရင် ပြည်သူက လက်ခံမှာပဲ၊ ပြည်သူ့ဆန္ဒကို အလေးမထားဘဲ ပြည်သူကို ဆန့်ကျင်လာရင်တော့ ပြည်သူတွေရဲ့ ဒဏ်ခတ်တာကိုခံရမှာပဲ၊ အဲဒီအခါမှာ ဘယ်သူကမှ ကယ်နိုင်မှာမဟုတ်ဘူး။ တို့ဘက်မှ စစ်တပ်ရှိသားပဲလို့ မတွေးလိုက်ကြနဲ့ ပြည်သူတွေရဲ့ဆန့်ကျင်တိုက်ခိုက်တာကို ခံရရင် တို့တပ်မျိုးလောက်မပြောနဲ့ အမေရိကန်တပ်လို တပ်မျိုးတွေတောင် မခံနိုင်ဘူးဆိုတာ ဗီယက်နမ်စစ်ပွဲကို ကြည့်ရင်တွေ့ကြမှာပဲ" ဟူသော အချက်မျိုးကို ပြောကြားခဲ့သည်များရှိခဲ့ပါသည်။

နိုင်ငံရေးသမားဟောင်းကြီးများထဲမှ အချို့၏ ဝေဖန်ချက်များမှာ "ဆိုရှယ်လစ်ဆိုတဲ့ အမည်ခံလိုက်ရင် အာဏာရှင်လမ်းကို လိုက်ချင်လို့ပဲ၊ ဒီမိုကရေစီဆိုတဲ့ လူတွေကို တန်ဘိုးထားတဲ့လမ်းကို မလိုက်ချင်လို့ပဲ၊ ကမ္ဘာ့နိုင်ငံအများအပြားက ဖြစ်ရပ်တွေကို ပြန်ပြီး လေ့လာရင် မှန်သလိုဖြစ်နေတယ်။ "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်" လို့ နာမည်တွေလိုက်တာနဲ့ ကမ္ဘာမှာ တကယ့်စံပြဖြစ်တော့မှာပဲဆိုပြီး ဂုဏ်ယူမိခဲ့ကြတယ်။ နောက်တော့လည်း ထူးမခြားနားဆိုတာ မျိုးပဲဖြစ်ခဲ့တာပဲ" ဟူသော မျှော်လင့်ချက်မထားကြတော့သည့် ဖွင့်ဟချက်များဖြစ်ပါသည်။ နိုင်ငံရေးကို စိတ်ဝင်စားသူများ နိုင်ငံအတွက် မျှော်မှန်းချက်ထားသူများသည် အာဏာကိုသာ အဓိကထားကြောင်းကို အထင်အရှားတွေ့ခဲ့ကြရပါသည်။ အမိန့်နှင့်တာဝန်ကို အဓိကထားရသည့် တပ်မတော်မှာပင်လျှင်စနစ်တကျ တင်ပြနိုင်ခွင့်များရှိနေခဲ့ပါသည်။ ပရမ်းပတာပြောချင်ရာကို ပြောသည့်ပုံစံမျိုးသာ ခွင့်မပြုသော်လည်း မိမိတို့အထက်တာဝန်ခံက "ဘာသတင်းပို့စရာရှိသလဲ" ဟု ခွင့်ပြုလိုက်သည်နှင့် မိမိတို့တင်ပြလိုသည်များကို တင်ပြခွင့်ရှိခဲ့ပါသည်။ လမ်းစဉ်ပါတီတွင်ကား လက်ညှိုးထောင်ခေါင်းညိမ့် သက်သက်သာဖြစ်သည်ကို ပါတီဝင်တိုင်း နားလည်ကြပါသည်။

အာဏာကို အဓိကထားသည်နှင့်မျှ 'မှု' ထက် 'လူ' က အဓိက ဖြစ်ခဲ့ပါတော့သည်။ ပုံစံအားဖြင့် ပါတီမှ အခြေခံလူတန်းစားနှစ်ရပ် ဖြစ်သောအလုပ်သမားနှင့် လယ်သမားများ၏ ဘဝကို မြှင့်တင်ပေးရန် မူချဖွဲ့စည်းခဲ့သောအဖွဲ့အစည်းများမှ တာဝန်ခံလူကြီးများသည် လယ်သမားများ၏ ဘဝမှန်ကို



www.burmeseclassic.com

www.burmeseclassic.com



မသိကြရုံမျှမကဘဲ လယ်သမားများ၏ တင်ပြချက်များကိုလည်း လုံးဝဂရုမစိုက်ခဲ့ကြသဖြင့် လယ်ယာလုပ်ငန်းများ ကျဆင်းကာ အရှေ့တောင်အာရှ၏ စပါးကျီအဖြစ်မှ အဆင်းရဲဆုံးနိုင်ငံဘွဲ့ထူးကို ရရှိသည်အထိ ဖြစ်ခဲ့ရပါသည်။

ထို့အတူ အလုပ်သမားများ၏ အခွင့်အရေးများကို အသေးစိတ်လေ့လာခြင်းမပြုဘဲ အပေါ်ယံကြောဖြင့် "ဝန်ထမ်းအားလုံးခံ စားခွင့်အတူတူဖြစ်ရမည်" ဟူသော လေသံဖြင့်သာ လုပ်ဆောင်ခဲ့သောကြောင့် လစာ၊ ဆုကြေး၊ ပင်စင်စသည်များတွင် အခွင့်အရေးမညီမျှမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အလုပ်သမားများကို အလေးမထားရာမှ တစ်ဆင့် မမျှမတဖြစ်လာမှုများကြောင့် လုပ်အားများကျဆင်းလာရပြီး နိုင်ငံအတွက် ထိခိုက်နစ်နာစေခဲ့ပါသည်။

ဝန်ထမ်းများ အခွင့်အရေးခံစားရရှိမှုတွင် လူကြီးများနှင့် နီးစပ်သည့်ဌာနများက အသာရရှိခဲ့ကြသည်ကို တွေ့ရှိရပါသည်။

ဥပမာအားဖြင့် ဗိုလ်ချုပ်ကြီးနေဝင်း၏ စိတ်ဝင်စားမှု ခံရသောကျောက်မျက်ရတနာကော်ပိုရေးရှင်းမှ ဝန်ထမ်းများ၏ မမှန်မကန် လုပ်ဆောင်မှုကို အခြားအဖွဲ့အစည်းများမှ ဝန်ထမ်းများသည် ငုံ၍ ခံခဲ့ကြရပါသည်။ ရဲအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဌာန၊ အကောက်ခွန်အစရှိသည့် ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများဖမ်းဆီးရမိသော အဖိုးတန်ကျောက်မျက်ရတနာများကို ထိုက်တန်သော တန်ဖိုးမပေးဘဲ ဝယ်ယူခဲ့ပြီး၊ ပြန်ရောင်းပြီးသောအခါတွင် မြတ်စွန်းသည့်အပေါ်တွင် မူတည်၍ ဆုကြေးငွေများကို ကျောက်မျက်ဝန်ထမ်းများက ခွဲဝေယူခဲ့ကြသော်လည်း ဖမ်းဆီးပေးခဲ့သော အဖွဲ့အစည်းများ အတွက် ဘာမှထပ်မံခံစား ခွင့်မပေးခဲ့ခြင်းမျိုးဖြစ်ပါသည်။ အမှန်ဖြစ်ရမည်မှာ ခန့်မှန်းတန်ဖိုးသတ်မှတ်ထားပြီး ရောင်းချပြီးသည့်အခါတွင်မှ တန်ဖိုးအမှန်ကို ဆုံးဖြတ်ရပါမည်။

ဝန်ထမ်းများခန့်ထားရေးတွင်လည်း အာဏာနှင့် အခွင့်အလမ်းကို သုံးကြသဖြင့် ထိုက်တန်သော နိုင်ငံသားအများအပြားပင် အခွင့်အရေး ဆုံးရှုံးခဲ့ရပါသည်။ နိုင်ငံအတွက်လည်း လူတော်လူကောင်းများဆုံးရှုံးခဲ့ရပါသည်။ အရှက်ကင်းမဲ့စွာ အခွင့်အရေးယူခြင်းကို တရားသဖြင့် ရရှိသကဲ့သို့ ပြောင်ပြောင်တင်းတင်းပင် ပြုလုပ်လာခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အာဏာကို အဓိကထားသည်နှင့်အမျှ အာဏာရှိသူများသည် အခွင့်အလမ်းရှိသမျှကို မရှက်မကြောက်ရယူကြသည်ကို ပြည်သူလူထုမှာ မတတ်သာဘဲ ခေါင်းငုံ့ခံခဲ့ကြရသည်။ နိုင်ငံအတွက် တာဝန်ထမ်းဆောင်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းအသီးသီးသည်လည်း နိုင်ငံသားအများကို ဖိနှိပ်ညှင်းပန်းသည့် ယန္တရားများဖြစ် လာပါတော့သည်။ လုပ်သားပြည်သူများကို နည်းအမျိုးမျိုးဖြင့် အနိုင်ကျင့်ဗိုလ်ကျကြပါတော့သည်။ လာဘ်မပေးဘဲ ဘာကိုမျှလုပ်၍မရတော့လောက်အောင်ပျက်စီးခဲ့ကြပါသည်။ ပြည်သူကိုသာ အနိုင်ကျင့် ခြင်းမဟုတ်ကြတော့ဘဲ အစိုးရဌာနအချင်းချင်းလည်း နိုင်ရာစား ဝါဒ ကျင့်သုံးခဲ့ကြပါသည်။ ဥပမာအားဖြင့် ဆောက်လုပ်ရေးကော်ပိုရေးရှင်းသည် ၄င်းနှင့်လုပ်ငန်း ဆက်စပ်မှုရှိသော ဌာနတိုင်းသို့ နှစ်စဉ်နှစ်တိုင်းပင် လိုအပ်သည်ထက် ပို၍ ပြုပြင်စရိတ်များတောင်းခံခြင်းမျိုးဖြစ်ပါသည်။ နည်းနည်းပါးပါးမဟုတ်ပါ။ အဆောက်အဦအခြေအနေပေါ် မူတည်၍ သောင်းဂဏန်း၊ သိန်းဂဏန်းအထိ ရှိခဲ့ပါသည်။

ယင်းကဲ့သို့ ဖြစ်ပေါ်လာခဲ့သော အခြေအနေမျိုးများကို ဗိုလ်ချုပ်ကြီးနေဝင်းသည် လုံးဝမသိရှိခဲ့၍လော၊ သိရှိလျက်နှင့် ခွင့်ပြုခဲ့ခြင်းဖြစ်သလောဟူသည်ကို ဗိုလ်ချုပ်ကြီးကိုယ်တိုင်ပင် သိရှိမည် ဖြစ်ပါသည်။ သို့သော်လည်း "မင်းနားတစ်ထောင်၊ မင်းမြှောင်တစ်သိန်း" ဟူသော စကားအရ လုံးဝမသိနိုင်သော အခြေအနေမျိုးတော့ မဖြစ်နိုင်ဟု ယူဆပါသည်။ အချို့ဝေဖန်သူများက ဗိုလ်ချုပ်ကြီးကို အကောင်းမြင်ခဲ့ကြသည်အထိ ဖြစ်ခဲ့ပါသည်။ ၄င်းတို့၏ ဝေဖန်ချက် မှာ "ဗိုလ်ချုပ်ကြီးနေဝင်းဟာ ဆိုရှယ်လစ်ဝါဒကို အစကတည်းကလည်း မယုံဘူး၊ နောင်ကိုလည်းယုံမှာမဟုတ်ဘူး၊ ဒါပေမဲ့ ပြည်သူအများစုက ဆိုရှယ်လစ်လူ့ဘောင်သစ်ကို မျှော်လင့်နေကြတာကိုသိတော့ မဖြစ်နိုင်ဘူးဆိုတာကို ပြည်သူလူထုက နာနာကျည်းကျည်းနဲ့ကို ခံစားရပြီး နားလည်သွားအောင် လုပ်ပြနေတာပဲဖြစ်ရမယ်" ဟူ၍ လည်းကောင်း၊ "ဗိုလ်ချုပ်ကြီးဟာ အလွန်ပါးနပ်တဲ့လူမျိုးပဲ ဒီအခြေအနေမျိုးတွေကို မသိဘူးဆိုတာ မဖြစ်နိုင်ဘူး ရည်ရွယ်ချက်တစ်ခုခု ရှိလို့သာ ဖြစ်ရမယ်" ဟူ၍လည်းကောင်း၊ မျှော်လင့်အားထားချက်များ ကားရှိဆဲဖြစ်ကြောင်းကို ထုတ်ဖော်ခဲ့ကြပါသည်။

အခြေအနေဆိုးများကို ဗိုလ်ချုပ်ကြီးသိသည် မသိသည်အပ ထား၍



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေဆိုးများအတွင်းမှ ပေါ်ထွက်လာသော အခွင့်အလမ်းများကိုကား ဗိုလ်ချုပ်ကြီးက ကောင်းစွာ အသုံးချခဲ့သည်ကို အထင်အရှားတွေ့ရှိခဲ့ရပါသည်။ ဗိုလ်ချုပ်ကြီးသည် ယင်း၏ အာဏာတည်မြဲရေးနှင့် ဘဝတည်မြဲရေးအတွက် အလွန်သတိကြီးစွာထားပြီးဆောင်ရွက်ခဲ့ပါသည်။ ယင်းတို့အနက်မှ ၎င်းထက် အစွမ်းထက်သူများ၊ ၎င်းအားခြေရာ တိုင်းလာနိုင်သူများအား ဖြိုခွင်းခြင်းကို ရက်စက်ကောက်ကျစ်စွာပင် ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်း ကြောင့် ပြိုင်ဘက်ကင်းသလောက်ပင် ဖြစ်လာခဲ့ပါသည်။ ၎င်းအား အတိအလင်း ခြေရာတိုင်းမည့်သူ၊ ဆန့်ကျင်မည့်သူများ မရှိသလောက်ပင် ဖြစ်လာသောအခါ ၌ နောင်တွင်ဖြစ်ပေါ်လာနိုင်သူများအား ဖော်ထုတ်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအား တိုက်ရိုက်ဆန့်ကျင်မည့်သူများ မရှိတော့သောအခါ၌ ဝါနုသေးသော ဗိုလ်မှူးချုပ်တင်ဦးကို ရှေ့တန်းသို့တင်ပေးခဲ့ပါတော့သည်။ အတွေ့အကြုံရှိခဲ့ သူများက ဗိုလ်ချုပ်ကြီးဆင်ခဲ့သော ထောင်ချောက်ကို ရှောင်ရှားနိုင်ခဲ့ကြသော်လည်း ဒေါသမာန်မာန ဖုံးလွှမ်းနေသူများသည် အန္တရာယ်ကို မမြင်ခဲ့ကြဘဲ ဗိုလ်ချုပ် တင်ဦးအား မုန်းတီးစွာ ဆန့်ကျင်ခဲ့ကြပါတော့သည်။

ဗိုလ်ချုပ်ကြီးအား အလွန်သစ္စာကြီးမားခဲ့သော ဗိုလ်မှူးချုပ်တင်ဦး သည် ပင်ကိုယ်စိတ်ကောင်းရှိသူဖြစ်သဖြင့် ညှော်ခံပွဲများအပြီး နီးစပ်သူများသာ ရှိသောအခါ၌ "လူကြီးတွေက ဒေါသပဲရှေ့ထားကြတယ်။ ဆင်ခြင်ဉာဏ်ကို ရှေ့မထားကြဘူးဗျာ။ ကျုပ်ကိုရန်သူထင်ပြီး ဆန့်ကျင်တာတွေဟာ နောက်မှ မှားမှန်းသိကြမှာပဲ။ ကျုပ်ကလည်း ထုတ်ပြောလို့ရတာမျိုးမဟုတ်ဘူး" ဟူ၍ ညည်းတွားပြောဆိုတတ်ပါသည်။ တစ်ခါတစ်ရံ၌လည်း "ကျွန်တော်က ဗီလိန် (လူဆိုး) အခန်းက ရတယ်ဆိုတော့အားလုံးက မုန်းလေ ကိုယ့်ကိုယ်ကိုယ် တော်လေလို့ ယူဆရမှာပဲဗျာ" ဟူ၍ ရယ်စရာပြောတတ်ပါသည်။

ဗိုလ်မှူးချုပ်တင်ဦးအား လူကြီးပိုင်းတော်တော်များများက အလွန်မုန်းတီး လာကြသည်နှင့်အမျှ ၎င်းတို့နှင့်အနီးကပ်နေကြရသော ကိုယ်ရေးအရာရှိ (ပီအေ) များကလည်း ဆရာကြီးများ၏ ခံစားချက်များ ကူးစက်လာပြီး "ဗိုလ်မှူးချုပ် တင်ဦးကိုသာမကပဲ စိတ်ချရအောင် ဗိုလ်ချုပ်ကြီးနေဝင်းကိုပါ လုပ်ကြံကြရန်" ကြံစည်သည်အထိပင်ဖြစ်ခဲ့ကြပါသည်။ ဗိုလ်ချုပ်ကြီးကျော်ထင်၏ ကိုယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



အရာရှိ ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် အရာရှိအတော်များများကို အရေးယူခဲ့ကြပါသည်။

ထိုစဉ်က ပါဝင်ခဲ့ကြသော အရာရှိများ၏ ဆရာများအတွက် လုပ်ဖော်ကိုင်ဘက်များက တော်တော်ပင်စိုးရိမ်ခဲ့ကြကြောင်းသိရပါသည်။ သို့သော်လည်း အံ့သြဖွယ်ရာပင် စိုးရိမ်သလိုမဖြစ်ခဲ့ကြသည်ကို တွေ့ခဲ့ကြရပါသည်။ ရိုးသားမှုရှိပြီး မိမိ၏ဆရာအပေါ် သံယောဇဉ်ကြီးသော ဗိုလ်ကြီးအုန်းကျော်မြင့်သာ ကြိုးပေးခံခဲ့ရ၍ ၎င်း၏ ဆရာကြီးဖြစ်သူမှာ ဗိုလ်ချုပ်ကြီးနေဝင်းအနီးသို့ပင် ရောက်ရှိခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးကျော်ထင်သည် တပ်ရင်း(၄)လူဟောင်းဖြစ်ပြီး ဂျပန်ခေတ်ကတည်းကပင် ကျော်ထင်ချင်းကွဲပြားအောင် "ပုတူးတူးကျော်ထင်" ဟု အခေါ်ခံ ခဲ့ရသူဖြစ်ပါသည်။ "တင်ဦးကိုဆန့်ကျင်တာဟာ ငါ့ကိုဆန့်ကျင်တာပဲပေါ့ကွာ" ဟု အတိအလင်းပြောခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်းသည် ဒု-ဝန်ကြီးဟောင်း ဦးလွင်နှင့်တကွ ဂျပန်ခေတ် စစ်ပညာတော်သင်အဖွဲ့ဝင်လူကြီးများကို အရေးယူ ဝိုင်းပယ်မှုများ ပြုလုပ်ခဲ့သော်လည်း ဗိုလ်ချုပ်ကြီးကျော်ထင်ကိုကား အရေးမယူသည့်အပြင် မိမိအနားသို့ပင် ခေါ်ထားလိုက်ပါတော့သည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ တစ်ချက်ခုတ်နှစ်ချက်ပြန်နည်းသည် အလွန်ထိရောက်ခဲ့ပါသည်။ လူကြီးပိုင်းနေရာများ လစ်လပ်သောအခါတွင် သင့်တော်သူများ၏ အမည်စာရင်းကို ဗိုလ်မှူးချုပ်တင်ဦးအား တင်ပြခိုင်းလေ့ရှိပါသည်။ ဗိုလ်မှူးချုပ်တင်ဦးက စိစစ်တင်ပြသူများကို အများအားဖြင့် လက်ခံခဲ့သည်သာ ဖြစ်ကြောင်း သိရပါသည်။ ထိုသို့ လက်ခံသူများထဲမှ ဝါရင့်သူများဖြစ်စေ၊ ဝါနုသူ များဖြစ်စေ၊ လူရွေး မှန်သွားလျှင် ၎င်းအတွက် အကျိုးရှိမည်ဖြစ်ပါသည်။ ဆန့်ကျင်သူများရှိလျှင်လည်း ဘယ်သူတွေ ဆန့်ကျင်ကြသလဲ၊ ဘာကြောင့် ဆန့်ကျင်ကြသလဲဆိုသည်ကို မှတ်သားထားကာ အလိုရှိသည့်အခါ၌ အသုံးချနိုင်ခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးကျော်ထင်တို့နှင့် ပတ်သက်၍လည်း အပြစ်ပေးများခံရမလားဟု ထိတ်လန့်နေချိန်တွင် ကယ်တင်ရှင်အနေနှင့် ကယ်တင်လိုက်သကဲ့သို့ ဖြစ်သွားအောင်လည်းကောင်း၊ တပ်ရင်း (၄) လူဟောင်းဖြစ်၍လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ခြေရာတိုင်းလောက်အောင် အရည်အချင်းရှိသူမဟုတ်သဖြင့် ပို၍စိတ်ချယုံကြည်ရ၍လည်းကောင်း၊ ကယ်တင်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည့်အပြင် အခြားတစ်ဘက်တွင်လည်း ၎င်းအား အကြီးမားဆုံးသော အောင်မြင်မှုများကို ရရှိအောင် အကျိုးပြုခဲ့သည့် ဗိုလ်မှူးချုပ်တင်ဦးကိုလည်း လူတော်တစ်ယောက်ဟု အများက လက်ခံလာကြသည့်အတွက် စိုးရိမ်လာသည့်အခြေအနေကိုလည်း ထိန်းထားလိုက်ပြီးဖြစ်သွားခဲ့ပါသည်။ နိုင်ငံရေးသမားဟောင်းကြီးများ ပြောလေ့ရှိသော "ကွက်ကျော်ရိုက်တဲ့နေရာမှာတော့ ကိုနေဝင်းဟာ အတော်ဆုံးပဲ" ဟူသော စကားနှင့်ကိုက်ညီနေကြောင်းကို တွေ့ရပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် တိုးတက်ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေးအခြေအနေကို လိုက်နိုင်ရန်မဆိုထားနှင့် အခြေခံစီးပွားရေး သဘောတရားကိုပင်နားလည်သဘောပေါက်ခြင်းမရှိကြောင်း၊ အတတ်ပညာရှင်များ၏ အကြံဉာဏ်ကိုလည်း ခံယူခြင်းမပြုကြောင်း၊ မြန်မာပြည်ရဲ့ စီးပွားရေးအခြေအနေဟာအလွန်ကို ဆိုးဝါးသွားနိုင်ကြောင်းများကို ပြည်တွင်းပြည်ပ စီးပွားရေးပညာရှင်များက အတိအလင်း ထုတ်ဖော်ခဲ့ကြပါသည်။

ဗိုလ်ချုပ်ကြီး၏ ခေါင်းမာမှု၊ ဒေါသခက်ထန်မှု၊ မာန်မာန ထောင်လွှားမှုစသည်တို့ကြောင့် ကူညီအားပေးလိုသူများနှင့် ကင်းဝေးခဲ့ရပါသည်။ ပို၍ဆိုးဝါးသည်မှာ စည်းကမ်းကန့်သတ်ချက်မရှိဘဲ နိုင်ငံပိုင်ပစ္စည်းများ၊ ငွေကြေးများကိုကိုယ်ကျိုးအတွက် အသုံးပြုခဲ့ခြင်းပင် ဖြစ်ပါသည်။ နိုင်ငံခြားမှကူညီ ထောက်ပံ့သော ငွေများသည် မည်သည့်အကြောင်းကြောင့်မဆို နိုင်ငံပိုင်ငွေစာရင်းသို့ထည့်ပြီးမှသာ ဥပဒေ၏ ခွင့်ပြုချက်ဖြင့် အသုံးပြုရန်ဖြစ်ပါသည်။ နိုင်ငံပိုင်ငွေစာရင်းသို့ မသွင်းဘဲသုံးခြင်းသည် ဥပဒေချိုးဖောက်မှုတစ်ရပ်သာ ဖြစ်ပါသည်။ ယင်းသို့သော အကြောင်းများသည် စီးပွားရေးနှင့်စာရင်းအင်းနားလည်သော ဗိုလ်မှူးချုပ်တင်ဦးကဲ့သို့သော ပုဂ္ဂိုလ်မျိုးများက သိရှိနိုင်သော်လည်းအခြားသူများက သတိထားမိရန် ခဲယဉ်းပါသည်။

နိုင်ငံခြားမှ ကူညီထောက်ပံ့မှုဖြင့် စက်ရုံများတည်ခဲ့သော်လည်း ပြည်သူ့အတွက် ထိရောက်စွာ အကျိုးမပြုနိုင်ခြင်းသည် လက်တန်းလုပ်ခဲ့ခြင်း၊ ကိုယ်ကျိုးကို အဓိကထားခဲ့ခြင်းများကြောင့်ဖြစ်ပါသည်။ စက်ရုံတစ်ရုံ စ၍ ဆောက်စဉ်ကာ



www.burmeseclassic.com

www.burmeseclassic.com



လူကြီးများအရေးကြီး ပုဂ္ဂိုလ်များ၏ သားသမီးများနှင့် အသိုင်းအဝိုင်းများအတွက် အလုပ်ပေးရန်ဖြစ်ခဲ့ပြီး ထွက်လာသော ကုန်ပစ္စည်းများသည်လည်း အရေးကြီး ပုဂ္ဂိုလ်များသုံးရန်အတွက်သာဖြစ်ခဲ့သဖြင့် ပြည်သူလူထုသည် ထိုပစ္စည်းများကို ကြားရရုံ မြင်ရရုံမျှအပ အသုံးပြုနိုင်ခွင့် မရရှိခဲ့ကြပါပေ။

ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ပြုလုပ်ခဲ့ပါသည်။ နိုင်ငံအတွက် အကျိုးရှိနိုင်သော အစီအစဉ်ဖြစ်ပါသည်။ သို့သော်လည်း ဗိုလ်ချုပ်ကြီး ပိုင်ဆိုင်သောပစ္စည်းများကို လေလံပစ်သလိုဖြစ်ခဲ့ကြောင်း ကြားသိရပါသည်။ လေလံပစ်ရန် ပြုလုပ်ထားသော ကျောက်မျက်ရတနာများ၏ ထက်ဝက်ခန့်သာ ရောင်းချရပြီး ကျန်ထက်ဝက်ခန့်ကို ဆွစ်ဇာလန်မှ ဗိုလ်ချုပ်ကြီး၏မိတ်ဆွေ ကျောက်ကုန်သည်ကြီးအား ကော်မရှင်ဖြင့် ရောင်းပေးရန် ပို့ရကြောင်း သိရှိရပါသည်။ ထိုပစ္စည်းများ မည်မျှရောင်းချရ၍ နိုင်ငံအတွက် မည်မျှဝင်ငွေရရှိခဲ့သည်ကို ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ပါ။

ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် အရေးပါလှသော ဘဏ်လုပ်ငန်းသည် လုံခြုံစိတ်ချရမှုရှိသည်နှင့် အမျှ ငွေကြေးလည်ပတ်မှုကို ထုတ်ပြန်ကြေညာခြင်းများလည်းရှိပါသည်။ ထိုထုတ်ပြန်ကြေညာချက်များနှင့် ပတ်သက်၍ နိုင်ငံခြားသတင်းစာဂျာနယ်များ၏ ထုတ်ဖော်ချက်များအရ ဗိုလ်ချုပ်ကြီးနိုင်ငံခြား ဘဏ်များတွင် အပ်ထားသော ငွေကြေးအမြောက်အများရှိကြောင်း ထင်ရှားပါသည်။

## နောက်ဆုံးနေ့များ

ဗိုလ်ချုပ်ကြီးနေဝင်းသည် ၎င်း၏အာဏာတည်မြဲရေးအတွက် တတိယအကြိမ်ပါတီညီလာခံကို အကြောင်းပြု၍ အရည်အချင်းရှိသော်လည်း စိုးရိမ်ရသော စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်အများအပြားကို ဖယ်ရှားပြီးနောက် အတော်ပင် စိတ်အေးချမ်းသာဖြစ်လာခဲ့ကြောင်း သိရပါသည်။ အရည်အချင်း မရှိသော်လည်း စိတ်ချရသော အသိုင်းအဝိုင်းကို ထူထောင်နိုင်ခဲ့သဖြင့် ယာယီအားဖြင့် တည်ငြိမ်သော အာဏာရှင်ဘဝကို ထူထောင်နိုင်ခဲ့သော်လည်း ယင်းသို့ ထူထောင်ခဲ့မိခြင်းကပင် အာဏာရှင်စနစ်ကိုအခြေအမြစ်ပါမကျန် ပြည်သူလူထုက တူးဖော်ချေမှုန်းပစ်ရန်အတွက် စတင်ဖန်တီးပေးသကဲ့သို့ ဖြစ်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးတာဝန်ယူပြီး နိုင်ငံရေးအမြင်မရှိဘဲ အာဏာရှင်ဆန်ဆန် ပြုလုပ်ခဲ့ကြပါသည်။ ဝန်ကြီးအဖွဲ့ကို အာဏာကုန်ပေးပြီး ကိုင်ထားသကဲ့သို့ တိုင်းနှင့်ပြည်နယ်အဆင့်မှ မြို့နယ်အဆင့်ထိကိုလည်း ပါတီကောင်စီတို့ကို အာဏာကုန် ပေးခဲ့ပါသည်။ အဆင့်ဆင့် နယ်စားပယ်စားများဖြစ်လာကြသော အခါတွင် အခွင့်အလမ်းများမှန် သမျှကို ပြည်သူလူထု၏ မျက်နှာကို မထောက် ထားဘဲ အရှက်အကြောက်ကင်းမဲ့စွာ ယူခဲ့ကြပါသည်။ အထက်လူကြီးများက စံနမူနာ လုပ်ပြကြသောအခါတွင် အောက်ခြေအဆင့်ဆင့်ကလည်း ဆရာကောင်း၊ တပည့်များပီသစွာ လက်သံပြောင်ကြသဖြင့် ပြည်သူလူထုမှာ လူးလိမ့်၍သာ ခံစားခဲ့ကြရပါသည်။

နိုင်ငံခြားထွက်ကုန်ပစ္စည်းအဖြစ် ပို့စရာမရှိသလောက်ဖြစ် လာသော အခါတွင် နိုင်ငံပိုင်သစ်တောကြီးများ ပြုန်းသလောက် ဖြစ်သွားသည်အထိ ခြစ်ချုပ်၍ ပို့နိုင်အောင်ကြိုးစားခဲ့ပြီး ရသမျှနိုင်ငံခြားငွေဖြင့် ပြည်သူလူထုကို အကျိုးပြုမည့် ကုန်ပစ္စည်းများကို တင်သွင်းရမည့်အစား လူကြီးများအတွက် အရေးကြီးပုဂ္ဂိုလ်များအတွက် ရည်ရွယ်သည့် ပစ္စည်းများကိုသာ တင်သွင်းခဲ့ပါ သည်။ နိုင်ငံတကာ လေ့လာသူများ၏ ဖော်ပြချက်အရ မြန်မာနိုင်ငံသည် နိုင်ငံ ခြားငွေမရှိသလောက် ရှားပါးနေသော်လည်း လူကြီးများအတွက် ဇိမ်ခံကားများကို အများအပြား တင်သွင်းနေကြောင်းကို သိရှိရပါသည်။

နိုင်ငံရေးလွတ်လပ်ခွင့်ရှိသော ဆယ်နှစ်ဆယ်မိုးခန့်အတွင်း မြန်မာနိုင်ငံ တွင် စီးပွားရေးအခြေအနေကောင်းမွန်သည်နှင့်အမျှ ပြည်သူလူထုသည် အရာရာ တွင် မျက်နှာမငယ်ခဲ့ရပါ။ လူ့အခွင့်အရေးများလည်း မဆုံးရှုံးခဲ့ရပါ။ ထိုစဉ်က နိုင်ငံရေးသမားများသည် ချင်းချောင်း၊ ဝင်ဒါမီယာ၊ ပါရမီ၊ သုဝဏ္ဏ စသည့် နေရာများတွင် နိုင်ငံပိုင်ပစ္စည်းများကို ကိုယ်ပိုင်ပစ္စည်းဖြစ်အောင်လုပ်၍ နေအိမ် တိုက်တာများ ဆောက်လုပ်ခြင်းမျိုး မရှိခဲ့ကြောင်းကို တွေ့ရပါသည်။ နေရာဌာန အသီးသီးတွင်လည်း လူကြီးများက သားသမီးဆွေမျိုးအသိုင်းအဝိုင်းဖြင့် အပိုင်စား၊ နိုင်ခြင်းမရှိခဲ့ကြပါ။ ပြည်သူလူထု၏ အခွင့်အလမ်းများ ရှိနေခဲ့သဖြင့် တစ်ခေတ် အာဏာရှင်ခေတ်ကဲ့သို့ မပြုမူရဲကြပါ။

လွတ်လပ်သောခေတ်က နိုင်ငံရေးသမားများ စုဆောင်းရှာဖွေခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့ဘဏ္ဍာငွေနှင့် အရင်းအနှီးများကို အသုံးပြုနိုင်ခဲ့ကြသဖြင့် အာဏာရှင်ခေတ်၏ အစဦးပိုင်းတွင် ဟုတ်သလိုလိုရှိခဲ့ ပါသည်။ နောက်ပိုင်းတွင် နိုင်ငံအတွင်းရှိ အဆီအနှစ်မှန်သမျှသည် ပါတီကောင်စီတွင် လူကြီးဖြစ်လာသူများအတွက်သာဖြစ်ခဲ့ရပါသည်။ ၄င်းတို့စားမျိုနေရသဖြင့် နှစ်သိမ့်ရောင့်ရဲမှု မဖြစ်ခဲ့ကြဘဲ ပြည်သူလူထုအတွင်းရှိ ပြည်သူတို့ ခံစားနေကြသည်များကိုလည်း မနာလိုဖြစ်ခဲ့ကြပါသည်။ ပြည်သူကို ကြည်ဖြူရမည့်အစား မနာလိုဝန်တိုဖြစ်ခဲ့ကြသဖြင့် ငွေစက္ကူများကို တရားမဝင်ကြေညာကာ ပြည်သူကို နှိပ်စက်ခဲ့ကြပြန်ပါသည်။

နိုင်ငံ၏ခေါင်းဆောင်များအနေနှင့် ပြည်သူလူထု၏ မေတ္တာကို ခံယူနိုင်အောင်ကြိုးပမ်းရမည့်အစား သေနတ်ကျည်ဆံများနှင့် ခြိမ်းခြောက် အနိုင်ကျင့်ခဲ့ကြပါသည်။ ရန်ကုန်နေပြည်တော်သည် စစ်ဖြစ်နေသော စစ်မြေပြင်ကဲ့သို့ စစ်သားများနှင့်သာ ပြည့်နှက်လျက်ရှိခဲ့ပါသည်။ ခေါင်းဆောင်များသည် ပြည်သူလူထုနှင့် ကင်းဝေးသည်နှင့်အမျှ ပြည်သူတို့ ခံစားနေကြရသော ဒုက္ခအပေါင်းကို မသိခဲ့ကြတော့ပေ။

ဤသို့ဖြစ်ချင်သလို ဖြစ်နေသော အခြေအနေတွင် ၁၉၈၈ ခု မတ်လ အရေးအခင်းဖြစ်သော ရန်ကုန်စက်မှုတက္ကသိုလ် (R.I.T) ကျောင်းသားများနှင့် အရပ်သားများ ပဋိပက္ခဖြစ်ခြင်းကို လက်ယဉ်နေသော လူရိုင်းများက ရက်စက်စွာ ပစ်ခတ်နှိမ်နင်းရန် ကြိုးစားခဲ့ပါသည်။ အဖြစ်မှန်ကို ဖုံးကွယ်ရန် ကြိုးစားရာမှ ပိုမိုကြီးထွားလာခဲ့သဖြင့် ကော်မရှင်ဖွဲ့၍ စစ်ဆေးခဲ့ပါသည်။ သို့သော်လည်း ပြည်သူလူထုကို ကျေးကျွန်ပမာ ၂၆ နှစ်ကျော်ကြာကြာ အနိုင်ကျင့်စော်ကားခဲ့သော အရှိန်ဖြင့် အမှန်ကို ဖော်ထုတ်ပြီးပြေလည်အောင် ဆောင်ရွက်ရမည့်အစား ပြောင်လိမ်ညာပြီး ဖုံးကွယ်ခဲ့ကြပြန်ပါသည်။

ကျောင်းသားများက မခံမရပ်နိုင်ဖြစ်၍ ၁၉၈၈ ခုနှစ် ဇွန်လတွင် ငြိမ်းချမ်းစွာဆန္ဒပြရန် ကြိုးစားခဲ့ကြပါသည်။ သို့သော်လည်း အရိုင်းစိတ်ဝင်နေပြီဖြစ်သော အာဏာယစ်မူးနေသူများသည် ပြည်သူလူထု၏ ရင်သွေးများ၊ အနာဂတ်၏ ခေါင်းဆောင်များဟူ၍ မမြင်နိုင်ကြတော့ဘဲ ရက်စက်စွာ ပစ်ခတ်နှိမ်နင်းရန် ကြိုးစားခဲ့ပြန်ပါသည်။ ၂၆ နှစ်ကျော် ခေါင်းငုံ့ခံခဲ့ကြရသော



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူလူထုကလည်း ကျောင်းသားများ၏ ဆန္ဒပြမှုများကို အတိအလင်း ထောက်ခံခဲ့ကြပါသည်။ ဤသည်တွင် သစ္စာရှိ လူကောင်းဆိုသူများက အန္တရာယ်ကို မမြင်နိုင်သော်လည်း အသက်အရွယ်နှင့်အတွေ့အကြုံအရ ဗိုလ်ချုပ်ကြီးက အန္တရာယ်ကိုမြင်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ် ဇူလိုင်လတွင် အရေးပေါ်ပါတီညီလာခံကို ကျိုက္ကဆံကွင်းတွင် ခေါ်ယူခဲ့ပါသည်။

ဇူလိုင်လ ၂၃ ရက်တွင် ကျိုက္ကဆံကွင်းတွင် ပြုလုပ်သော ပါတီညီလာခံ၌ ဗိုလ်ချုပ်ကြီးနေဝင်းက မိန့်ခွန်းပေးခဲ့ပါသည်။ ၂၆ နှစ် ကျော် ပြိုင်ဘက်ကင်း အာဏာရှင်အဖြစ်မှ စွန့်လွှတ်ရမည့်အခြေအနေသို့ ရောက်ရှိလာခြင်းကို တရား နှင့် မဖြေနိုင်သော ဗိုလ်ချုပ်ကြီးသည် မိန့်ခွန်းကိုပင် ဖြောင့်ဖြောင့်မပြောနိုင် သည်အထိ စိတ်ထိခိုက်ခံစားခဲ့ရကြောင်း တွေ့ရသည်။ အလွန်စိတ်ထိခိုက်ရာမှ စိတ်ကိုမထိန်းနိုင်တော့ပဲ "တစ်ပါတီစနစ်ကို မကြိုက်တဲ့သဘောကို ပြရာရောက် တဲ့အတွက် လူထုခံယူပွဲ ပြုလုပ်ကျင်းပပေးမည်" ဟူ၍ တိုင်းသိပြည်သိ ကမ္ဘာသို့ ကတိပြုခဲ့သည်အထိဖြစ်ခဲ့ပါသည်။ သို့သော်လည်း အာဏာကို တကယ်တမ်း စွန့်လွှတ်ရတောမည်ဆိုသောအခါတွင်မူ ဘယ်လိုမှ စွန့်လွှတ်၍ မရနိုင်တော့ ကြောင်းကို စဉ်းစားမိပုံရပါသည်။

ဒေါသ၊ အာဃာတများနှင့် လွှမ်းနေသော ဗိုလ်ချုပ်ကြီးဟောင်းနေဝင်း သည် ပြည်သူတစ်ရပ်လုံး၏ ဆန့်ကျင်မှုကိုခံစားရသောကြောင့် စိတ်ကို မတင်း နိုင်တော့ဘဲ ပြည်သူ့အာဏာကို ပြည်သူ့လက်သို့ ပြန်လည်အပ်နှံတော့မလို စိတ်လျော့လိုက်ခဲ့သော အခါမျိုးမှာပင် ဒီမိုကရေစီတိုက်ပွဲဝင်ခဲ့သော ဗိုလ်မှူးချုပ် ဟောင်း ဦးအောင်ကြီးအား နိုင်ငံရေးအသေသတ်ရန် သတိရခဲ့ခြင်း၊ "စစ်တပ်ဆို တာ သေနတ်ကိုထောင်ပြီးမဖောက်ဘူး။ တည့်တည့်ပဲပစ်တယ်" ဟူ၍ မိမိ အသက်အရွယ်၏ ဂုဏ်ကိုပင်မစောင့်ထိန်းတော့ပဲ အတိအလင်းပစ် မိန့်ပေးခဲ့ခြင်း များကို ပြုလုပ်ခဲ့သည်အထိ ကမ်းကုန်အောင် ရက်စက်ပြနိုင်ခဲ့သည်ကို တွေ့ရပါသည်။

ဒေါသအလျောက် ပေါက်ကရမိန့်ခွန်းများ ပြောခဲ့သော်လည်း သူ ... အေးသွားသောအခါတွင် တိုင်းပြည်ကို မွဲပြာကျအောင် ပြုလုပ်ခဲ့သည်သာမက ... ပြည်သူလူထုကို ရက်စက်စွာ သတ်ဖြတ်ခဲ့သည်များကို သတိရ... ပြီး အလွန်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့တုန်လှုပ်ခဲ့သည်ဟု ယူဆရပါသည်။ ပြေးစရာမြေမရှိသော အဖြစ်ကိုလည်း စဉ်းစားမိပုံရပါသည်။ မိမိနိုင်ငံသာမကဘဲ ကမ္ဘာကပါသိအောင် ကတိပေးထားခြင်းကို ပယ်ဖျက်၍ တစ်ပါတီအာဏာရှင်စနစ်ကို မျက်နှာပြောင်တိုက်ပြီး ကျင့် သုံးရန်အတွက် ခိုင်းရာကို လုပ်တတ်ရုံသာ အရည်အချင်းရှိသော ဗိုလ်မှူးချုပ်ဟောင်းဦးစိန်လွင်ကို အများပြည်သူ မနှစ်သက်မှန်းသိလျက်နှင့်ပင် ဖွတ်အတင်း ပါတီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတလုပ်ခိုင်းပြီး လူသတ်ပွဲကျင်းပရန်စီစဉ်ခဲ့ပါသည်။

ပြည်သူတစ်ရပ်လုံးကို သက်ဦးဆံပိုင်စနစ်ထက်ပင်ဆိုးဝါးစွာ အုပ်စိုးခဲ့ရုံမျှမကဘဲ သွေးချောင်းစီး လူသတ်ပွဲကြီးကို ရက်စက်စွာ ပြုလုပ်ခဲ့သော်လည်း လူထုကြီးက လက်နက်မဲ့ဖြင့် အသေခံပြီး စိတ်ဓာတ်ခိုင်မာပြင်းထန်စွာ ဆန့်ကျင်တိုက်ခိုက်ခြင်းကို ခံရပါတော့သည်။ ထိုအခါ ဦးနေဝင်းသည် တစ်ဆင့်လျှော့သည့်အနေနှင့် ဩဂုတ်လ ၁၂ ရက်နေ့တွင် ဦးစိန်လွင်အား ဖြုတ်ချပြီး (၁၉)ရက်နေ့အရေးပေါ် အစည်းအဝေးများဖြင့် ဒေါက်တာမောင်မောင်အား ပါတီဥက္ကဋ္ဌနှင့် သမ္မတအဖြစ် အစားထိုးတင်မြှောက်ကာ ပြည်သူလူထုကို နှစ်သိမ့်ရန်ကြိုးစားခဲ့ပါသည်။

သို့သော်လည်း ပြည်သူလူထုသည် ခါးသီးသောတစ်ပါတီ အာဏာရှင်စနစ်နှင့် ပြည်သူလူထုကို သွေးချောင်းစီးအောင် သတ်ဖြတ်ခဲ့သော အစိုးရအားလုံးဝလက်ခံခြင်းမပြုခဲ့ကြပါ။

ဦးနေဝင်းကြိုးကိုင်ထားသော တစ်ပါတီအာဏာရှင်အစိုးရကို အသေခံ၍ ဆန့်ကျင်ဆန္ဒပြ ကန့်ကွက်ခဲ့ကြပါသည်။ ပြည်သူလူထု၏ ရင်မှ ပွင့်ထွက်လာသော ခံစားချက်များသည် မည်သည့်ခေါင်းဆောင်မည်သည့် အကူအညီမှမရရှိသော်လည်း ပျက်ပြယ်သွားခြင်းမရှိဘဲ ပိုမို၍သာ ကြီးမားပြင်းထန်လာခဲ့ပါသည်။

ပြည်သူတစ်ရပ်လုံး၏ ရင်မှဆန္ဒကို သွေးချောင်းစီးအောင် အသေခံ၍ပြသခဲ့ကြသော်လည်း အာဏာစွန့်လွှတ်ရန် ဝန်လေးနေသော ဦးနေဝင်းသည် ကြားဖြတ်အစိုးရ ချက်ချင်းဖွဲ့ပေးရမည့် အခြေအနေသို့ ရောက်နေပါလျက် မဖွဲ့ပေးဘဲ အမျိုးမျိုးလှည့်ပတ်၍ အချိန်ဆွဲနေခဲ့ပါသည်။ မိမိကိုယ်တိုင်က ပြည်သူလူထုရွေးကောက် တင်မြှောက်ထားသောအစိုးရကို ဥပဒေပြင်ပမှ ဖြုတ်ချခဲ့ရန်



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ခဲ့ခြင်းမှာ ထွက်ပေါက်တစ်ခုခုရလိုရငြား ရှာဖွေရန် အချိန်ယူနေခဲ့ခြင်း သာဖြစ်ကြောင်း ထင်ရှားပါသည်။ ပြည်သူလူထုကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပြီးမှ ကမ္ဘာ့အလယ်တွင် မည်သို့မျက်နှာပြပါတော့မည်နည်း။ လူမည်မျှ ပြောင်းပြောင်း အာဏာရှင်ကြီးဦးနေဝင်း၏ ရုပ်သေးများဟုသာ သိထားသော ပြည်သူလူထုကသော်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးက သော်လည်းကောင်း လက်ခံကြတော့မဟုတ်ပါ။

၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းပြီးသည့်အချိန်မှစ၍ သွေးထွက်သံယို မှုနှင့်စခဲ့ခြင်းကို အဲဆုံးသတ်ခြင်းမရှိဘဲ ပို၍ပို၍သာလွန် ကဲလာခဲ့ပါသည်။ ကျောင်းသားများကို ရက်စက်စွာသတ်ဖြတ်ခဲ့ရုံမျှ မကဘဲ လွတ်လပ်ရေးလှုပ်ရှားမှု သမိုင်းဝင် မှတ်တိုင်ကြီးဖြစ်သော ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ အဆောက်အဦကို အဆင်ခြင်ကင်းမဲ့စွာ ဖျက်ဆီးခဲ့ခြင်း၊ မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်ကဲ့သို့သော ပုဂ္ဂိုလ်ကြီးအား ဘဝတစ်ပါးသို့ ပြောင်းသွားပြီးသည်ကိုပင် အာဃာတမလျော့နိုင်ဘဲ အနာဂတ် လူငယ်များ အားကျဂုဏ်ယူနိုင်အောင် ချီးကျူးဂုဏ်ပြုခြင်းမပြုခဲ့သည့် အပြင် ဂုဏ်ပြုလိုသူများကိုပင် ရက်စက်စွာ ပစ်ခတ်နှိမ်နင်းသတ်ဖြတ်ခဲ့ခြင်း၊ အခြေခံ လူတန်းစားကြီးဖြစ်သော အလုပ်သမားများ၏ အကျိုးအတွက် ဆန္ဒပြခဲ့ကြသော အလုပ်သမားကြီးများအား ရက်စက်စွာ သတ်ဖြတ်နှိမ်နင်းခဲ့ခြင်းစသော ကြီးမား သည့် ရာဇဝတ်ပြစ်မှုကြီးများကို ကျူးလွန်ခဲ့ပါသည်။ ပြည်သူတစ်ရပ်လုံး မွဲပြာ ကျပြီး ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးနိုင်ငံအဖြစ်မျိုးသို့ရောက်အောင်ပင် ကိုယ်ကျိုး ရှာခဲ့ကြပြီးသည်ကို အားမရသေးဘဲ လက်နက်မဲ့ ဆန္ဒပြသူ ပြည်သူလူထုကြီးကို မောင်းပြန်သေနတ်များဖြင့် သတ်ဖြတ်နှိမ်နင်းခဲ့ကြပြီး ဖြစ်ပါသည်။

ဤသို့သော အဖြစ်ဆိုးကြီးများကို မျက်ကွယ်ပြု၍ အာဏာကို ဆက်၍ ရယူရန် ကြိုးစားနေခဲ့ကြသည်မှာ ရှက်သင့်ကြောက်သင့်သည်ကို ရှက်တတ် ကြောက်တတ်သော တရားကို လက်ကိုင်ပြုခဲ့ကြသော မြန်မာ့လူ့ဘောင်တွင် မည်သို့ ဆက်၍ မျက်နှာပြကြပါမည်နည်း။

ဤစာစောင်အဆုံးသတ်သည်အထိ နောက်ဆုံးအခြေအနေမှာ ဦးနေဝင်း ၏ ရုပ်သေးဒေါက်တာမောင်မောင်အစိုးရထံမှ နိုင်ငံတော်အာဏာအရပ်ရပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးစောမောင်ဦးဆောင်သည့် တပ်မတော်က ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်တွင် လွှဲပြောင်းယူခဲ့ခြင်းဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီး စောမောင်၏ နိုင်ငံငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ကြေညာချက်တစ်ခုတွင် နိုင်ငံအခြေအနေ ပုံမှန်ငြိမ်သက်လျှင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမည်ဟု ဆိုထားပါသည်။

ယနေ့ကမ္ဘာ့တွင် သိပ္ပံပညာတိုးတက် ထွန်းကားနေသည်နှင့်အမျှ ဆက်သွယ်ရေးစနစ်များကလည်း ကောင်းမွန်လှပါသည်။ မြန်မာနိုင်ငံတွင် မျက်မှောက်ဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်ကို ကမ္ဘာအနှံ့က မြင်တွေ့ကြားသိနေကြပါသည်။

တစ်ပါတီအာဏာရှင်အစိုးရ လက်နက်ဖြင့် ရက်စက်စွာ သတ်ဖြတ်နှိမ်နင်းမှုကို မြန်မာပြည်သူများက လက်နက်မဲ့ဖြင့် ညီညီညွတ်ညွတ် သတ္တိပြောင်မြောက်စွာ ကြံ့ကြံ့ခံဆန့်ကျင်ခဲ့ကြသည်ကိုလည်း မြင်တွေ့ကြား သိနေကြပါသည်။ အသိတရားခေါင်းပါးစွာ အရှက်အကြောက်မဲ့စွာ ဆက်လက်လှည့်စားနေကြမည်ဆိုလျှင် ဗြဟ္မ စိုရ်တရားလက်ကိုင်ထားတတ်ကြသည့် မြန်မာပြည်သူများက သည်းခံနိုင်သည့်တိုင်အောင် ကမ္ဘာ့နိုင်ငံများက လက်ပိုက်ကြည့်နေကြတော့ မည်မဟုတ်ကြောင်းကို နားလည်သင့်ပါသည်။

ပြည်သူ့ဆန္ဒ ပြည်သူ့အကျိုးများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်သူ့မေတ္တာကို ခံယူရရှိနိုင်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းကြရန်မှာ တိုင်းပြည်အုပ်ချုပ်သူတိုင်း၏ ဝတ္တရားပင်ဖြစ်ပါသည်။ ထိုဝတ္တရားပျက်ကွက်ပြီး ပြည်သူကို လှည့်စားပါက သန်းပေါင်းငါးဆယ်ကျော် မြန်မာပြည်သူပြည်သားများသည် လှည့်စားသူများကို အချိန်မရွေး ချေမှုန်းဒဏ်ခတ်နိုင်ကြောင်း အထူးသတိပြုသင့်ပါသည်။

## နိဂုံး

နိုင်ငံတိုင်းတွင် အုပ်စိုးသူ အစိုးရနှင့် အုပ်စိုးခံရသူ ပြည်သူ လူထုဟူ၍ ရှိကြပါသည်။ မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည် ဖြစ်စေ၊ အုပ်စိုးသူနှင့် အုပ်စိုးခံသူတို့အကြားတွင် မျှတသောဆက်ဆံမှုရှိသည့်အခါ၌ နိုင်ငံ၏ တိုးတက်မှု



www.burmeseclassic.com

www.burmeseclassic.com



နှင့် သာယာဝပြောစည်ပင်မှုကို ဖြစ်စေပါသည်။ သက်ဦးဆံပိုင်ဘုရင်များ၏ ခေတ်မှာပင် ယင်းကဲ့သို့ ကောင်းမွန်သော အခြေအနေမျိုးများ တစ်ခါတစ်ရံတွင် ပေါ်ပေါက်ခဲ့ကြောင်းကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် မြန်မာ့သမိုင်း၌ ကျန်စစ်သား၊ ဘုရင့်နောင်စသည့်မင်းများ လက်ထက်မျိုး၌ ဖြစ်ပါသည်။ သို့သော်လည်း ထိုခေတ်မျိုးများမှာ သက်ဦးဆံပိုင်ဘုရင်များ၏ခေတ်တွင် ပေါ်တောင့်ပေါ်ခဲ့သော အရာသာဖြစ်ပါသည်။ "မင်းတို့မျက်စောင်း အကြောင်းသုံးပါးမရှေး" ဟူသော စကားကဲ့သို့ စိတ်မထင်လျှင် မထင်သလို ပြည်သူများအပေါ်တွင် ပြုကျင့်ခဲ့ကြပါသည်။ လူ့အခွင့်အရေးများ ဆုံးရှုံးခဲ့ကြရသည်နှင့် အမျှ လူ့စွမ်းရည်များလည်း မပွင့်လန်းနိုင်ဖြစ်ခဲ့ကြရပါသည်။

သက်ဦးဆံပိုင်ဘုရင်များ၏ ခေတ်ယိုယွင်းလာပြီးနောက် လူ့အခွင့်အရေးများ ရသင့်သလောက် ရရှိလာကြသောအခါတွင် လူ၏ စွမ်းရည်များ မြင့်တက်လာကြပြီး စက်မှုတော်လှန်ပြောင်းလဲမှုခြင်း ပေါ်ပေါက်လာခဲ့ပါသည်။ သမိုင်းဖြစ်ရပ်များအရ လူတို့၏ လွတ်လပ်ခွင့်ကို တစ်နည်းနည်းဖြင့် ချုပ်ချယ်ခံလာကြရသောအခါတွင် လူ့ စွမ်းရည်များ ကျဆင်းသွားခဲ့သည်ကို တွေ့ခဲ့ကြရပါသည်။ မျက်မှောက် ကမ္ဘာတွင်လည်း တစ်ပါတီအာဏာရှင်စနစ်မျိုး ထွန်းကားသည့် နိုင်ငံများနှင့် လွတ်လပ်မှုရှိသော နိုင်ငံများ၏ တိုးတက်မှုများကို နှိုင်းယှဉ်၍ ကြည့်နိုင်ပါသည်။

■

တပ်မတော်အရာရှိဟောင်းတစ်ဦး (သို့မဟုတ်)
ဒုဗိုလ်မှူးကြီးကြည်ဆွေ (ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com

## သူ့လိုလူ (သို့မဟုတ်)အာဏာရှင်ကြီး၏အတွင်းရေးများ စာအုပ်ရေးသားသူ တပ်မတော်အရာရှိဟောင်း ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)၏ ကိုယ်ရေးရာဇဝင်အကျဉ်း

**အမည်** - ဦးကြည်ဆွေ

**မွေးသက္ကရာဇ်** - ၉၊ ဇွန်၊ ၁၉၃၃

**ပညာအရည်အချင်း** - ၁၉၅၇ ခုနှစ်၌ သိပ္ပံ(ရူပဗေဒ)ဘွဲ့ရရှိ

**တပ်မတော်သို့ဝင်ရောက်သည့်နှစ်** - ၁၉၅၈ ခုနှစ်၌ ခမရ-၁၀၆တပ်ကြပ်မှ ဗိုလ်အဆင့်ထိတိုးမြှင့်ခံရ

**အိမ်ထောင်ကျသည့်နှစ်** - ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ဝန်ကြီးချုပ်ဦးနု၏ညီမတစ်ဝမ်းကွဲ၊ စာရေးဆရာမကြီးခင်နှင်းယု၏ ညီမအရင်း ဒေါ်နုနုဆွေ [တွဲဖက်ပါမောက္ခဌာန၊ ဌာနမှူး၊ မြန်မာစာဌာန၊ နိုင်ငံခြားဘာသာ သိပ္ပံ (ငြိမ်း)] နှင့် ထိမ်းမြားလက်ထပ်ခဲ့သည်။ ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် လက်ထပ်ပေးခဲ့ခြင်းဖြစ်သည်။

**သားသမီးလေးဦးထွန်းကား** - (ဦး) တိုးကြည်ဆွေ၊ (ဦး) မိုးကြည်ဆွေ (ဒေါ်) ဒေါက်တာထားကြည်ဆွေ၊ (ဦး) သတိုးကြည်ဆွေ

**တပ်မတော်မှအနားယူသည့်နှစ်** - ၁၉၈၃ ခုနှစ်ဩဂုတ်လတွင် ဗိုလ်ချုပ်ကြီး နေဝင်းမှ ဗိုလ်မှူးချုပ်တင်ဦးအား ရာထူးမှဖယ်ရှားခဲ့ပြီးနောက် ဗိုလ်မှူးချုပ် တင်ဦး၏ တပည့်တစ်ဦးဖြစ်ခဲ့သူ ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)အား တပ်မတော် နှင့် အကောက်ခွန် ဒုညွှန်ချုပ်ရာထူးမှ အငြိမ်းစားပေးခဲ့။

**သူ့လိုလူစာအုပ်ကို ရေးသားခဲ့သည့်အချိန်** - ၁၉၈၈ ခုနှစ် ဩဂုတ်လမတိုင်ခင်

**စာအုပ်အားဖြန့်ဝေခဲ့သည့်ခုနှစ်** - ၁၉၈၈ ခုနှစ် စက်တင်ဘာလ

**ယင်းစာတမ်းနှင့်ပတ်သက်၍**

**ဖမ်းခံရသည့်ခုနှစ်** - ၁၉၈၈ ခုနှစ် နိုဝင်ဘာလ

**ထောင်မှပြန်လွတ်လာသည့်ခုနှစ်** - ၁၉၉၂ ခုနှစ် ဧပြီလ

**ကွယ်လွန်ခဲ့သည့်နှစ်** - ၁၉၉၉ ခုနှစ် မေလ (၁၆)ရက်

www.burmeseclassic.com